www.burmeseclassic.com

# လွှမ်းယားယား

(ဆေးတက္ကသိုလ်)

# ဇနီးချောများ ကွန်ရက်

ပြင်းပြင်းရှရှခံစားမှုအချစ်လုံးချင်းဝတ္ထုသစ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

အမှတ်တရမှတ်တမ်း
ကမ္ဘာပေါ်မှာ
သားသမီးအပေါ်
နားလည်နိုင်စွမ်း အရှိဆုံးသော
အဖေနဲ့အမေ ...။
ဘဝရဲ့အဓိပ္ပာယ်တွေကို
ပိုပြီးလေးနက်လှပ
ပြည့်စုံလာစေခဲ့တဲ့
ဘဝအဖော်မွန် မောင်နဲ့ သမီးလေးကို
အမှတ်တရ မှတ်တမ်းတင်လျက် ...။
လွှန်းထားထား၊ဆေးတက္ကသိုလ်၊



BURMESE CLASSIC .com

# လွှန်းထားထား

## ဆေးတက္ကသိုလ်



# ဇနီးချောများကွန်ရက်



www.burmeseclassic.com

www.burmeseclassic.com







## ရှုးသွပ်ခြင်း

သူ. . .
ကိုယ့် အဆိုတစ်ခု တင်သွင်းချင်တယ်
သူ သဘောတူ၊ မတူ ဖြေနော်
လူတစ်ယောက်ဟာ . . .
သူ့ရဲ့သက်တမ်းတစ်ခုအတွင်းမှာ
ဆယ်ကြိမ်ရှုးသွပ်ဖူးတယ်ဆိုပါစို့
အဲ့ဒီထဲက ငါးကြိမ်ဟာ
အချစ်ကိစ္စကြောင့် ဖြစ်တတ်ပြီး
ကျန်တဲ့ငါးကြိမ်ဟာ
တခြား လူမှုရေးပြဿနာတွေကြောင့်
ဖြစ်တတ်တယ်နော်
အဲ့ဒါ မှန်သလားဟင် . . .

လွန်းထားထား (ဆေးတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# အခန်း ၁



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ရနံ့ချောမျှားအပွဲ


မမဟာယာ၊ အမရာမောင်၊ မဒီပျိုမေ၊ သမ္မျှခင်



www.burmeseclassic.com

www.burmeseclassic.com

# မဓမဝယာ





www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာကနေနိုးတာနဲ့ မာယာက နံဘေးမှာ အိပ်ပျော်နေဆဲဖြစ်တဲ့ ချစ်ခင်ပွန်း "သွင်သစ်ဆန်း" ရဲ့ နဖူးပြင်ကို ခပ်ဖွဖွကလေးနမ်းမွှေး နူတ်ဆက်ပါတယ်။ သူ့မျက်လုံးကလေးတွေ အနည်းငယ်လှုပ်သွားပြီး၊ နူတ်ခမ်းကလေး တွန့်ခနဲ ပြုံးသွားတယ်။

"နိုးပြီလား ချစ်လေး . . ."

"ဟုတ် . . . နိုးပြီ မောင် . . . ထတော့လေ၊ ဆေးရုံနောက်ကျနေဦးမယ်၊ မာယာ breakfast ပြင်ထားလိုက်မယ်၊ မျက်နှာသစ်၊ သွားတိုက်ပြီးရင် လာခဲ့နော်၊ အိမ်သာ နောက်မှတက် . . . သိလား"

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



မမမာယာ့အသံက ချိုချိုဖွဖွကလေးနဲ့ အကြင်နာသဒ္ဒါပိုသံကလေးမို့ လင်တော်မောင်ရဲ့ မျက်နှာပေးက ချိုမြကြည်လင်လို့၊ ပီတိတွေဖြာနေတာလေ။ ဒါဟာ ဇနီးချောအလိမ္မာများတတ်ထားအပ်တဲ့ အထာရသာဂုဏ် ပညာတစ်ခုဆိုပါစို့။ မနက်မိုးလင်းချိန်ဟာ နေ့တစ်နေ့ရဲ့ ပထမဆုံး ကန့်လန့်ကာစ,အဖွင့်ဆိုတော့ အရေးကြီးတယ်လေ။ ဒီအချိန်မျိုးမှာ လေစိမ်းတွေမတိုက်မိစေဖို့နဲ့ နူးနူးညံ့ညံ့ လေပြေညင်းကလေး ခပ်သွဲ့သွဲ့ပေးထားနိုင်မှ တစ်နေ့တာ အဆင်ပြေမှာလေ။

မမမာယာက ရေချိုးခန်းဝင် . . . မျက်နှာသစ်သွားတိုက်ရင်း သူ့အတွက်ပါ သွားပွတ်တံမှာ သွားတိုက်ဆေးကလေး ညှစ်တင်ပေးထားလိုက်တယ်။ ဒါလေးက ဘာမှပင်ပန်းလှတဲ့ အလုပ်တစ်ခုမဟုတ်ပေမယ့်၊ ခင်ပွန်းသည်ရဲ့ချစ်မြတ်နိုးမှုကို ခံယူရရေးမှာတော့ ရလာဒ်တော်တော်ကောင်းတယ်လို့ ဆိုရ မယ်။ သူက အဲဒီလိုလုပ်ပေးရင် အရမ်းသဘောကျတာလား။

"မောင် . . . ဘာစားမှာလဲ . . . ပြောဦးလေ၊ ကောင်မလေးတွေကို စီစဉ်ညွှန်ကြားရဦးမှာ"

"ဒီနေ့ . . . နန်းကြီးသုပ် စားချင်တယ် . . . ချစ်လေး"

"အိုကေ . . . ရစေရမယ်၊ ဆယ်မိနစ်ပဲ"





မမမာယာက ပြုံးပြုံးကလေးဖြင့်ပြောရင်း တစ်ဘက်ခန်းမှာ အိပ်နေဆဲသမီးလေးကို အနမ်းကလေးနဲ့ နှုတ်ဆက်ပြီး

"သမီးလေး . . . ထ . . . ထ ကျောင်းသွားဖို့ ပြင်ဆင်ချိန် ဆယ့်ငါးမိနစ်နော်၊ ဘာစားမှာလဲဖြေပါ"

"မုန့်ဟင်းခါး . . . မေမေ"

"အိုကေ . . . ထမင်းစားခန်းထဲကို အမြန်လာနော်၊ သမီးလေး"

မမမာယာ ထမင်းစားခန်းဆီရောက်တော့ ကောင်မလေးနှစ်ယောက်က ကော်ဖီစက်အသင့်ပြင်ထားနှင့်ပြီ။ မာယာက မောင့်အတွက်နဲ့ မာယာ့အတွက် ကော်ဖီကို ကိုယ်တိုင် နှပ်ပြီးသားလေ။

"ငယ်လေး . . .၊ သွား အောက်ထပ်ကဆိုင်မှာ နန်းကြီးသုပ်နှစ်ပွဲ၊ မုန့်ဟင်းခါးတစ်ပွဲ၊ အမြန်နော် . . .၊ ခုတ်လှေခါးကိုစောင့်မနေနဲ့၊ လှေခါးကနေပြေး၊ ဒါမှ သမီးကိုယ်လုံးလှလာမှာ"

ဝဝကစ်ကစ်နဲ့ ကိုယ်လုံး အင်မတန်လှချင်ရှာတဲ့ ကောင်မလေးကို မြှောက်ပေးပြီး ခိုင်းလိုက်ပြီးတာနဲ့ အကြီးမ,ကို ပန်းကန်တွေ အသင့်ပြင်ထားခိုင်းလိုက်ရဲ့။ မမမာယာတို့ ကွန်ဒို



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်မှာ Shopping Mall ကြီးရှိတာမို့ . . . အဲဒီမှာ စားသောက်ဆိုင်တွေက အဆင်သင့်။ စားချင်တာမှန်သမျှ ဖွယ်ဖွယ်ရာရာ တစ်နေ့တစ်မျိုး မရိုးနိုင်အောင် မှာယူစားလို့ရတာမို့ အိမ်မှာ ချက်စားတာတောင် ခပ်ရှားရှားရယ်ပါ။ မောင်က ဆေးရုံမှာ တစ်နေကုန် တစ်နေကုန်လုပ်၊ ညကျတော့ ကိုယ်ပိုင် ဆေးခန်းထိုင်ရသေးတာမို့ . . . မိုးချုပ်မှပြန်ရောက်တတ်ပေမယ့် မောင်စားဖို့ ညစာက အမြဲ ပူပူနွေးနွေးအဆင်သင့်လေ။ မောင်စားချင်တာကို ဖုန်းနဲ့ဆက်မေးထားပြီး မာယာ စိတ်လိုလက်ရရှိရင်လည်း ချက်ပေး။ မချက်ဖြစ်လည်း ကောင်မလေးကို စီစဉ်ညွှန်ကြားပြီး ချက်စေ။ ဒါမှမဟုတ်ရင်တော့ ဆိုင်ကနေ ဝယ်ပေးထား၊ မောင်ပြန်လာတော့မှ microwave ကလေးနဲ့ ပူပူနွေးနွေး ပြင်ဆင်ပေးရင်း၊ မာယာကိုယ်တိုင်လည်း အခုမှပဲ စားသယောင်၊ ဟန်ဆောင်ပန်ဆောင်ကလေးဝင်စားရင်း၊ မောင့်ရဲ့ ဆေးရုံ၊ ဆေးခန်း အတွေ့အကြုံ သတင်းတွေကို စိတ်ဝင်တစားဟန်နဲ့ နားထောင်ပေးရတယ်။ မာယာ့တာဝန်ပါ။ သမီးလေးက ဆယ်နှစ်ရှိပြီမို့ ILBC မှာ တက်နေပြီ။ ညနေကျရင် ကျူရှင်ဆရာမနဲ့ အိမ်စာတွေလုပ်၊ စာသင်၊ ဆရာမပြန်တော့။ ရေမိုးချိုး၊ ထမင်းစားပြီး စောစော အိပ်ရာဝင်တတ်သူပါ။





မောင်က ကားကို နှစ်စီးဝယ်ထားပေးတာမို့ တစ်စီးက မောင်ယူသွားရင်၊ ကျန်တဲ့တစ်စီးက မာယာနဲ့ သမီးလေးအတွက် ဝေယျာဝစ္စတွေ သုံးရတယ်လေ။ သမီးလေးကို ကျောင်းပို့ပြီးရင် မာယာပဲ သုံးတာများပါတယ်။ တစ်နေကုန် ကားတစ်စီးနဲ့ ချိန်းထားသမျှတွေသွားရ၊ လည်ပတ်ရ၊ ရှော့ပင်ထွက်ရနဲ့ မာယာ့ ခမျာ တစ်နေလုံး အားရတယ်လို့ကို မရှိနိုင်ပါ။ မောင့်ဝင်ငွေက အရမ်းကောင်းတော့ မာယာက အလုပ်, မလုပ်။ မောင်ကလည်း မလုပ်စေချင်။ ချောချောလှလှ . . . ကြော့ကြော့မော့မော့ကလေး ပြင်ဆင်ခြယ်သပြီး၊ ခင်ပွန်းနဲ့ သမီးလေးအပေါ် အချစ်ပို၊ အကြင်နာပို၊ ဂရုစိုက်နိုင်ရင် ရပြီ။ ဇနီးချော အလိမ္မာကလေးဆိုပါတော့လေ။

"ဟား . . . နန်းကြီးသုပ်က ငါးဖယ်နိုင်းချင်းနဲ့ ကောင်းမယ့်ပုံပဲ . . . ချစ်လေးရဲ့"

"ဟဲ ဟဲ . . . မာယာကိုယ်တိုင် ပြင်ဆင်ပေးထားတာကိုး ချစ်သောမောင်ရဲ့၊ မာယာရဲ့ အချစ်တွေ၊ အကြင်နာတွေ ပါ . . . ရောပြီးနယ်ပေးထားတာ သိတယ်မှုလား"

"ဟားဟား၊ အပြောလေးကတော့လေ၊ အဲဒါလေးတွေနဲ့ပဲ. . . ဒီမောင်မှာ အရည်ပျော်နေရတာပါကွာ၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



လေးရော”

“လာပြီဖေဖေ . . . သမီးက မုန့်ဟင်းခါးနော်”

“ပူပူနွေးနွေးလေးပဲ . . . သမီးလေး . . . လာ . . . လာ၊ မြန်မြန်စား”

ထမင်းစားပွဲမှာ သုံးယောက်သားနံနက်ခင်းစာ အတူတကွစားပြီးတာနဲ့ . . . မောင့်အတွက် ရှပ်အင်္ကျီနဲ့ ဘောင်းဘီကို မာယာကိုယ်တိုင်ပဲ ရွေးချယ်ပြင်ဆင်ပေးရပါတယ်။ သမီးလေးက ကျောင်းဝတ်စုံမို့ ရွေးပေးဖို့မလိုဘူးလေ။ အားလုံး အဆင်သင့်ပြင်ဆင်ပြီးတာနဲ့ မောင်က မာယာ့ကိုရော၊ သမီးလေးကိုပါ အနမ်းတွေနဲ့နှုတ်ဆက်ပြီး ကားတစ်စီးစီနဲ့ အသီးသီးထွက်ကြတော့တာ။ မောင်က ပြုံးပြီး လက်ပြနှုတ်ဆက်ရင်း . . .

“enjoy ... your day ချစ်လေး”

တဲ့။ သမီးကို ကျောင်းပို့ပြီးတာနဲ့ မာယာရဲ့ တစ်နေ့တာ စတင်ပါပြီ။ ပထမဆုံး မောင်လက်ဆောင်ဝယ်ပေးထားတဲ့ (တကယ်တော့ မောင့်ကိုဝယ်ပေးဖို့ ပူဆာပေးရတာပါ။ အဟိ . . .) i phone ကလေးနဲ့ သူငယ်ချင်းတွေလည်းဖြစ်တဲ့ မာယာတို့ ဖွဲ့စည်းထားတဲ့ Beautiful wives club ရဲ့ members တွေဆီ ဖုန်းခေါ်ဆက်သွယ်ရတော့တာပါ။



**အမရာမောင်**





www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းနေရင်း ဖုန်းမြည်လာတာမို့ အမရာက bluetooth ကလေးနဲ့ ဖုန်းဖြေလိုက်ပါတယ်။

"မာယာရေ . . .၊ အခုပဲ gym ကနေပြန်လာတာ၊ ရေမိုးချိုးလာပြီးသား၊ ကိုကိုတော့ အလုပ်သွားပြီ၊ သားသားလည်း ဒရိုင်ဘာနဲ့ ကျောင်းလွှတ်ပြီးပြီ၊ ပြော . . . ဒီနေ့ဘာအစီအစဉ်ရှိလဲ၊ ဘယ်မှာဆုံမှာလဲ၊ ဒီက အဆင်သင့်ပဲ"

အမရာ့အသံက ချိုချိုရွှင်ရွှင်ကလေး။ ဆံပင် ကောက်ကောက်လိမ်တွန့်ကလေးကို ဖြစ်သလို စုတင်ထားပြီး ဆံပင် လိမ်လိမ်ကလေးတွေ ကပိုကရိုကျနေတာတောင် လှနေတဲ့ မျက်နှာကလေးကို မှန်ထဲတစ်ချက်လှမ်းကြည့်ရင်း ဖြေနေတာပါ။ မျက်လုံးဝိုင်းကြီးတွေ ရွှဲစက်အောင်လှပြီး အပျိုဘဝတုန်းကတော့ နာမည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မော်ဒယ်လ်တစ်ယောက်ဖြစ်ခဲ့ဖူးပါတယ်။ ကိုကိုနဲ့ ရပြီးတော့ အင်ဂျင်နီယာလည်းဖြစ် . . . ဆောက်လုပ်ရေးလုပ်ငန်းတွေနဲ့ အောင်မြင်ပြီး၊ ဝင်ငွေကောင်းတဲ့ သူဌေးကတော်ကလေးလည်း ဖြစ်လာရော အမရာက မော်ဒယ်ဆက်မလုပ်တော့။ ကိုကိုကလည်း ခွင့်မပြု။ သူက အလွန်သဝန်တိုတတ်တာကလား။ သူ့မိန်းမ ချောချောလှလှကို လူတွေဝိုင်းကြည့်ရင် လုံးဝကြိုက်တာမဟုတ်။ အဲဒီတော့ အမရာကလည်း မလုပ်ရုံပေါ့။ ကိုယ့်ကိုယ်ကို ကြော့မော့နေအောင် ခြယ်သ,ပြင်ဆင်ရင်း တစ်နေ့တစ်နေ့ ပျော်စရာ ပါးစရာတွေ ရှာဖွေရင်းနဲ့ပဲ အချိန်ကုန်ပါတယ်။ တကယ်တော့လည်း တစ်နေ့တစ်နေ့ လည်ရပတ်ရ၊ စကားတွေပြောရ၊ ဝယ်ရခြမ်းရနဲ့ အမရာ့မှာလည်း တကယ်ကိုပဲ မအားနိုင်ပါရှင်။

သားတစ်ယောက်မေမေဆိုပေမယ့် မသိရင် အမရာ့ကို သမင်လည်ပြန်လှည့်ငေးကြရတဲ့အထိ အမရာကလည်း လှပခေတ်မီ ကြော့မော့တုန်း။ ဖက်ရှင်ကျကျ ခေတ်ရှေ့ပြေးနေအောင် ဖက်ရှင်နောက်ကို အသဲအသန် အမိလိုက်နေရတာကိုလည်း ဖတ်ဖတ်ကိုမောစရာ။ တစ်လတစ်လ skin care ဖိုး၊ Beauty Spa မှာ ဆံပင်ကနေ၊ မျက်နှာ၊ ကိုယ်လုံးအလယ်၊ ခြေသည်းလက်သည်း အဆုံး အလှဆင် ဂရုစိုက်ရတဲ့ စရိတ်ကိုက မသေးလှပါ။ အဲဒါအပြင်





ဒီဇိုင်နာလက်အိတ်တွေဖြစ်တဲ့ Louis vuitton, Gucci, Chanel လို အိတ်မျိုးတွေ။ ဒီဇိုင်နာ မျက်မှန်၊ ဖိနပ်တွေအတွက် ဘန်ကောက်လို၊ စင်္ကာပူအထိဝယ်မိတဲ့ လ, မျိုးဆိုရင်တော့ ကိုကို့ကို ရွှန်းရွှန်းဝေနေအောင် မျက်နှာလုပ် ဖားရသလို။ ကိုကိုက ခနဲ့တဲ့တဲ့ကလေးမေးတတ်တယ်။

"အမရာကလေး . . . ပိုက်ဆံတွေဘယ်ကရသလဲ. . . သိလား"

ဆိုတော့ အမရာကလည်း မခေသူမို့ . . .

"ကိုကို့ ကြွေးဝယ်ကဒ်ထဲကပေါ့ရှင်"

လို့ အရွဲ့စားကလေး ပြန်ဖြေတာပေါ့လေ။ ကိုကိုက ဇနီးချောကလေးကို အလိုလိုက်၊ အကြိုက်ဆောင်တ ်သူမို့ အမရာ ပြုံးပျော်ကျေနပ်နေရင် . . . ပြီးရော။ အမရာက မြန်မာပြည်ရဲ့ နာမည်ကြီး ဒီဇိုင်နာတွေဆီမှာလည်း ဝတ်စုံတွေ အမြဲချုပ်ပြီး လှလှပပဝတ်၊ လည်တိုင်ကြော့မှာ အီတလီဖြစ် ပိုးပုဝါ အဆင်ဆန်းဆန်းလှလှ အရောင်အသွေးစုံလင်ကို ပုံသဏ္ဌာန်မျိုးစုံနဲ့ ချည်နှောင်ထားတတ်တဲ့ ဒီဇိုင်းကို အမရာမောင်ရဲ့ မူပိုင်ဒီဇိုင်းအဖြစ် ထွင်ထားသေးတာ။ အသက်က နှစ်ဆယ့်ကိုးရှိလာပြီဆိုတော့ သုံးဆယ်နီးခဲ့ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ Junction 8 သွားကြမယ်လေ၊ နေ့လည်စာကို အဲဒီမှာပဲ တစ်ခုခု စားကြတာပေါ့၊ အမရာ . . . လာခဲ့လေ၊ မဒီနဲ့ သမ္ဘာတို့တော့ ရောက်လောက်ပြီထင်တယ်၊ မာယာလည်း ခုမှသွားတုန်းပါ"

"အိုခိဒို . . . ဆီးယူလေ မာယာ"

×××



မဒီဟုဂျီမေ



သမ္ဘာချင်





www.burmeseclassic.com

www.burmeseclassic.com







Junction 8 ရောက်တော့ ဆုံနေကျ ဆိုင်ကလေး ထဲမှာ သမ္ဘူခင့်ကို ထင်းခနဲတွေ့ရပါတယ်။

“ဟယ်လို . . . ဖလားဝါး၊ တစ်ယောက်တည်းလား၊ ဟိုနှစ်ယောက် မရောက်ကြသေးဘူးလား”

“မလာသေးဘူးတော် . . .၊ အမြွှာနှစ်ကောင်ကို ကျောင်းပို့ပြီးတာနဲ့ ထွက်လာတာ၊ ယောကျ်ားကတော့ ထုံးစံအတိုင်း အစောကြီးပဲ ကုမ္ပဏီကိုလစ်သွားပြီ၊ ဒီနေ့ ဘာအစီအစဉ်ရှိလဲဟေ”

“ဟိုနှစ်ယောက်လာမှပဲ စီစဉ်ကြတာပေ့ါ၊ face bookမှာတော့ messages တွေအများကြီးပဲရောက်နေတယ် ဆရာ၊ အဲဒါတွေလည်း စာပြန်ရိုက်ရဦးမယ်”

မဒီက i phone ကလေးနဲ့ facebook ပေါ်က messages တွေ စစ်နေတုန်းမှာပဲ . . . မာယာနဲ့ အမရာတို့ ရောက်လာကြတယ်။ facebook ပေါ်မှာ (beautiful wife club) ဆိုပြီး fan club ဖွင့်ထားကြတာ အဖွဲ့ဝင်ပေါင်း သုံးထောင်ကျော်ရှောင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာကြတာ မဒီတို့လေးယောက်သား လက်ချင်း မြဲမြဲဆုပ်တွဲပြီး အားပါးတရ ရယ်မောနေကြတဲ့ ဓာတ်ပုံ လှလှတွေကြောင့်ရယ် . . . ပျော်ရွှင်အောင်မြင်တဲ့ အိမ်ထောင်ရေး ဒဿန အဆိုအမိန့် လှလှကလေးတွေကြောင့်ရယ်၊ ပြီးတော့ . . . ကမ္ဘာတလွှမ်း နိုင်ငံတကာက ဇနီးသည်တွေရဲ့ သိလိုသမျှ မေးခွန်းတွေ . . . ပြဿနာ . . . အခက်အခဲတွေကို မဒီတို့ ခေါင်းလေးခေါင်း ပေါင်းပြီး ဖြေရှင်းပေးနေကြတာမို့ အောင်မြင်နေတာ ထင်ပါရဲ့။ အဲဒီ facebook ကလည်း တစ်နေ့တစ်နေ့ အချိန်ကုန်သလား မမေးနဲ့။ ဓာတ်ပုံတွေလည်း အမြဲခေတ်မီနေအောင် Upload လုပ်ရသေးတာ။ ပြီးတော့ Facebook game တွေ၊ လက်ဆောင် အပြန်အလှန်ပို့ရ . . . လက်ခံယူရနဲ့ တစ်ခါဖွင့်လိုက်မိရင် လေးယောက်သား ခေါင်းချင်းဆိုင်ပြီး တော်တော်နဲ့ ပြန်မထွက်နိုင်တော့။ Farm Ville, Cafe world, Mafia Wars ဆိုတဲ့ game တွေက အတော်စွဲသား။

"မဒီ ဘာလဲ Facebook ဝင်နေတာလား၊ လာလေ internet cafe တစ်ဆိုင်ဝင်ပြီး လုပ်ရအောင်"

ဆိုတာနဲ့ နက်ကဖေးဆိုင်ဆီ ဦးတည်မိကြပြီ။ စက်တစ်လုံးမှာ လေးယောက်သားစုထိုင်ကြရင်း မေးထားသမျှ မေးခွန်း





တွေကို ဒိုင်ခံဖြေကြပါတယ်။

"Beautiful wives ရေ၊ မနေ့ညက ကျွန်မနဲ့ ကျွန်မ ယောကျ်ား စကားများ ရန်ဖြစ်ကုန်ပြီ၊ သူ စိတ်ဆိုးပြီး ညတွင်းချင်းပဲ အိမ်ပေါ်ကနေဆင်းသွားတယ်၊ အဲဒါ ကျွန်မ ဘာလုပ်ရမလဲဟင်၊ အကြံဉာဏ်လေးတွေပေးပါဦးနော်၊ တကယ်တော့ သူ ထွက်ပေါက်ရှာသွားတာပါ၊ သူ့မှာ သွားရမယ့်နေရာက အဆင်သင့်ရှိပြီးသားလေ၊ သူ စမောလ်လေး တစ်ယောက်ကို စပွန်ဆာပေးထားတယ်လို့ ကျွန်မ သတင်း အတိအကျ ရထားတာပါ၊ အဲဒီသတင်းကြောင့်လည်း ကျွန်မတို့နှစ်ယောက် ရန်ဖြစ်ကြတာပါ၊ ယောကျ်ားတွေဟာ မတရားဘူးရှင်၊ ကျွန်မမှာတော့ သူနဲ့ ယူပြီးကတည်းက ကိုယ်ပိုင်အချိန်၊ ကိုယ်ပိုင်အတ္တဆိုတာ မရှိတော့လောက်အောင် သူ့အတွက် သားသမီးတွေအတွက် လူမှုရေးကိစ္စတွေကတစ်ဖက်၊ အလုပ်တာဝန်တွေက တဖက်နဲ့ ကိုယ့်ကိုယ်ကို လှလှပပ ဖီးလိမ်းပြင်ဆင်နေဖို့တောင် တကယ်အချိန်မရှိတာပါ၊ လူက ကပိုကရို၊ စုတ်တီးစုတ်ဖတ်နဲ့မို့လား မသိဘူး၊ သူကလေ . . . အနားကိုမကပ်တော့တာ၊ ခိုင်းစရာရှိရင်တော့ အားမနာလျှာမကျိုး အကုန်ခိုင်းတယ်၊ ကျွန်မများ



www.burmeseclassic.com

www.burmeseclassic.com



ယောင်လို့ကပ်သွားမိရင် သက်ကိုယ်က နံလိုက်တာကွာတဲ့၊ ပြောရက်တာနော်၊ ဘာနံ့များနံလို့လဲမေးမိတော့ ဟင်းနံ့တွေနဲ့ ချွေးနံ့တွေတဲ့၊ ကဲ . . . ကျွန်မဆီကနံတဲ့ ဟင်းနံ့ဟာ သူတို့စားဖို့ ချက်ရပြုတ်ရကြော်ရလှော်ရ ဆီသတ်ရနဲ့ စွဲတဲ့ဟင်းနံ့ဆိုတာ သူဘာကြောင့်မသိရတာလဲ၊ ချွေးနံ့ဆိုတာကလည်း တစ်နေကုန်သုတ်သုတ်သုတ်သုတ်နဲ့ ပြေးရလွှားရ ချွေးသံတရွှဲရွှဲနဲ့ဆိုတော့ နံတော့မပေါ့၊ သူကလေ ကလေးတွေရဲ့ တာဝန်၊ ဝေယျာဝစ္စ ဟာဟီရတွေ ဘာကိုမှ ကူညီညာလုပ်ပေးဖော်ရတာ မဟုတ်ဘူး၊ ကျွန်မပဲ အကုန်လုပ်ရတာ၊ စဉ်းစားကြည့် . . . မနက်မိုးလင်းတာနဲ့ ကလေးတွေအတွက် မနက်ခင်းစာတွေ ပြင်ဆင်ပေးရ၊ ထမင်းဗူးတွေကိုယ်စီထည့်ပေးဖို့ ကြော်ရ လှော်ရ၊ ပြင်ဆင်ရ၊ အိမ်ဖော်ကောင်မလေးတွေထားလည်း ခဏာပါပဲ၊ သူတို့ပေးတဲ့ ဒုက္ခကတစ်မျိုး ပိုဆိုးသေး၊ ထားပါတော့ . . . အဲဒါက တကဏ္ဍပါ၊ ပြီးရင် ကလေးတွေကို ကျွန်မပဲ ကိုယ်တိုင် ကျောင်းပို့ရ၊ ပြီးရင် ကျွန်မ အလုပ်ဆီသွား၊ ဟော . . . ညနေကျတော့ ကလေးတွေကို ကျောင်းကနေ ပြန်ကြိုရ၊ ကျူရှင်တွေ အသီးသီး ပို့ပေးရ၊ ညနေချက်ဖို့ပြုတ်ဖို့ ဈေးကို ပြေးရသေး၊





ဝယ်ရ ခြမ်းရ၊ အိမ်ပြန်ပြေးပြီး ချက်ရပြုတ်ရ၊ ပြီးရင် . . . ကလေးတွေကိုကျူရှင်ကနေ ပြေးကြို၊ ညစာ ထမင်းပြင်ဆင်ကျွေး၊ သူပြန်လာတော့ တစ်ခါ ခူးခပ်ပြင်ဆင်ကျွေး၊ ပြီးရင် ပန်းကန်တွေ ဆေးရပြန်ရော၊ ကလေးတွေရဲ့ အိမ်စာတွေကို ကူလုပ်ပေးရ၊ စာကူကျက်ပေးရနဲ့ ကျွန်မမှာ တစ်နေ့တစ်နေ့ အသက်တောင် ဝဝလင်လင် မရှူနိုင်ပါဘူးကွယ်၊ သူကတော့ TV ရှေ့မှာ ဘောလုံးပွဲ ကြည့်ရင်ကြည့်၊ wii sport နဲ့ ဘောလုံးကစား၊ ဂေါ့(ဖ်)ရိုက်ချင် ရိုက်နေတတ်တာ၊ ကျွန်မမှာလေ ပင်ပန်းလိုက်တာ ဖတ်ဖတ်ကိုမောနေတာပဲ၊ ဒီလိုမှန်းသိ အိမ်ထောင်မပြုမိပါဘူးလို့လည်း ခဏခဏ ညည်းမိတယ်၊ ကျွန်မမှာသာ ပင်ပန်းလွန်းလို့ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားတာ . . . အမလေး သူကတော့ လူပျိုကလေးတစ်ယောက်လို 'သ' ပြီးတော့ နေတာဆရာ၊ ကျွန်မလေ သူ့ကို ချစ်လည်း ချစ်ပါတယ်၊ အဆုံးရှုံးလည်း မခံနိုင်ပါဘူး၊ ဘယ်လောက်ပဲ ပင်ပန်းရ ပင်ပန်းရ သူ့ဆီကနေ အလိုက်တသိနဲ့ ကြင်ကြင်နာနာ ယုယမှု၊ နွေးထွေးမှုကလေးတွေ ဟိုးအရင်ကလို ပြန်ရရင် တော်ပါပြီရှင်၊ ကျွန်မ ဘာလုပ်ရမလဲဆိုတာ ဆက်ဆက်ဖြေပေးပါနော်၊ beautiful wives



www.burmeseclassic.com

www.burmeseclassic.com



တို့လေးယောက်စလုံးတော့ မင်းသမီးကလေးတွေလို လှပကြော့မော့နေအောင် ဘယ်လိုများ နေနိုင်ကြပါသလဲရှင်”

အားကိုးလေးစားအတုယူလိုခြင်းများစွာနဲ့ . . .

“ကျော့ရှင်းကြွေ”

တဲ့ . . .။ စာကို ဖတ်ပြီးရင်တော့ လေးယောက်သားထုံးစံအတိုင်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးရင်းပခုံးကလေးတွေ ကိုယ်စီတွန့်ပြမိကြပါတယ်။

“ကဲ . . . ဘယ်သူ့ကို အပြစ်တင်မှာလဲ . . . ဖြေကြပါဦး”

“ကျော့ရှင်းကြွေတဲ့၊ နာမည်လေးကတော့ အလန်းစားပါပဲ၊ လူကတော့ ဘယ်လိုနေမယ်မသိပါဘူး၊ တကယ်တော့ သူ့မှာလည်း အပြစ်မရှိပါဘူးဟယ်၊ သူ့မှာ အပြစ်မရှိဘူးဆိုတော့ သူ့ယောက်ျားကို အပြစ်တင်မလို့လား၊ အဲဒါဆို သူ့အတွက်ပိုပြီး နောင်တ,ရစရာတွေဖြစ်လိမ့်မယ်၊ ယောက်ျားတစ်ယောက်ကို ကိုယ့်ခင်ပွန်းတစ်ယောက်ကို ဘယ်တော့မှ အပြစ်မတင်နဲ့ဆိုတာ သူ့ကို နားလည်အောင် အရင်ရှင်းပြရမှာပေါ့၊ တကယ်ပဲ သူ့ဆီမှာ အပြစ်တွေ တောင်ပုံယာပုံအောင်ရှိဦးတော့ လုံးဝ အပြစ်မမြင်ဘဲ နားလည် သည်းခံ





ခွင့်လွှတ်ချင်ဟန်ဆောင်ထားရမှာ . . . မိန်းမတို့ရဲ့ ပညာပဲ၊ ဟုတ်တယ်မှုလားဟင် . . .”

မာယာက စပြီးတော့ဆွေးနွေးတယ်။ အမရာက ထောက်ခံသလို ပြုံးတယ်။

“ဟုတ်တယ် . . . တို့ သိပ်စိတ်ဆိုးနေတဲ့ အချိန်မျိုးမှာ သူ့ကို လုံးဝ စကားမပြောမိအောင်၊ အပြစ်မတင်မိအောင်၊ မစွပ်စွဲ မိအောင်၊ သူ့ကို နာကျင်စေတဲ့စကားလုံးတွေနဲ့ မစွာမိ အောင် ကိုယ့်ကိုယ်ကို ထိန်းချုပ်ပြီး နေလိုက်တယ်၊ ဒေါသ ပြေသွားပြီဆိုမှ သွေးအေးသွားမှ ကိုယ်ဘယ်လို ခံစားရတယ်ဆိုတာကို သူ့ကို အေးအေးဆေးဆေး ပြောပြလိုက်တယ်၊ အဲဒါဆို သူ့အမှားကို သူ လက်ခံတယ်၊ တို့ ဒေါသထွက်နေတုန်း သူ့ကို အပြစ်တင်ရင် သူ ခေါင်းရှောင်မှာပဲလေ၊ အဲဒါကြီးက ကြာရင် အကျင့်ကြီးတစ်ခု ဖြစ်လာတတ်တယ်၊ ရှောင်ရင်း ရှောင်ရင်းနဲ့ ယောက်ျားက ထွက်ပြေးသူဖြစ်သွားတာပဲ၊ ထွက်ပြေးရင်းနဲ့ သာယာတဲ့ ထွက်ပေါက်တစ်ခုကို အလွယ်တကူ ရှာတွေ့သွားတာပါ၊ အတ္တကြီးပြီး တစ်ကိုယ်ကောင်းဆန်တတ်တဲ့ ယောက်ျား၊ တာဝန်မယူတတ်တဲ့ ယောက်ျားတစ်ယောက်ကို အလိမ်မာသုံးပြီး ဘယ်လို ကိုင်



www.burmeseclassic.com

www.burmeseclassic.com



တွယ်ရမလဲ သိလား . . .”

သမ္ဘူခင်က အဖြေတစ်ခုကို သိထားတဲ့ မျက်နှာပေးကလေးနဲ့ ပြုံးစိစိပြောတယ်။ သမ္ဘူ့ယောကျ်ားက နာမည်ကြီးရုပ်ရှင်ဒါရိုက်တာတစ်ယောက်ပါ၊ ချောပေ့လှပေ့ဆိုတဲ့ နာမည်ကြီးမင်းသမီးတွေ . . . မော်ဒယ်လ်ကလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ကြားကနေ သမ္ဘူ့မှသမ္ဘူ တမ်းတမ်းစွဲ ဖြစ်နေအောင် ကိုင်တွယ်ထိန်းချုပ်ထားနိုင်တယ်ဆိုတာ သမ္ဘူ လှပချောမောနေရုံကလေးသက်သက်ကြောင့် မဟုတ်ဘဲ လိမ္မာပါးနပ်လွန်းသောကြောင့်သာဖြစ်မှာပါ . . .။ သမ္ဘူ့မှာ သမီးချောချောလှလှကလေး နှစ်ယောက်ရှိတာမို့ တစ်ခုခုဆို သူ့ကို ကိုယ်ချင်းစာ နားလည်တတ်အောင်. . .

“ဒါလင်နော် . . . ဒါလင်က သမီးကလေးတွေ မွေးထားတာ၊ ကိုယ့်လက်ထဲမှာ ကိုင်ထားတဲ့ စုတ်တံဆီက အရောင်အသွေးတွေက သမီးလေးတွေဆိုတဲ့ ကင်းဘတ် စ, ဖြူဖြူပေါ်မှာ ဆေးခြယ်ရေးနေသလိုပဲဆိုတာ ဘယ်တော့မှ မမေ့ပါနဲ့၊ ဒါလင် တစ်ခုခု မဟုတ်တာလုပ်တော့မယ်ဆိုရင် သမီးလေးတွေရဲ့ မျက်နှာလေးတွေကို အရင်ဆုံး ပြေးမြင်လိုက်ပါနော်၊ မီးကို မငဲ့ချင်နေပါ . . . သမီးလေးတွေကိုတော့





ငဲ့ပေးပါ”

ဆိုတဲ့ . . . စကားလှလှလေးတွေနဲ့ ချည်နှောင်ထားလိုက်တာ ကိုရွှေဒါရိုက်တာကြီးခမျာ လှုပ်တောင် မလှုပ်ဝံ့ရှာပါဘူး။

“ပြောပါဦး သမ္ဘူရဲ့ . . . ရှင်က ဒါရိုက်တာကတော် ဆိုတော့ ပညာသား ပိုပါတယ်၊ ဘယ်လို ကိုင်တွယ်မှာလဲ၊ တစ်ကိုယ်ကောင်းဆန်ပြီး တာဝန်မယူတတ်တဲ့ ယောကျ်ားကို”

သမ္ဘူက ချစ်စဖွယ် ပါးချိုင့်ကလေးတွေ ပေါ်အောင်ပြုံးပြီး . . .

“အို . . . အလွယ်လေး၊ တာဝန်တွေ ခွဲဝေပေးထားမှာပေါ့ဟယ်၊ ကဲ . . . ကျွန်မကိုပဲကြည့်၊ သူ့ကားရိုက်ရက်တွေနဲ့ ဘယ်လောက်ပဲ မအားမအား အားတဲ့ရက် သမီးတွေကို ကျောင်းကြိုခိုင်းတယ်ကွာ၊ အိမ်မှာ အဖော်နှစ်ယောက် ငှားထားတယ်ဆိုပေမယ့် တာဝန်မှန်သမျှကို သူနဲ့ကျွန်မ ခွဲဝေယူတယ်၊ ဈေးဝယ်တဲ့တာဝန်ကို တစ်ပတ်မှာတစ်ရက်တော့ သူ့ကို ယူခိုင်းတယ်၊ သူကလည်း စာရင်းကောက်ရေးပြီး လိုအပ်တာတွေကို city mart လို နေရာမျိုးမှာ သက်တောင့်သက်သာ ဝယ်တာပါ၊ ဒါပေမယ့် အဲဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



အပြစ်မတင်ပါဘူး၊ ဒါလင်က သိပ်တော်တာပဲ၊ အရမ်းအလိုက်သိတတ်တာပဲ၊ မိန်းမ ပင်ပန်းမှာစိုးလို့ ဈေးကူဝယ်ပေးတယ်တော့ . . . လို့ ချီးကျူးပေးတယ်၊ မြှောက်ပြီးတော့သာ ခိုင်းရင်ဟယ် ယောကျ်ားတွေက ချစ်စရာကောင်းအောင်ကို လုပ်ပေးပါတယ်၊ ရေချိုးခန်း အတူတူ တိုက်မလား၊ အိမ်သန့်ရှင်းရေး လုပ်မလား၊ ဟင်းအတူတူ ချက်ပေးမလား၊ သူ့ကို တော်လိုက်တာလို့သာ ပြုံးပြုံးကလေးချီးကျူးပေး၊ အားလုံးလုပ်ပေးတယ်၊ နယ်တွေဘာတွေထွက်ပြီး ကားရိုက်ရရင်တော့ ခိုင်းလို့ မရဘူးပေါ့ဟယ်၊ အဲဒါဆိုရင်တောင် သူ ဖုန်းဆက်ရင် ဟင့် . . . မီးလေးမှာဒါလင်မရှိလို့ တစ်ယောက်တည်း ပင်ပင်ပန်းပန်း အလုပ်တွေဘာတွေ လုပ်နေရပါတယ်လို့သာ ချွဲချွဲနွဲ့နွဲ့ ဖုန်းထဲမှာထည့်ကျွေးတော့ ခရီးကနေ ပြန်လာတာနဲ့ အထုပ်အပိုးချပြီး . . . 'မီးလေး . . . ဒါလင် ဘာလုပ်ပေးရမလဲဟင်" ဆိုတာနဲ့ လာကာ၊ အဟားဟား . . . မပိုင်ကလား"

သမ္ဘာ့စကားကြောင့် အားလုံး ရယ်မိကြတယ်။ ဟုတ်တော့လည်း ဟုတ်သား။ သမ္ဘာ့ဒါလင် ကိုနီတိက သမ္ဘာ့ကို တုန်နေအောင် ချစ်မြတ်နိုး အလိုလိုက်တာ လူတိုင်းအသိပါလေ။







"ကဲ ကဲ . . . အဲဒါဆိုရင် ကျော့ရှင်းကြွေရဲ့ ပြဿနာကို သမ္ဘာ့ပဲ ဖြေပေးလိုက်တော့ဟာ၊ ဒီပြဿနာက တာဝန် ခွဲဝေယူလိုက်ရင် ပြေလည်သွားမှာ"

"စမောလ်လေးကိစ္စရော . . ."

"စမောလ်ကိစ္စကို အကြမ်းမကိုင်ဘဲ ညင်သာပျော့ပျောင်းတဲ့ အချိုစားနည်းလမ်းကလေးတွေနဲ့ ကိုယ့်ဘက်ပြန်ပါလာအောင် သိမ်းသွင်းဆွဲဆောင်ယူရမှာပေါ့ဟယ်၊ ဒါက တစ်ကဏ္ဍပေါ့၊ ကိုယ့်ယောကျ်ားကို ပြန်ဖြားယောင်း သွေးဆောင်ရဟာ မခက်လှပါဘူး၊ ကိုယ့်ယောကျ်ားအကြိုက်ကို သိဖို့ပဲလိုတယ်"

သမ္ဘာ့က ရယ်ရယ်မောမောပြောရင်း ကျော့ရှင်းကြွေဆီ စာပြန်ရိုက်လိုက်ပါတယ် . . .။

"ချစ်တဲ့ ကျော့ရေ . . ."

ဘာမှ စိတ်ညစ်မနေပါနဲ့ကွယ်။ ကျော့ရဲ့ ပြဿနာကို ကျွန်မတို့ ကူညီဖြေရှင်းပေးနိုင်ပါတယ်။ ကျွန်မတို့ တာဝန်ထားပါ။ ကျွန်မတို့နဲ့ အဆက်အသွယ် မပြတ်စေဘဲ ကျွန်မတို့ အကြံပေးညွှန်ကြားတဲ့အတိုင်း သေသေချာချာ လိုက်နာပေးပါ၊ အားလုံး အဆင်ပြေစေရပါ့မယ်၊ အဲဒါကို ယုံကြည်ထား





www.burmeseclassic.com

www.burmeseclassic.com



နော်၊ ပထမဆုံး ကျော့လုပ်ရမှာက စိတ်ကို လုံးဝ Relax လုပ်ထားလိုက်ဖို့ပါ၊ ပြဿနာအားလုံးကို ခေါင်းအေးအေး၊ သွေးအေးအေးနဲ့ ပညာသားပါပါ ဖြေရှင်းမယ်လို့ တွေးထား လိုက်နော်၊ ပထမဆုံး ကျော့လုပ်ရမှာက ကိုယ့်ကိုယ်ကို ပြုပြင်ပြောင်းလဲပစ်ဖို့ပါ၊ ကျော့ ဘယ်လို ပုံသဏ္ဌာန်ရှိမလဲဆို တာတော့ ကျွန်မတို့ မသိဘူး၊ ဖြစ်နိုင်ရင် ကျော့ရဲ့ profile photo မှာ တင်ထားပေးပေါ့၊ အလှပြင်ဆိုင် တစ်ခုဆီ အရင် သွားပါ၊ ပိုက်ဆံတော့ နည်းနည်းကုန်မယ်၊ ဒါပေမယ့် အကုန် ခံရကျိုးနပ်ပါလိမ့်မယ်၊ ဆံပင်ပုံစံကို ပြောင်းလိုက်ပါ၊ ကာလာ ကလေးပါ ပြောင်းလိုက်ပေါ့၊ မျက်နှာကိုလည်း ခပ်ပါးပါး ကလေး ပြင်ဆင်ခြယ်သ,တတ်ပါစေ၊ အကျီ အဝတ်အစား ဒီဇိုင်းကိုပါ ပြောင်းလဲပစ်လိုက်ပါ၊ ဖြစ်နိုင်ရင်တော့ ကျွန်မတို့ ကိုယ်တိုင် လူချင်းဆုံပြီး စိတ်ကြိုက် ပြုပြင်ပြောင်းလဲပေး ချင်တာပါ၊ ဒါပေမယ့် ကျော့ဘက်မှာရော ကျွန်မတို့ ဘက်မှာ ပါ အဲဒီလောက် အချိန်မပေးနိုင်ကြဘူးလေ၊ ဒီဇိုင်နာတစ် ယောက်နဲ့ တိုင်ပင်ပြီး ပြင်ဆင်နိုင်ပါတယ်နော်၊ ကျော့ကိုယ် ကျော့ လုံးဝ ပြောင်းလဲသွားပြီလို့ ယူဆတဲ့အခါ သူနဲ့ သွား တွေ့ဖို့ ကြိုးစားပါ၊ သူ့ဆီက အံ့ဩမှုကို မြင်ရတဲ့အခါ သူ့ကို





အလှဆုံး ပြုံးပြလိုက်ပါ၊ အဲဒီအချိန်မှာ သူ့ကို အပြစ်တင်တဲ့ စကား၊ စကားနာထိုးတဲ့စကား၊ ငြူစူစောင့်အောင့်မိတဲ့ စကားမျိုး ယောင်လို့တောင် မထွက်မိပါစေနဲ့ကွယ်၊ သူ့ကို ဘယ်လောက် ချစ်မိတဲ့အကြောင်း၊ ဘယ်လောက် လိုအပ်တဲ့ အကြောင်းနဲ့ ကျော့ကို နားလည်ခွင့်လွှတ်ပေးဖို့ ပြောလိုက်ပါ၊ သူ ရှက်သွားပါလိမ့်မယ်၊ ဒါပေမယ့် သူ ဝန်ခံမှာတော့ မဟုတ်သေးဘူးပေါ့လေ၊ စိတ်မလောပါနဲ့၊ စိတ်ကို ပေါ့ပေါ့ ပါးပါးလေးပဲ ထားပါ၊ tension ကြီးနဲ့ မနေပါနဲ့၊ ရယ်ရယ် မောမော ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ ကလေးတွေက သူတို့ဖေဖေ ကို ဘယ်လောက်လွမ်းနေတဲ့အကြောင်း အိမ်ပြန်လာဖို့ မျှော်နေတဲ့အကြောင်း ပြောပြလိုက်ပါ၊ သူ ပြန်လာမှာပါ၊ သူ ပြန်လာပြီးတာနဲ့ ချက်ချင်းကြီး သူ့ကို ဖိအားမပေးပါနဲ့၊ လူတစ်ယောက်ကို ချစ်တယ်ဆိုရင် သူ့ကို လွတ်မြောက်ခွင့် ပေးလိုက်ပါ၊ စွန့်လွှတ်သလိုမျိုးပေါ့ ကျော့ရယ်၊ သူ့ကို လွတ်လွတ်လပ်လပ် လွှတ်ပေးထားသလိုလိုနဲ့ ကိုယ်က ရစ်လုံးကလေးကို လက်ညှိုးကလေးနဲ့ အသာ ကစားပြီး လိုသလို ကစားရင်း ကြိုးကိုင်ထားတတ်ရမှာပါ၊ သူ့ကို တာဝန်ကလေးတွေ မသိမသာကလေး ခွဲပေးပါ၊ ဥပမာ



www.burmeseclassic.com

www.burmeseclassic.com



... ကလေးတွေ ကျောင်းကြိုပို့တာ၊ ကျူရှင်ကြိုပို့တာမျိုးလေးတွေကို ချိုချိုသာသာကလေးနဲ့ သူ့ကို မြှောက်ပင့်ပြီးခိုင်းပါ၊ သူမှ မလုပ်ပေးရင် ကျော့ ဘယ်လောက် ပင်ပန်းသလဲဆိုတာမျိုး ချိုနွဲ့နွဲ့ကလေး ပြောပြပေါ့၊ ဟင်းအတူတူချက်တာမျိုး၊ ဈေးဝယ်တဲ့တာဝန်ကို ရက်ခွဲပြီး မျှယူခိုင်းတာမျိုး၊ သူ ဘောလုံးပွဲကြည့်တာကို မငြူစူဘဲ ဘောလုံးပွဲကြည့်ရင်း မီးပူကလေး တိုက်ပေးဖို့ ပြေပြေပစ်ပစ် တောင်းဆိုတာမျိုး လုပ်ကြည့်ပါ ကျော့၊ အဓိက,က language ပါပဲ၊ ချိုချိုသာသာကလေးပြောရင် သူ နားဝင်ချိုရင် ကျော့ခိုင်းတာကို သူ ငြင်းမှာ မဟုတ်ပါဘူး၊ စမ်းကြည့်နော် ...၊ ထူးခြားလာတာတွေကို ကျွန်မတို့ဆီ သတင်းပြန်ပို့ဦးပေါ့၊ စိတ်ဝင်တစားနဲ့ မျှော်နေမှာပေါ့နော် ..."

ချစ်တဲ့ **Beauty wives**

သမ္ဘာ့အဖြေကို အားလုံးက သဘောတကျ ရှိကြတယ်။ facebook မှာ အချိန်ဖြုန်းပြီးရင် လေးယောက်သား Junction 8 ထဲ လှည့်ပတ်မွှေနှောက်ဝယ်ခြမ်းရင်း အချိန်တွေကုန်သွားလိုက်တာ။ သားသမီးတွေ ကျောင်းကြိုချိန်ရောက်မှပဲ လူစုခွဲဖြစ် တော့တာလေ ...။



# အခန်း ၂



www.burmeseclassic.com

www.burmeseclassic.com

# ကျော့ရှင်းကြွေ





www.burmeseclassic.com

www.burmeseclassic.com



ကျော့တစ်ယောက် ကိုယ့်ပုံသဏ္ဍာန် ကိုယ် မှန်ထဲမှာပြန်ကြည့်မိပါတယ်။ ဆံပင်တွေက ဖရိုဖရဲ၊ မညီမညာ စုတ်တိစုတ်ဖွားကို ဖားပါးစပ်လို ကလစ်ကြီးတစ်ခုနဲ့ ဖြစ်သလို ထိုးညှပ်ထားတာမို့ ဆံမျှင်မွေးတွေက အမွှားအမွှား ဖြာနေတော့တာ။ ခေါင်းလျှော်ဖို့ တစ်ပတ်မှာ တစ်ရက်တောင် မပေးနိုင်တာမို့ ဆံပင်တွေက ဆီတွေထွက်ပြီး ပြားကပ်သွေ့ခြောက်နေတာ။ အနံ့ကလည်း ကိုယ်တိုင်တောင် ပြန်ရနေတာမို့ တခြားသူတွေလည်း ကျော့ ဆီက အနံ့ကို ရမှာမလွဲ။ ဟော . . . မျက်နှာကိုကြည့်ဦးမလား။ အမြဲတမ်း ပင်ပန်းပျာယာခတ်နေပြီး ချွေးတရွှဲရွှဲနဲ့မို့ မျက်နှာက အဆီတဝင်းဝင်း လက်နေတတ်တာ။ တစ်ခါတစ်ခါ ဝက်ခြံပေါက်ရင် တော်တော်နဲ့ မပျောက်နိုင်။ ဝက်ခြံတွေက အညှော်တွေမိပြီး ဖူးယောင်လို့များနေရင် ကြည့်ရက်စရာကို မရှိ။ နှုတ်



www.burmeseclassic.com

www.burmeseclassic.com



ခမ်းကို ဆေးမဆိုးဖြစ်တော့တာ ဘယ်လောက်ကြာခဲ့ပြီလဲဆိုတာ မှတ်တောင် မမှတ်မိချင်။ နှုတ်ခမ်းဆိုးဆေး အသစ် မဝယ်ဖြစ်တော့တာကိုပဲကြည့်။ Skin Care မသုံး၊ မိတ်ကပ်မသုံး၊ မျက်နှာပြောင်သလင်းနဲ့ ကျော့။ body spray တို့၊ ရေမွှေးတို့ deodorant တွေ သုံးလေ့မရှိတတ်တဲ့ ကျော့၊ ကလေးနှစ်ယောက်ရဲ့ တာဝန်၊ ခင်ပွန်းရဲ့တာဝန်တွေကြားမှာပဲ စုံးစုံးမြုပ်မတတ် နစ်နေခဲ့တဲ့ ကျော့ရဲ့ ရလာဒ်ဟာ နောက်ဆုံးကျတော့ ခင်ပွန်းက စွန့်ပစ်ချန်ထားရစ်ခဲ့ချင်စရာ စက္ကူစုတ်တစ်စလို ဘဝမျိုးတဲ့လား . . .။ ဟင့်အင်း . . .။ အဲဒီလို မဖြစ်စေရပါ။ ကျော့ သူ့ကို အရမ်းချစ်ပါတယ်။ သူ ဘယ်လောက်ပဲ တစ်ကိုယ်ကောင်းဆန်ဆန်၊ သူ့အတွက်ပဲ သူကြည့်ပြီး ကျော့အပေါ် တစ်စက်ကလေးမှ မငဲ့ညှာ၊ မထောက်ထားတဲ့တိုင်အောင် ကျော့ သူ့ကို ချစ်နေဆဲပါပဲ။ ကျော့နံဘေးမှာ သူ့ကို လိုအပ်နေဆဲပါပဲ။ သူ့ဆီက အလိုက်တသိ၊ ယုယကြင်နာမှုတွေကို တမ်းတမက်မောနေမိဆဲပါပဲ . . .။

သူ စွန့်ပစ်ချိန်ထားရစ်တဲ့ဘဝမှာ ကျော့တစ်ယောက် အရူးမီးဝိုင်း ဆွေ့ဆွေ့ခုန်နေခဲ့ပြီး ဘာလုပ်ရမှန်း မသိခဲ့။ နောက်တော့ ရုံးက သူငယ်ချင်းတစ်ယောက်ဆီမှာ အားကိုးတကြီး ဖွင့်ဟတိုင်ပင်တော့မှပဲ သူမက Facebook မှာ နာမည်ကြီးနေတဲ့





beautiful Wives Club ဆိုတဲ့ အဖွဲ့အကြောင်းကို သတင်းပေးခဲ့တာ။ အဲဒီအဖွဲ့က မိန်းမချောလေးယောက် ပါဝင်ပြီး ကိုယ့်ခင်ပွန်းတွေကို ဘယ်လိုအထာရသာ၌တွေနဲ့ ဆွဲဆောင်သိမ်းသွင်းထားရမလဲ . . . ဆိုတဲ့ အိမ်ထောင်ရေး ပုစ္ဆာတွေကို ကူညီဖြေရှင်းပေးနေတဲ့ အဖွဲ့တစ်ဖွဲ့ဖြစ်တယ်လို့ ဆိုပါတယ်။ ရှင်းရှင်းပြောရရင် ကျော့မှာ facebook လုပ်ဖို့ အချိန်ဆိုတာ မရှိခဲ့။ ခုတော့ ဘဝအရေးနဲ့ ချီလာပြီမို့ သူငယ်ချင်း ညွှန်ကြားသင်ပြတဲ့အတိုင်း Facebook Account တစ်ခု ကမန်းကတန်းဖွင့်ပြီး beautiful wives club ဆီ အားကိုးတကြီး အကူအညီတောင်းမိတော့တာပါ။ ဘာမှမကြာ . . .။ အဲဒီအဖွဲ့က ချက်ချင်း စာပြန်ပြီး စီစဉ်ညွှန်ကြားလာတာမို့ ကျော့မှာ သူတို့ညွှန်ကြားတဲ့အတိုင်း စမ်းသပ်လိုက်နာကြည့်ရုံမှတပါး တခြားနည်းလမ်းလည်း မရှိတော့တာမို့ သူတို့ပြောသလိုလုပ်ကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

"မေမေ . . . သားတို့ ကျောင်းနောက်ကျနေပြီ"

လို့ . . . သားကြီးက လာပြောမှ မှန်ရှေ့ကနေ ကမန်းကတန်းခွာ . . . ဆလင်းဘက်ဆွဲပြီး ကားဆီ ပြေးခဲ့မိတယ်။ သားနှစ်ယောက်က ကားပေါ်ကနေ ကျော့ကို တအံ့တသြ အကြည့်တွေနဲ့ ကြည့်နေတာကို ဂရုမစိုက်နိုင်အား။ စိတ်တွေတဝေဝေ



www.burmeseclassic.com

www.burmeseclassic.com



တထွေထွေနဲ့ အိတ်ထဲ နှိုက်ရှာနေတဲ့ ကားသော့ဆီပဲ အာရုံက ရောက်နေတာ။ သားတွေက တခွိခွိ ရယ်သံနဲ့ အတူ . . .

"မေမေ . . . မေမေ ဒီအတိုင်း ရုံးသွားမလို့လား၊ ထမီ လည်း မပါဘူး၊ အောက်ခံစကပ်ကြီးနဲ့"

လို့ . . . ဆိုတော့မှ ကျော့ ကိုယ့်ကိုယ်ကိုယ် ကပျာကရာ ငုံ့ကြည့်မိပြီး ဟိုက်ခနဲ အော်ရင်း အိမ်ပေါ် သုတ်ခြေတင် ပြန်ပြေးရပါတယ်။ ကဲ . . . ဖြစ်ပုံကိုသာ ကြည့်တော့။ စိတ်တွေ ဘယ်လောက် ယောက်ယက်ခတ် ထွေပြားနေပြီလဲဆိုတာ။ ရုံးသွားဖို့ ထမီတောင် မပါချင်တော့။ အခန်းထဲ ပြန်ဝင်ပြီး ထမီတစ်ထည် ကမန်းကတန်း ကောက်စွပ်ပြီးမှ ကားပေါ်တက် မောင်းထွက်လာ ခဲ့ရပါတယ်။ သားနှစ်ယောက်ကို ကျောင်းပို့ခဲ့ပြီးတာနဲ့ ရုံးကို ဖုန်းလှမ်းဆက်ပြီး ဒီနေ့ နေမကောင်းလို့ ရုံးမတက်နိုင်တော့ကြောင်း ဖျားနာခွင့်ကို မတင်စဖူး ပထမဆုံးအကြိမ် တင်လိုက်မိတယ်။ ကျော့ကိုယ်ကျော့အတွက် အချိန်ယူ ပြင်ဆင်ရဦးမယ်လေ။ ကိုယ့် ခင်ပွန်း တစ်ယောက်လုံးကို အဆုံးရှုံးမခံနိုင်သေးတော့ ကိုယ့်ဆီ ပြန်လာအောင် တတ်နိုင်သမျှ နည်းနာနိသယျတွေနဲ့ ကြိုးစားအား ထုတ်ရပါဦးမယ်။

ရန်ကုန်မြို့မှာ Beauty spa ခတွ ဘယ်နေရာ ကောင်း





မှန်းလည်း ကျော့မသိ။ စိတ်လည်း မဝင်စားခဲ့။ သူငယ်ချင်းကို မေးကြည့်တော့ စမ်းချောင်းထဲက မဋ္ဌူက နာမည်ကြီးသတဲ့။ ဆိုင် ရှိတဲ့နေရာကို ညွှန်ပေးလိုက်တာမို့ သူမ ညွှန်တဲ့အတိုင်း စမ်းချောင်း ထဲက နာမည်ကြီး မဋ္ဌူ Beauty Salon ဆီ ရောက်သွားပါရော။ ကံကောင်းချင်တော့ အရမ်းသဘောကောင်းလွန်းတဲ့ ဆိုင်ပိုင်ရှင်မမနဲ့ တန်းတန်းမတ်မတ် တွေ့ခွင့်ရတာပါ။

"ညီမလေး ဘာလုပ်ချင်လို့လဲ၊ ဘာလုပ်ပေးရမလဲ ဟင်"

"အစ်မရယ် . . . ဖြစ်နိုင်ရင်တော့ အားလုံး ပြောင်းပေးပါ နော်၊ ပိုက်ဆံ ကုန်ချင်သလောက် ကုန်ပါစေ"

လို့ . . . ကျော့ကပြောတော့ မမက အားပါး တရပြုံးပြီး . . .

"ဩော် . . . ဒီလိုလား၊ စိတ်ချ ညီမလေးရေ၊ ဆံစ,ကနေ ခြေဖျားထိ လုံးဝ ပြောင်းလဲသွားစေရမယ်၊ အိမ်က လူတောင် မမှတ်မိဘဲ ဖြစ်သွားဦးမယ် သိလား၊ ကဲ ဖြိုးရေ . . . ဒီညီမလေးကို ဆံပင်ညှပ်မယ်၊ ကာလာဆိုးမယ်၊ မျက်နှာ ပေါင်းတင်မယ်၊ တစ်ကိုယ်လုံး ပေါင်းတင်မယ်၊ ခြေသည်း လက်သည်းတွေ အလှခြယ်မယ်၊ သေသေချာချာ စပါယ်ရှယ် လုပ်ပေးနော် သမီး၊ ပုံစံ လုံးဝ ပြောင်းပြီး လန်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



ပစေ”

လို့ . . . ဆိုပါတယ်။ မဥ္ဇူဆိုင်တွေက နာမည် အရမ်းကြီးပါတယ်။ စမ်းချောင်းထဲမှာတင် ဆိုင်ခွဲတွေလည်း များသလောက် ဖွင့်သမျှ ဆိုင်တိုင်းမှာလည်း လူတွေက စည်ကားနေတာ ဆက်ဆံရေး ကောင်းလွန်း၊ သဘောကောင်းလွန်းလို့ကို ဖြစ်မှာ။ ကျော့မှာ စိတ်ကို အတတ်နိုင်ဆုံး လျှော့ထားလိုက်ပြီး မျက်လုံးကလေးတွေ မှိတ်ထားပြီး ငြိမ်ငြိမ်သက်သက် ခံယူပါတယ်။ တစ်နေ့ကို ကုန်တာပါပဲ . . .။ သားတွေ ကျောင်းကြိုအမီပြီး သွားလို့ တော်ပါသေးရဲ့။ အချိန်ကုန်ရကျိုး ငွေကုန်ရကျိုးလည်း နပ်ပါတယ်။ အားလုံးပြီးသွားချိန်မှာ ကျော့ကိုယ်ကျော့ မှန်ထဲ ကြည့်မိတော့ ခါတိုင်းလို ပင်ပန်းရုပ်ဆင်နေတဲ့ ငြီးငွေ့စရာ ခပ်တုံးတုံး မိန်းမတစ် ယောက်နေရာမှာ ခေတ်မီနုပျိုလန်းဆန်းတဲ့ မိန်းတစ်ယောက်အဖြစ် ပြောင်းလဲအသက်ဝင်လို့ပေါ့။ ဆိုင်ရှင်မမက ကျော့ကို မိတ်ကပ် လိမ်းနည်းက အစ သင်ပေးလိုက်ပါသေးတယ်။

“အဝတ်အစား အပြင်အဆင်လေးပါ ညီမလေး ပြောင်းပစ်လိုက်၊ ရိုးရိုးတုံးတုံးကြီး မဝတ်နဲ့၊ ကိုယ့်မျက်နှာကလေးက လှပြီးသား၊ Shopping mall တွေမှာ လှည့်ပတ်ကြည့်၊





ကိုယ့်အရွယ် သူများတွေ ဘယ်ပုံဝတ်ကြသလဲ မသိမသာကလေး လေ့လာပေါ့၊ ရိုးရိုးရှင်းရှင်းနဲ့ လှတဲ့ ဒီဇိုင်းလေးတွေ အများကြီးပါ ညီမရဲ့၊ ဆိုင်တွေမှာလည်း တချို့က အကြံပေးတတ်ကြပါတယ်၊ ကိုယ်နဲ့ လိုက်မှာလေးတွေ ရွေးဝတ်ကြည့်ပေါ့၊ ဆိုင်ကိုလည်း နှစ်ပတ်တစ်ခါလောက်တော့ လာပေါ့ ညီမရယ်၊ ဆံပင်တို့ အသားအရေတို့ဆိုတာ ပုံမှန်ဂရုစိုက်ပေးနေမှ အသွေးအမွေး ပြောင်းလဲတာ”

စသဖြင့် စိတ်ရှည်လက်ရှည် အကြံတွေပေးပါသေးတယ်။ ကျော့ဆံပင်လေးတွေက မဟော်ဂနီရောင် ပြောင်နေပြီး အထပ်ထပ်အဖွာဖွာကလေးတွေမို့ ကြည့်လို့တော်တော် ကောင်းပါတယ်။ နှုတ်ခမ်းအဆီ အရောင်ရွှဲရွှဲကလေးနဲ့ မျက်နှာပေါ်မှာ မိတ်ကပ်ပါးပါးကလေး တင်ပေးလိုက်သလို မျက်လုံးကိုလည်း ခပ်ပါးပါးခြယ်၊ မျက်တောင်ဆိုးဆေး နက်န[illegible]ာလေးနဲ့ ကော့ပေးလိုက် တဲ့အခါ ခါတိုင်းလို မှုန်သီမှုန်ရီ မျက်ဝန်းမှုန်ဖျော့တွေနေရာမှာ ရွှန်းစိုတောက်ပတဲ့ မျက်ဝန်းလက်လက်တစ်စုံ ဖြစ်လာခဲ့တာမို့ ကျော့မျက်နှာက ချက်ချင်း လင်းလက်လှပသွားသလို . . .။ တခြားသူမပြောနဲ့။ သားတွေကို သွားကြိုတော့ သားတွေကတောင် တအံ့တသြ . . .။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . မေမေ အရမ်းလန်းနေပါလား၊ သားတို့ တောင် မမှတ်မိဘူး"

လို့ . . . ဆိုကြပါတယ်။ ကျော့ အသာပြုံးမိတယ်။ ဒါဟာ ပြောင်းလဲခြင်းရဲ့ အစပဲဆိုပါစို့။ ရုပ်ပိုင်းဆိုင်ရာ အပေါ်ယံ ပြောင်းလဲခြင်းတွေနဲ့တင် မလုံလောက်သေးဘူးလေ။ ကျော့ရဲ့ စိတ်တွေကိုလည်း ပြင်ရမယ်။ လူ့ဘဝက တိုတိုကလေးရယ်။ နေခွင့်ရတဲ့ အခိုက်အတန့်ကလေးမှာ ကိုယ်ချစ်တဲ့ ခင်ပွန်းရယ်၊ သားတွေရယ်နဲ့ ပျော်ပျော်ရွှင်ရွှင်ပဲ နေသွားချင်တယ်လေ . . .၊ တစ်ယောက်တည်း ဒိုင်ခံ တာဝန်တွေယူပြီး အလုပ်တာဝန်တွေရဲ့ ဖိစီးမှုတွေ စုခံယူပြီး လင်ယောကျ်ားနဲ့ သားတွေအပေါ် ပြစ်တင် ပြုစုမိခြင်းရဲ့ ရလာဒ်ဟာ မလှပတာကို သိခဲ့ပြီလေ။ ဒါကြောင့် သူတစ်ပါးကို ပြင်ယူဖို့ထက် ကိုယ့်ကိုယ်ကိုယ် အရင်ပြင်ဆင်ဖို့ ကျော့ ကြိုးစားရပါမယ်။ အဲဒီအတွေးကို ကျော့ဆီရောက်အောင် သွယ်ဝိုက် ပြီး ပို့ဆောင်လမ်းပြပေးခဲ့သူကတော့ ဇနီးချောများအဖွဲ့ ဆိုပါတော့ လေ။

xxx







တစ်ပတ်လောက် အချိန်ယူပြီး ကျော့ရဲ့စိတ်ကို ပြင်ဆင်ယူရပါတယ်။ အဝတ်အစား ဒီဇိုင်းကိုလည်း သပ်သပ် ရပ်ရပ်၊ လှလှပပကလေးတွေ ဝယ်ဝတ်တယ်။ မျက်နှာကလေးနဲ့ ဆံပင်ကို အချိန်ပေးပြီး ပြင်ဆင်တယ်။ ပူပင်သောကတွေ၊ စိုးရိမ် စိတ်တွေ၊ ပြုစုပြစ်တင်စိတ်တွေကို အဝေးကို လွှင့်ပစ်လိုက်တယ်။ အဲဒီစိတ်တွေ အဝင်မခံတော့ဘူးလေ။ အကျိုးမှ မပေးတာ။ အဲဒီတော့ ဝင်လာတာနဲ့ မောင်းထုတ်ပစ်လိုက်တယ်။ ကိုယ့်ကိုယ် ကိုယ် စိတ်ချမ်းသာအောင်ထားတယ် . . .။ ပျော်ပျော်နေတယ်။ သားတွေနဲ့ ရောရောနှောနှော၊ ရယ်ရယ်မောမော စကားတွေပြော တယ်။ သူတို့ကို ကစားကွင်းတွေဆီ လိုက်ပို့ပေးတယ်။ ယောကျ်ား ပြန်မလာတဲ့အတွက် နေနိုင်ရက်လေခြင်း၊ ရက်စက်လိုက်လေခြင်း ဆိုပြီး ဒေါမနဿတွေ ပွါးပြီး စိတ်ဓာတ်ကျမနေချင်ဘူး။ ခုချိန်မှာ ကျော့ကိုယ်ကျော့ ပြုပြင်ပြောင်းလဲကြည့်နေတာလေ။ ရင်ဆိုင်ဖို့ အဆင်သင့် ဖြစ်ပြီဆိုတဲ့ တစ်နေ့မှာ ကျော့ သူ့ဆီသွားမယ်။ လောကမံဆိုတာ ပြက်လုံးတစ်ခုလိုပဲ သဘောထားတယ်ကွယ်ဆိုတဲ့ မျက်နှာထားမျိုးနဲ့ကို သူ့ဆီ သွားမှာပါ။ သူ ပစ်ထားခဲ့တော့ မှာလားဆိုတဲ့ အားငယ်နိမ့်ကျတဲ့ နာကျင်စိတ်၊ ငါ့မှာတော့ တစ်ယောက်တည်း၊ သူကျတော့ အငယ်လေးဆီမှာ သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ်ယစ်မူး အပျော်ရှာနေတယ်လို့လည်း အပြစ်တင်ချင် စိတ်မရှိချင်တော့။ ဖြစ်လာသမျှကို အကောင်းဆုံး ရင်ဆိုင်မယ်ဆိုတဲ့ စိတ်ကိုပဲ မွေးပါတယ်။

တကယ်တမ်းကျတော့ ကျော့ သူ့ကို တကူးတကကြီး သွားတွေ့စရာတောင် မလိုခဲ့ပါဘူး။ မမျှော်လင့်ဘဲ ပက်ပင်းကြီးကို သွားတွေ့ခဲ့တာပါ။ ကန်တော်ကြီး မျှော်စင်ကျွန်းထဲမှာ စတော့ရှိုးပွဲရှိတာမို့ သားတွေက ကြည့်ချင်လှချည့်ဆိုလို့ လိုက်ပို့မိတာပါ။ သူ့ကို ကျော့က အရင်စမြင်တာ။ သူ့ ဘေးနားက လန်ပျံထွက်နေတဲ့ ဒီဇိုင်းအမိစားနဲ့ ခပ်ငယ်ငယ် ကောင်မလေးတစ်ယောက်ကို လက်ချင်းတွဲဆုပ်ထားတာ မြင်လိုက်ရတော့ ရင်ထဲကို ကျဉ်စက်နဲ့ အတို့ခံလိုက်ရသလိုပဲ ဆတ်ဆတ်ခါ နာသွားတာလေ။ ချက်ချင်းကို မျက်ဝန်းတွေ ပြာဝေပြီး မိုက်ခနဲ ဖြစ်သွားမိတာ။ ကဆုန်ပေါက်သောင်းကျန်း ရိုင်းပျချင်တဲ့ စိတ်ရိုင်းကြီးက ဖြုန်းခနဲ ချက်ချင်း ဝင်လာသေးတာ။ အဲဒီကောင်မလေးကို ခပ်ကြမ်းကြမ်း ရိုက်နှက် အရှက်ခွဲပစ်လိုက်ချင်တာ။ ဒါပေမယ့် စိတ်ကိုချက်ချင်းပဲပြန် ထိန်းချုပ်ပါတယ်။ အဲဒီခဏမှာ အလွတ်ရမတတ် အကြိမ်ပေါင်းများစွာ ဖတ်ထားခဲ့ပြီး . . . ရင်ထဲစွဲနေတဲ့ ဇနီးချောများ အဖွဲ့ရဲ့ သတိပေးစကားလေးတွေက အစီအရီပေါ်လာခဲ့တာ။ "ပြဿနာ





အားလုံးကို ခေါင်းအေးအေး သွေးအေးအေးနဲ့ ပညာသားပါပါ ဖြေရှင်းမယ်လို့ တွေးထားလိုက်နော်" ဆိုတဲ့ စကား။ "သူ့ဆီက အံ့ဩမှုကို မြင်ရတဲ့အခါ သူ့ကို အလှဆုံး ပြုံးပြလိုက်ပါ။ အဲဒီအချိန်မှာ သူ့ကို အပြစ်တင်တဲ့စကား ငြူစူဆောင့်အောင့်မိတဲ့ စကားမျိုး ယောင်လို့တောင် မထွက်မိပါစေနဲ့ကွယ် . . ." ဆိုတဲ့ စကား . . .။ သူ့ကို ချစ်တဲ့အကြောင်း ဘယ်လောက်လိုအပ်တဲ့ အကြောင်းနဲ့ ကျော့ကို နားလည်ခွင့်လွှတ်ပေးဖို့ ပြောလိုက်ပါ။ သူ ရှက်သွားပါလိမ့်မယ် . . . ဆိုတဲ့ စကားတွေကို ကိုယ့်ဘာသာကိုယ် စိတ်ထဲကနေ ရွတ်နေခဲ့မိတာ။ အဖိုးတန်သလောက် လိုက်နာဖို့ သိပ်ကို ခက်ခဲတဲ့ စကားတွေဆိုတာ ကျော့ အသိဆုံးပေါ့။ ဒါပေမယ့် ဒီအချိန်ကလေးဟာ ကျော့ဘဝတစ်ခုလုံးအတွက် သိပ်အရေးကြီးတဲ့ အချိန် တဒင်္ဂကလေးဖြစ်မှန်းလည်း ကျော့ရိပ်မိတယ်လေ။ ကျော့ ဘာလုပ်မလဲ . . . သူ့ကိုစွန့်လွှတ်မလား၊ ပြန်သိမ်းသွင်းယူမှာလား။ စွန့်လွှတ်မယ်ဆိုရင်တော့ အခုအချိန်မှာ ဘာကိုမှ မငဲ့ညှာ၊ မထောက်ထားတော့ဘဲ လုပ်ချင်တာသာ လုပ်ပစ်လိုက်တော့။ သူ့ကို ကိုယ့်ဆီပြန်လာစေချင်တယ်ဆိုရင်တော့ ကျော့ရဲ့စိတ်တွေကို ဟိုးမြေကြီးထိ အစွမ်းကုန်သာလျှော့ချပစ်လိုက်တော့လို့ ကိုယ့်ကိုယ်ကို သတိကြီးစွာထားနေရင်း သူက လှမ်းအကြည့်၊ သူနဲ့ မျက်လုံးချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံစဉ်မှာ သူ့ကို ကျော့ တကယ်ပဲ အလှဆုံး ပြုံးပြလိုက်မိသား ဖြစ်သွားပါတော့တယ်။ ကြောင်အမ်းသွားတဲ့ သူ့မျက်နှာဆီက အပြောင်းအလဲကိုလည်း ကျော့ မြင်လိုက်ရတယ်။ သူ့လက်တွေကို မိန်းကလေးဆီကနေ ချက်ချင်း ရုတ်သိမ်းပစ်လိုက်တာကိုပဲ ကျော့ ကျေးဇူးတင်လိုက်မိပါတယ်။ ခုတော့ လောကဓံက သင်ပေးတဲ့ ပညာအရ သူ့ကျေးဇူးကို ရှာကြံတင်တတ်ဖို့ ကျော့ သင်ယူခဲ့ရပြီလေ။ ကိုယ့်ယောကျ်ားက ကိုယ့်ကို အမြဲချစ်နေဖို့ လိုအပ်နေဖို့ဆိုတာ အဲဒီမိန်းမရဲ့ ကံနဲ့မဆိုင်ဘူး။ သူမရဲ့ လိမ္မာပါးနပ်မှုနဲ့ ပညာသားပါမှုက ပိုအရေးပါမှန်း ဇနီးချောများ အဖွဲ့ဆီကနေ သိခွင့်ရခဲ့ပြီကိုး။

သားနှစ်ယောက်လည်း သူ့ကို မြင်သွားခဲ့ပြီ။ မအေဘာများ ပေါက်ကွဲသောင်းကျန်းတော့မလဲဆိုတဲ့ စိုးရိမ်ပူပန်ပုံမျိုး နဲ့ . . . ကျော့ကို လှမ်းကြည့်ကြတယ်။ ကျော့ မျက်ရည်မကျ မိအောင် တော်တော်ချုပ်ထိန်းယူရတာပါ။ သူက သူ့ကောင်မလေး ကို တစ်ခုခုပြောပြီး ကျော့တို့ဆီ လှမ်းလာခဲ့တယ်။ ကောင်မလေးက ကျော့ဆီ ခပ်စူးစူးတစ်ချက်ကြည့်ပြီး ချာခနဲ လှည့်ထွက် ရှောင်ထွက် သွားတယ်။ အင်း . . . ဒီလိုပဲ ဖြစ်ရမှာပေါ့လေ။ တဖြည်းဖြည်းနီး လာတဲ့ သူ့ကိုတော့ ငေးကြည့်နေမိတယ်။ ပြီးတော့ ကျော့ကပဲ စကားစ,လိုက်တာပါ။





"သားတွေက စတော့ရှ်ရှိုးကြည့်ချင်တယ်ဆိုတာနဲ့ လာပြတာလေ၊ ကို နေကောင်းရဲ့လား၊ အဆင်ရောပြေရဲ့လား"

အဲဒီစကားကို ကျော့ကိုယ်ကျော့ ပြောလိုက်မိမှန်းတောင် မယုံနိုင်။ သူကလည်း ကျော့ဆီကနေ ကြားရ လိမ့်မယ်လို့ မျှော်လင့်မထားတာမို့ သူ တော်တော် အရှိုက်ထိသွားပုံပေါ်တယ်။

"ဩော် . . . ဟို နေတော့ကောင်းပါတယ် ကျော့ရယ်၊ အဆင်ပြေတယ်လို့တော့ မဟုတ်ပါဘူးကွာ"

သူ့အသံမှာ အပြစ်ရှိသူတစ်ယောက်လို ခပ်တိုးတိုးပါ။ ဒီအချိန်မှာမှ ကျော့ ပညာသားမပါရင် နောင်ဘယ်တော့မှ သူ့ကို ဆွဲဆောင်စည်းရုံးနိုင်တော့မယ်မထင်။ နှုတ်ဆွံ့လေးကွေးနေပေမယ့် ကျော့ စွတ်ပြောချပစ်လိုက်တယ်။

"ကျော့ကို နားလည်ခွင့်လွှတ်ပေးပါ ကိုရယ်၊ ကျော့အပြစ်တွေလည်း မကင်းပါဘူး၊ ကို့အပေါ် အပြစ်တွေတင်ခဲ့မိတယ်၊ စွပ်စွဲခဲ့မိတယ်၊ သားတွေက ကိုယ့်ကိုအရမ်းလွမ်းနေကြပြီ၊ ကိုယ်ဘယ်တော့ပြန်လာမှာလဲလို့မေးနေကြတာ၊ ကျော့လည်း မျှော်လင့်နေတာပါပဲ ကိုရယ်"

သူ မျက်နှာမထားတတ်အောင် အနေရခက်ခဲ့သွား



www.burmeseclassic.com

www.burmeseclassic.com



ဟန်ကို ကျော့က ရှင်းရှင်းကြီး မြင်နေရတာပါ။

"ကိုယ်လည်း ပြန်လာချင်တာပေါ့ ကျော့ရယ်၊ ကျော့ လက်မခံမှာလည်းစိုးတော့ အပြန်ရခက်နေလို့ပါ"

"ဩော် ကိုကလည်း ကိုယ့်အိမ်ကိုယ် ပြန်လာတာပဲကွယ်၊ အချိန်မရွေး ပြန်လာခွင့်ရှိပါတယ်၊ ကျော့တို့က မိသားစုပဲဟာ၊ ပြီးတော့ ဒီဘဝလေးကို လွယ်လွယ်ကူကူနဲ့ တည်ဆောက်ထားခဲ့တာ မဟုတ်ဘူးလေ၊ ကျော့နဲ့ကိုဆိုတာ မိဘတွေ သဘောတူပေးစားခဲ့တဲ့ လင်မယားတွေလည်း မဟုတ်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် ချစ်လို့ မြတ်နိုးလို့ယူထားခဲ့ကြတာဆိုတော့ ဘာမဟုတ်တဲ့ ပြဿနာကလေးနဲ့လည်း ကိုယ့်အိမ်ထောင်ကို အပြိုကွဲမခံနိုင်ဘူးလေ"

ကျော့လေ ကိုယ့်ကိုယ်ကို ဘယ်တုန်းကမှ အခုလောက် ကျေနပ်အားရမိတာမျိုး၊ မဖြစ်ခဲ့ဖူးပါဘူး။ ဒီစကားတွေကို ဒီလိုပညာသားပါစွာနဲ့ လိမ္မာယဉ်ကျေးစွာ ပြောနိုင်လိမ့်မယ်လို့ ထင်ကို မထားခဲ့တာပါ။ နောက်ဆုံးတော့ မိန်းမသားတွေရဲ့ အထိရောက်ဆုံးသော လက်နက်ဟာ အချိုမြဆုံး နှုတ်ခမ်းကလေး တစ်စုံဆီကနေ ထွက်လာမယ့် နူးညံ့သိမ်မွေ့ပြီး ပါးနပ်ချိုသာတဲ့ စကားတွေပဲဆိုတာ ကျော့ချက်ချင်းကို နားလည်လိုက်ရတာပါ။ သူ့မျက်နှာဟာ ရုတ်ချည်းသိမ်မွေ့ နူးညံ့သွားသလို၊ ရှက်သွားဟန်လည်း ပေါ်တယ်။





"ကျော့ ကိုယ့်ကို ခွင့်လွှတ်တယ်ပေါ့ . . . ဟုတ်လား ကျော့ရယ်"

"ခွင့်လွှတ်ပြီးသားပါ ကိုရဲ့၊ ကျော့ရဲ့ အချစ်တွေက ကို့ကို ခွင့်လွှတ်ပြီးသားပါ။ လူတိုင်း ဘယ်သူမှ အမှားမကင်းပါ ဘူး ကိုရယ်၊ မှားတာကို အမှားလို့ သိပြီးလက်ခံပြီး အမှန်ပြင်နိုင်တယ်ဆိုတာ သူ့ရဲ့ကောင်းတစ်မျိုးပါ၊ လူတိုင်းမှာ ဒုတိယအခွင့်အရေးဆိုတာတော့ ရှိသင့်တာပဲ"

"ဖေဖေ ဘယ်တော့ အိမ်ပြန်လာမလဲဟင်"

- လို့ သားကြီးက ဝင်မေးတယ်။ သူက သားကြီးရဲ့ ခေါင်းကို လှမ်းကိုင်လှုပ်ခါပြီး . . .

"ဖေဖေ ခုပဲလိုက်ခဲ့မှာပေါ့ သားကြီးရဲ့ သားမေမေက ခေါ်ရင်ပေါ့"

ကျော့ရင်ထဲ တလှပ်လှပ်ဖြစ်လာပြီး၊ သူ့ကို ပြုံးပြ ခေါင်းညိတ်မိတယ်။

"ခေါ်ပြီးသားပါ ကိုရယ်၊ အချိန်မရွေး အမြဲတမ်း welcome ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက ကျော့ကိုပြုံးပြီး ကြည့်တယ်။ ခါတိုင်းလို ခေါင်းစုတ်ဖွားနဲ့ နံနံစော်စော်မဟုတ်ဘဲ personality ပြောင်းနေတဲ့ ကျော့ကို အံ့ဩနေပုံလည်းရတယ်။ ကျော့တို့ မိသားစုလေးယောက် အတူတူ အိမ်ပြန်ခဲ့တဲ့ညနေခင်းလောက် စိတ်လှုပ်ရှားစရာ၊ ပျော်စရာ ကောင်းတာမရှိတော့ဘူး ထင်တာပဲကွယ်။ ပထမအဆင့် အောင်မြင်ပြီဆိုရင်၊ ကျန်တဲ့အဆင့်တွေက ကျော့အတွက် အခက်အခဲ မရှိတော့ပါဘူးလေ။ မိန်းမတစ်ယောက်ဟာ ကိုယ့်ယောကျ်ားကို ချည်နှောင်ထိန်းချုပ်ထားဖို့ ပညာတွေ အများကြီး တတ်စရာ မလိုပါဘူး။ ကိုယ်လိုချင်တာကို ညင်သာပျော့ပျောင်းတဲ့နည်း၊ လိမ္မာပါးနပ်တဲ့နည်းနဲ့ ရယူတတ်ဖို့သာ လိုတာပါလေ။

×××



# အခန်း ၅



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်မှာ စားစရာတွေအပြည့်။ မဒီကိုယ်တိုင် လက်စွမ်းပြထားတဲ့ မြီးရှည်ရယ်၊ မာယာရဲ့ ဖာလူဒါရယ် . . . သမ္ဘူရဲ့ ကော်ရည်ဖျော့ခေါက်ဆွဲရယ်၊ အမရာရဲ့ လက်ဘက်သုပ်၊ ဂျင်းသုပ်စုံ နဲ့ ဒီနေ့ မဒီ့အိမ်မှာပဲ လူစုဖြစ်ကြတယ်လေ။ တစ်ယောက်တစ် မျိုး မုန့်တွေတာဝန်ခွဲယူလုပ်လာပြီး အိမ်တစ်အိမ်မှာ စုပြီး စားသောက်၊ စကားတွေများ ရှုပ်ရှင်ကြည့်လေ့ရှိတတ်ပါတယ်။ စကားဝိုင်းက ထမင်းစားခန်းထဲမှာတင် အကြီးအကျယ် စည်ကား သက်ဝင်နေတော့တာ။ စားပွဲပေါ်မှာ ရှိရှိသမျှစားစရာတွေ တစ်မျိုးပြီးတစ်မျိုး နှိုက်စားလိုက်၊ လင်တော်မောင်တွေ အကြောင်း၊ သားသမီးတွေ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း၊ ဒီနေ့ခေတ်စားနေတဲ့ သတင်းတွေ၊ အတင်းတွေ စုံလင်သလို facebook ထဲက beautiful wives အကြောင်းက မပါမဖြစ်ဆိုတော့။

"ခုတလော ဇက်ကြောတွေတက်တက်နေတယ်သိလား၊ ကွန်ပျူတာတွေ လုပ်လွန်းလို့ ထင်ပါရဲ့၊ အနှိပ်ကလေး ဘာလေး မခံချင်ဘူးလားဟင်၊ massage သွားလုပ်ရအောင်"

လို့ . . . မဒီက စတော့ မာယာက အပြုံးကလေးနဲ့ . . .

"တို့ကတော့ ယောကျ်ားကိုပဲ ချွဲနွဲ့ပြီး နှိပ်ခိုင်းတယ်ဆရာ၊ မနေ့ညကပဲ သူ နှိပ်ပေးသေးတယ်"

လို့ . . . ဆိုကယ်။ ကျန်တဲ့ သူတွေက မျက်ခုံးအပင့်သားတွေနဲ့ မာယာ့ကို ဝိုင်းကြည့်ပြီး . . .

"ထူးဆန်းပါပေ့ ကိုကိုတွတ်ရယ်၊ တစ်နေကုန်လူနာတွေကြည့်ပြီး ပင်ပန်းလာတဲ့ ဆရာဝန်က တစ်နေကုန်အားလပ်ပြီး၊ လမ်းသလားနေတဲ့ ဆရာဝန်ကတော်ကို နှိပ်ပေးရသေးတယ် . . . ဟုတ်လား၊ လူကြားလို့မှကောင်းပါသေးရဲ့လားဟယ်၊ ကိုသွင်သစ်လေး သနားပါတယ်"





မာယာက ပြုံးစိစိကလေးနဲ့ ပခုံးကလေးတွန့်ပြီး . . .

"ဩော် ဒီအတိုင်းကြီးတော့ ခိုင်းလို့ကောင်းမလား တော်တို့ရဲ့၊ ပြောတဲ့ ဘာသာစကားကလည်း ရှိသေးတာပေါ့၊ မောင်ရေ . . . နှိပ်တမ်းကစားမလားဟင် လို့မေးတာပေါ့၊ အဲဒါဆို သူက သဘောပေါက်ပြီးသား၊ ချစ်လေး ညောင်းလို့လား၊ အနှိပ်ခံချင်လို့လား၊ မောင်နှိပ်ပေးမှာပေါ့တဲ့၊ အဲဒါနဲ့ တစ်ယောက်တစ်လှည့် အပြန်အလှန် နှိပ်ပေးကြတယ်ဆိုပါတော့"

"ဩော် . . . ဒီလိုကိုး . . ."

မာယာ့ကို သဘောကျစွာ ရယ်မိကြတယ်။ သမ္မုကတော့ လက်သူကြွယ်ဆီက မြကိုစိန်ပွင့်ကလေးတွေကွပ်ထားတဲ့ လက်စွပ်လှလှကလေးကို အားလုံးမြင်သာအောင် ထောင်ပြရင်း. . .

"ကြွားတယ်လို့ မှတ်ပါနော်၊ ဒီလက်စွပ်ကလေးကို ဘယ်လိုနည်းလမ်းနဲ့ ရခဲ့တယ်လို့ထင်သလဲဟင်"

ဆိုပြီး ပြောင်စပ်စပ်အမူအရာကလေးနဲ့ ပြောတယ်။ အားလုံးက လက်စွပ်ကလေးကို ဝိုင်းကြည့်ပြီး "ဟယ် လှလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



တော်” ဆိုပြီး ဝိုင်းပြောကြတယ်။

“အဲဒီလက်စွပ်ကလေးကို လိုချင်နေတာကြာပြီ သိလား၊ ပွဲစားကလာပြထားတာ . . . ဈေးနည်းနည်းများတော့ ယောကျ်ားလုပ်သူက အင်တင်တင်ပေါ့၊ မိန်းမ သိပ်လိုချင်မှန်းသိသိကြီးနဲ့ကို မသိချင်ယောင်ဆောင်နေတာ၊ ဒီကလည်း မှတ်ထားပေါ့၊ အကွက်ကောင်းကို စောင့်နေ တာ၊ ဘာရမလဲ၊ မနေ့က သူ့အကြိုက်ဘောလုံးပွဲကြည့်နေတုန်း အချိန် အသာလေးအနားမှာ ထိုင်စောင့်နေတာ၊ သူက မန်ယူဖန်လေ၊ သိတယ်မှလား၊ မန်ယူ ဂိုးသွင်းကာနီးမှာ သူက ဝမ်းသာအားရ လက်သီးလက်မောင်းတွေတန်းပြီး. . . Yes ... Yes နဲ့အော်နေတုန်း ဟား . . . ဟား လက်စွပ်ကလေး မျက်နှာနားသွားထိုးပေးပြီး . . . “ဒါလင် . . . ဒါလေးဝယ်ပေးမယ်မှလား . . . ဝယ်လိုက်တော့မယ်နော်” . . . ဆိုပြီး ရူးချင်ယောင်သွားဆောင်လိုက်ကာ သူက Yes Yes ပဲလေ၊ အဲဒါနဲ့ ဒီနေ့ပဲ ဝယ်လိုက်တာ၊ ဟား ဟား . . . သူ့ဘာသာသူ Yes ပြောမိပြီးသားဆိုတော့ ခင်မျာ အောင့်သက်သက်နဲ့ပဲ ပိုက်ဆံထုတ်ရှင်းပေးရှာတယ်လေ၊ အဲဒါပေါ့ အချိန်အခါနဲ့ အခွင့်အလမ်းကို အပီအပြင် အသုံး





ချတတ်ဖို့ လိုတယ်လေ . . . ဟုတ်တယ်မှလား၊

“ဟုတ်ပ့ါရှင် . . . သမျှုက ဖြတ်ထိုးဉာဏ်ကောင်းတာကိုး၊ နောက်ဆို အိမ်က လူကိုလည်း အဲဒီနည်းသုံးပြီး ပူဆာကြည့်ရမယ်”

“ကျွန်မကတော့ သူ့ကို ဒီည စိတ်ကောက်မလို့နော်၊ ကြို ပြောထားတယ်၊ စနေ တနင်္ဂနွေ နှစ်ရက်ဆက်ပြီးတော့ ကို စိတ်ကောက်ပြမှာ၊ အစာလုံးဝမစား၊ ရေမသောက်ဘူးဆိုပြီး ကောက်မှာ၊ တကယ်တော့ ရိက္ခာအပြည့်အစုံကို ကုတင်အောက်မှာ ကဒ်ထူပုံးနဲ့ကို ထည့်ထားပြီးသား၊ ကြိုတင်ပြင်ဆင်ထားတာလေ”

ဒီတစ်ခါ အမရာက ဆိုပါတယ်။

“ဟယ် . . .၊ ရှင်က ဘာကိစ္စ ရွှေစိတ်တော်ကောက်ရဦးမှာတုံး”

“သူလား ကျွန်မကို သားလေးမွေးပြီး၊ သမီးလေးတစ်ယောက်ထပ်လိုချင်ပါတယ်ဆိုပြီး နားပူနားဆာဂျီကျနေတာလေ၊ ကျွန်မက ထပ်မမွေးချင်တော့ဘူး၊ အရမ်း ပင်ပန်းတယ်၊ သိတယ်မှလား၊ ကိုယ်ခန္ဓာကိုလည်း ထပ်ပြီး ပုံပျက်မခံနိုင်တော့ဘူး၊ အဲဒါ သူက ဘယ်သူနဲ့ လာနှိုင်းသလဲ



www.burmeseclassic.com

www.burmeseclassic.com



သိလား၊ ဒေးဗစ်ဘက်ခမ်းကတော် ဗစ်တိုးရီးယားတောင် သားသုံးယောက်မွေးပြီး . . . ဘော်ဒီ မပျက်စီးပါဘူးတဲ့၊ ကလေးတစ်ယောက်မွေးရတာ ဘယ်လောက် ပင်ပန်းခက်ခဲပြီး၊ အသက်နဲ့ရင်းထားရသလဲဆိုတာ သူ မသိဘူး၊ သူ လိုချင်တာပဲ သိတယ်၊ တော်ပြီ သားသားတစ်ယောက်နဲ့တင် ကျေနပ်ပြီ . . . ထပ်လည်းမမွေးနိုင်ဘူး၊ အဲဒါကို တပူပူ တဆာဆာ လာလုပ်နေလို့ စိတ်ကောက် ဆန္ဒပြမှာ”

အမရာ့ကို ကြည့်ပြီး အားလုံး ဝိုင်းရယ်ကြပါတယ်။ မဒီက lap top ကလေး ယူလာပြီး internet ဝင်လိုက်တယ်။ Beautiful Wives Club Page မှာ Fan တွေလည်း အများကြီး တိုးနေပြီ။ မေးခွန်းပို့ထားတဲ့ messages တွေလည်း ရောက်နေတယ်။ ဖြေဖို့ လွယ်တဲ့မေးခွန်းကလေးတွေကို ချက်ချင်းပဲ ဖြေပေးလိုက်တယ်။ အဲဒီအထဲက စိတ်ဝင်စားစရာ အကောင်းဆုံး ဇာတ်လမ်းရဲ့ ပိုင်ရှင်က ဇာမဏီမေဆိုတဲ့ မိန်းကလေးတစ်ယောက်ပါ။

ဇာမဏီမေ

*Beautiful Wives* မှ မမတို့ရေ . . . ဇာ အားကိုးတကြီးနဲ့ ရင်ဖွင့်လိုက်ပါတယ်။ ဇာက အခုမှ အသစ်စက်စက် ပူပူနွေးနွေး လက်ထပ်ထားတာပါ။ ဇာ့ ယောကျ်ား နာမည်က





ဘိုးတက်ဝေ ပါ။ လူကြီးချင်းသဘောတူ စပ်ဟပ်ပြီးပေးစားခဲ့တာပါဆိုတော့။ သူက အရမ်းအေးပါတယ်။ အေးတာမှ ရေခဲတုံးကတောင် သူ့ကို အရှုံးပေးရလောက်အောင် အေးတိအေးစက် မလှုပ်တလှုပ်သမားပါ။ တစ်နေ့လုံးနေလို့ သူကစပြီး စကားတစ်ခွန်းပြောဖို့ ခဲယဉ်းသူပါ။ ဇာကတော့ သူ့ကို ကိုတေမိလေး. . . လို့ ချစ်စနိုးခေါ်မိတယ်။ သူ့ကို အရမ်းချစ်ပါတယ်။ သူက ဇာ့ကို ချစ်မချစ် မသိပါဘူး။ သူကလည်း ချစ်တယ်လို့ မပြောဖူးပါဘူး။ ပြဿနာက ဇာက သူနဲ့လုံးဝဆန့်ကျင်ဘက်ဖြစ်နေတာပါ။ ဇာက အရမ်းစကားများသူပါ။ တစ်နေ့လုံးမနားဘဲ စကားပြောရမယ်ဆိုလည်း ပြောနိုင်ပါတယ်။ ပြီးတော့ . . . ဇာက စိတ်ခံစားအရမ်းတက်ကြွတယ်။ စိတ်မြန်လက်မြန် ဇိုးဇိုးဇတ်ဇတ်နဲ့ ဘဇွတ်ထိုးလုပ်တတ်သလို အမြဲတမ်းလည်း တလွဲတချော်ချော်တွေ ဖြစ်လေ့ရှိသူပါ။ သူက အမှားကင်းပြီး တိတ်ဆိတ်ငြိမ်သက်သမျှ . . . ဇာ့မှာတော့ အမှားဗရပွနဲ့ ဆူညံ၊ ပျာလောင်ခတ်နေတတ်သူပါ။ သူကလေ ဇာ့ကို ရှောင်တိမ်းဖို့ အမြဲ ကြိုးစားနေတတ်သလို ဇာကချည်း သူရှိရာဆီ အပြဲလိုက်နေရပါတယ်။ ဇာ့ကို သူ ရှောင်ပြေးသွားမှာ စိတ်ပျက်သွားမှာကိုလည်း စိုးမိပါ တယ်။ သူ ဇာ့ကို တမ်းတမ်းစွဲလာအောင် ဘယ်လိုနည်းနဲ့ ဆွဲဆောင်ရ



www.burmeseclassic.com

www.burmeseclassic.com



မလဲဟင်။ နည်းလမ်းလေးတွေရှိရင် ပြောပြပေးပါလားဟင်။ မမတို့ကို ကြည့်ရတာ ယောကျ်ားတွေရဲ့ စွဲလမ်းချစ်ခင်မှုတွေ၊ အလိုလိုက်မှုတွေ အပြည့်အဝ ရထားကြတဲ့ အိမ်ထောင်ရေးဘဝမှာ အောင်မြင်မှုအပြည့်အဝ ရထားကြတဲ့ ဇနီးချောကလေးတွေမို့ အားလည်းကျမိပါတယ်ရှင်။

ဇာမဏီမေရဲ့ စာကိုဖတ်ပြီးချိန်မှာတော့ မဒီတို့ မျက်လုံးတွေထဲမှာ အသွက်လွန်ပြီး ပျာလောင်ခတ်နေတတ်မယ့် ကောင်မလေးနဲ့ ရိုးရိုးတုံးတုံးအေးတိအေးစက် ကောင်လေးကို မြင်ယောင်လာပါတယ်။

"ကဲ . . . ရှင်တို့ဘယ်လိုထင်ကြသလဲ၊ မိဘတွေချင်း စပ်ဟပ်ပေးစားကြတာဆိုတော့ 'အချစ်'ဆိုတဲ့အရာက သူတို့ ရင်ထဲရောက်လာဦးမယ်မထင်ဘူး၊ စရိုက်ချင်းလဲလုံးဝ မတူတဲ့ လူနှစ်ယောက်အတူပေါင်းတဲ့အခါ တစ်ယောက်ကိုတစ်ယောက် သည်းခံနားလည်နိုင်ဖို့ဆိုတာ အချစ်ပါမှ ဖြစ်မှာနော်၊ အဲဒီတော့ ဇာမဏီမေကို သူ့ရဲ့ယောကျ်ား တိုးတက်ဝေက မသိစိတ်ထဲကနေပဲဖြစ်ဖြစ် ချစ်နေသလား ဆိုတာကို အရင်စမ်းသပ်ကြည့်ဖို့လိုတယ်"





"ဘယ်လို စမ်းသပ်မှာတုံး မဒီရဲ့"

"သြော် . . . တတိယလူတစ်ယောက်ထည့်ရမှာပေါ့၊ တိုးတက်ဝေရဲ့ ရင်ထဲမှာ မြုပ်နေနိုင်မယ့် အချစ်နဲ့ မနာလိုစိတ်ကလေးကို မသိမသာနဲ့ ခပ်ပါးပါးကလေးဆွပေးရမှာလေ"

"သတိတော့ထားရမယ်နော်၊ အပ်နဲ့ဆွရမယ့် ပြဿနာလေးကို ပုဆိန်နဲ့ပေါက်နေရဦးမယ်"

"ပါးပါးကလေးပါဆိုမှဟာ . . . ကဲ . . . ဒီကေ့(စ်)ကို ငါတာဝန်ထား၊ ငါ စာပြန်လိုက်မယ်"

"ချစ်သောဇာရေ . . .၊ ဇာရဲ့ပြဿနာကို ဖတ်ပြီးချိန်မှာ တို့တွေခေါင်းထဲ မေးခွန်းတစ်ခုပေါ်လာတယ်၊ သူဟာ ဇာ့ကို တကယ် ချစ် မချစ်ဆိုတဲ့ မေးခွန်းလေ၊ တကယ် ချစ်ရဲ့သားနဲ့ သူ့စရိုက် သူ့ဓလေ့ကြောင့် တိတ်တိတ်ဆိတ်ဆိတ် အေးအေးဆေးဆေး နေတတ်တဲ့ သူဆိုရင်တော့ ဇာ စိုးရိမ်စရာ မရှိတော့ပါဘူးလေ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလို လူစားမျိုးတွေရဲ့ အချစ်က လှိုဏ်ဂူနက်နဲ့သလို ခိုင်လည်းခိုင်မြဲတတ်လို့၊ သူဟာ ဇာ့ကို ဘယ်တော့မှစွန့်လွှတ်နိုင်မှာ မဟုတ်ဘူးလေ၊ ဇာရော . . . လူတစ်ယောက်ရဲ့အချစ်ကို မစမ်းသပ်



www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူးလား၊ ယောက်ျားတစ်ယောက်ရဲ့အချစ်ဟာ သဝန်တိုမှုကလေးတွေကနေစပြီးတော့ မြစ်ဖျားခံတယ် ဇာရဲ့၊ ဇာ့မှာ သိပ်ခင်ရတဲ့ ဇာ့ကိုနားလည်တဲ့ ကူညီပေးနိုင်တဲ့ယောက်ျားလေးသူငယ်ချင်းတစ်ယောက်လောက် မရှိဘူးလားဟင်၊ ပြောမနာဆိုမနာ တရင်းတနှီး ပေါင်းလို့ရတဲ့လူမျိုး၊ ကိုယ့်အပေါ်လည်း လုံးဝအဖြူထည်သက်သက် ခင်မင်တဲ့လူမျိုး ဖြစ်ရမယ်နော်၊ အဲဒီသူငယ်ချင်းကိုတော့ ဇာရဲ့ စိတ်ကူးအကြံအစည် အစအဆုံးကိုပြောပြထားဖို့ လိုလိမ့်မယ်၊ သူ့ကို ကလက်တတ်တက်ကြာကူရီ လုပ်ခိုင်းတာမျိုး မဟုတ်ဘူးနော်၊ ဇာ့ရဲ့ခင်ပွန်း ကိုတိုးတက်ဝေက ဇာ့ကိုပြောစေချင်တဲ့စကားမျိုး သူ့ကို ပြောခိုင်းတာမျိုး လောက်ပါ၊ ဥပမာ . . . ဇာက အရမ်းလှတယ်ဆိုတာမျိုး၊ ဟင်းချက်ကောင်းတယ်ဆိုလည်း သူ့ကို အိမ်မှာ ထမင်းဖိတ် ကျွေးပြီး သူ့ရှေ့မှာ ဇာ့ကို ချီးကျူးခိုင်းတာမျိုးပေါ့လေ၊ ဇာ့ရဲ့ တော်ကွက်၊ ကောင်းကွက်ကလေးတွေကို ကိုတိုးတက်ဝေ သိထားတယ်ဆိုရင်တောင် သူ ကိုယ်တိုင်က ဖွင့်မပြောရသေးခင် တခြားယောက်ျားတစ်ယောက်က သူ့ရှေ့မှာ ဝင်ချီးကျူးသွားတာမျိုး၊ ပြောသွားတာမျိုးကို သူ ကသိကအောက်တော့ ဖြစ်မှာပဲလေ၊ ဇာ





အရမ်းစကားများတတ်တာ၊ တလွဲတချော်ကလေးတွေ ဖြစ်တတ်တာကို ရယ်စရာတစ်ခုအဖြစ်၊ ဇာ့ကို စိတ်ထားဖြူစင်တဲ့မိန်းကလေးတစ်ယောက်၊ တော်တဲ့ မိန်းကလေး . . . စိတ်ကောင်းရှိတဲ့ မိန်းကလေးတစ်ယောက်အဖြစ်၊ သူ မြင်တတ်လာအောင်၊ အဲဒီသူငယ်ချင်းကနေတဆင့် သူ့ကို သိပါစေ၊ တစ်ချိန်မှာ အဲဒီသူငယ်ချင်းအပေါ် မနာလို၊ သဝန်တိုတဲ့စိတ်တွေ၊ သူ့ဆီမှာပေါ်လာတယ်ဆိုရင် ဇာ့ကို သူ တကယ်ချစ်လို့ပါ၊ ဇာ သူ့ဆီကနေ သိချင်သမျှ အကြောင်းအရာတွေကို သူ့ရှေ့မှာပဲ သူငယ်ချင်းကို မေးကြည့်ပါ၊ အဲဒီအဖြေတွေဟာ သူ့ရင်ထဲမှာ အစီအရီ ရှိနေပါလိမ့်မယ်၊ တစ်ချိန်မှာ သူ ပွင့်အန်ထွက်လာပါလိမ့်မယ်၊ ဇာ့ဘက်က ပါးနပ်ဖို့နဲ့ စိတ်ရှည်ဖို့တော့ လိုတာပေါ့နော်၊ စမ်းကြည့်ပါဇာ၊ ထူးခြားသမျှကိုလည်း အကြောင်းပြန်ဦး နော် . . .

မျှော်နေမယ် . . .

ဇနီးချောများ . . .


xxx



www.burmeseclassic.com

www.burmeseclassic.com

## ဇာမဏီမေ





www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်းပေါ့။ သူ့ပုံစံက အေးတိအေးစက် မလှုပ်တလှုပ်။ ဇာကတော့ ကိုယ့်အကြံနဲ့ကိုယ်မို့ ဟင်းတွေ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြင်ဆင်နေမိတယ်။ ဇာ့မှာ ဆယ်တန်းကျောင်းသူဘဝကတည်းက ပြောမနာ၊ ဆိုမနာ တရင်းတနှီး ပေါင်းလာခဲ့တဲ့ ယောကျ်ားလေးသူငယ်ချင်းတစ်ယောက် အဆင်သင့်ရှိပြီးသားမို့ ဘကူးတက အိုးစားပြီး ရှာဖွေနေဖို့ မလိုတော့ဘူးလေ။ သူ့နာမည်က 'ထိုက်တန်' တဲ့ . . .။ ထိုက်ကိုတော့ ပထမဆုံး အကျိုးအကြောင်း အစအဆုံး ရှင်းပြထားရတာပေါ့လေ။ သူကလည်း အလွယ်တကူပဲ သဘောပေါက် နားလည်စွာနဲ့ ကူညီပေးဖို့ သဘောတူပါတယ်။ ကြာကူရိဆန်ဆန် ဝင်လုပ်ရမှာ ဖြစ်ပေမယ့် သူ့စိတ်က အဖြူထည်သန့်သန့်မို့ သူက မပူပါဘူး။ ပြီးတော့ . . . ထိုက်တန်ဆိုတာ ဖြူဖြူသန့်သန့် ရုပ်ရည်နဲ့ ယောကျ်ားချောထက် မိန်းမချော ပိုချောတယ်လို့ ဆိုရမယ်။ မျက်လုံးတွေက ညို့ရီရီနဲ့



www.burmeseclassic.com

www.burmeseclassic.com



အပြောကလည်း ကောင်းသူမို့ သူ့ကို ကောင်မလေးတွေက အပြတ်ခိုက်ကြရတယ်။ သူက စတား . . . ညို့မင်းသား ဆိုပါတော့။ ဒါကြောင့်လည်း သူ့ကို ရွေးလိုက်မိတာ။ ကိုတေမိလေးကို သဝန်တွေတိုပြီး လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားအောင် ပုတ်နှိုးနိုင်သူဆိုလို့ သူ့ကိုပဲ တန်းခနဲ မြင်မိတာပါ။ ပြီးတော့ . . . ဒီကောင်က တကယ်ဖြစ်နေသလို အက်တင်လည်း အရမ်းလုပ်တတ်တာ။ သရုပ်ဆောင်ကောင်းသူဆိုပါတော့။ လူတစ်ယောက်ကို အတည်ပေါက်ကြီးနဲ့လည်း နောက်ချင် နောက်နေတတ်တာဆိုတော့ သူနဲ့ အံဝင်ခွင်ကျပါပဲ။

"သူငယ်ချင်းတစ်ယောက် အိမ်မှာ ထမင်းလာစားလိမ့်မယ်နော် ကို၊ ဇာ ဖိတ်ထားတာ၊ သူနဲ့က ဆယ်တန်းကတည်းက အရမ်းခင်တဲ့ ငယ်သူငယ်ချင်းတွေလေ"

လို့ . . . လှလှပပ ပြင်ဆင်ထားပြီးမှ သူ့ကို အသိပေးတော့ သူက အင်းမလုပ် အဲမလုပ်နဲ့ပါ။ သူ့မျက်နှာမှာ ဘာမှထူးခြားမလာဘူး။ ထိုက်တန်ရောက်လာတော့ ဇာက သိပ်ပျော်နေဟန်မျိုးနဲ့ အကယ်ဒမီရှော့(ခ်)တွေ လုပ်လိုက်ရတာ ပျာလို့။ သူကတော့ အေးဆေး . . .။ သူနဲ့ မဆိုင်သလို စကား ဖော်ဖော်ရွေရွေလည်း မပြောတတ်တဲ့အတိုင်း။ ထိုက်တန်နဲ့ ဇာကတော့





ကြိုတင်ဇာတ်တိုက်ထားခဲ့ပြီးသားမို့ အပေးအယူ မျှတနေတယ်ပေါ့။ ဇာက ဒီနေ့တော့ တမင်တကာ သိသာအောင်ကို ဖွယ်ဖွယ်ရာရာကလေးတွေချက်ပြီး လက်စွမ်းပြထားတာ။ ပုဇွန်ကျားကလေးတွေကို ငြုတ်သီးစပ်စပ်ကလေးနဲ့ ကြော်ထားပြီး မှျစ်နဲ့ချဉ်ပေါင်ဟင်းချို၊ ငါးဖယ်သုပ်၊ ငါးပိရည် တို့စရာနဲ့၊ ဝက်စတူးလည်း ပါသေးတယ်။ အရွက်ကြော်တစ်မျိုးအနေနဲ့ မှိုကန်စွန်းရွက်ကြော်ပေါ့လေ။

"ဟာ . . . ဇာရယ်၊ ဟင်းတွေကလည်း စုံမှစုံပဲ၊ နေ့တိုင်းလာစားချင်အောင် လုပ်နေပြန်ပြီ၊ ဟင်းတွေကလည်း သွားရည်ကျစရာ ငါ့အကြိုက်တွေချည်းပဲ၊ နင် တကယ်တော်တယ်နော်၊ ကိုယ့်သူငယ်ချင်းအကြိုက်တောင် ဒီလောက်သိတတ်နေမှတော့ ကိုယ့်ယောက်ျားအကြိုက်ဆို ပြောမနေနဲ့တော့ပေါ့ . . . ဟုတ်တယ်မှုလား၊ ကိုတိုးတက် . . . ကျွန်တော့်သူငယ်ချင်းကို ရထားတာ တကယ်ကံကောင်းတာဗျ . . . သိလား"

စစချင်းဆိုသလိုပဲ ထိုက်တန်က တစ်လုံး ပစ်သွင်းထားလိုက်တာ ဝင်သလား မဝင်သလားတော့ မသိ။ သူက ဘာမှကို ပြန်မပြော။ ထမင်းကိုပဲ အာရုံစိုက်ပြီး ဖိစားနေတော့တာ။ တကယ်တော့ အဲဒီဟင်းတွေဟာ ထိုက်တန် အကြိုက်ထက် ကို့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားအကြိုက်တွေချည်းပဲဆိုတာ ဇာပဲ အသိဆုံးပေါ့လေ။ သူက ဒီဟင်းတွေ သူကြိုက်ပါတယ်လို့ တစ်ခါမှ ဝန်မခံဖူးခဲ့ပေမယ့် ဒီဟင်းတွေနဲ့ဆို သူ ထမင်းပိုစားတာကို ဇာက မှတ်ထားရတာလေ။

"ငထိုက်ရယ် . . . စားလို့သောက်လို့ ကောင်းအောင် အပိုတွေ ပြောမနေစမ်းပါနဲ့၊ နေ့တိုင်းလာစားလည်း ရပါတယ်၊ အိမ်မှာက တစ်ယောက်စာတော့ အမြဲပိုနေတာပါ. . ."

"တကယ်လား . . . ဇော၊ ငါ တကယ်ဝင်စားမှာနော်၊ ငါ့ရုံးက နင့်အိမ်နဲ့ နီးနီးလေးရယ်၊ ရုံးအပြန် ဗိုက်ဆာဆာနဲ့ ဝင်တွယ်လို့ရတယ်နော်"

"လာစားပါဆိုမှဟယ် . . . ကဲ . . စား စား"

"ဟား . . . အရမ်းကောင်းတယ် ဇော၊ ကမ္ဘာပေါ်မှာ အကောင်းဆုံးပဲ၊ နင် ဒီလောက် ဟင်းချက်တော်မှန်း ငါ မသိခဲ့ပါလားကွာ၊ ဟင်း . . ."

ထမင်းဝိုင်းမှာ အပြန်အလှန် စကားတွေ ပို့ပေးနေကြတာက ဇာနဲ့ ထိုက်တန်နှစ်ယောက်တည်းပါ။ သူကတော့ သူနဲ့ ဘာမှမဆိုင်သလို ဝင်လည်း မပြော။ မနှစ်သက်ဟန်လည်း





မပြ။ ပီတိ တေမိ။ ထိုက်တန်က အားပါးတရ စားသောက်ပြီး တဖွဖွလည်း ချီးကျူးမဆုံးဘူး။ ကြာတော့ အိုဗာအက်တင်တွေတောင် ဖြစ်ကုန်တယ်။ သူက မလှုပ်ဘူးလေ။ စားသောက်ပြီးတော့ အချိုဝိုင်းနဲ့ ဧည့်ခန်းထဲမှာ တီဗီကြည့်ရင်း ဆက်ထိုင်ကြတယ်။ ပြီးတော့ . . . ရှေ့ဟောင်းနှောင်းဖြစ်တွေ ကျောင်းတုန်းက အကြောင်းတွေ ပြန်ပြောကြရင်း တဝါးဝါး တဟားဟားနဲ့ ရယ်ကြမောကြ ရှိကြတယ်။ ဇာ့မှာ စကားပြောရင်း သူ့ကို မသိမသာ အကဲခတ်ရတာ အမော။ သူက တီဗီထဲမှာပဲ အာရုံစိုက်ထားတယ်။ စကားတစ်ခွန်းမှ ဝင်မပြောဘူး။ ဇာတို့ပြောနေသမျှကိုလည်း စိတ်ဝင်စားဟန် မပြဘူး။ ထိုက်တန်ကတော့ ကျောင်းတုန်းက ဇာ စွံခဲ့တာတွေကို ပြန်ဖော်တယ်။

"ကိုတိုးတက် . . . သိလား၊ ဇာ ကျောင်းတုန်းက အရမ်းစွံခဲ့တာဗျ၊ သူ့ကို လိုက်တဲ့ ငနဲတွေ မနည်းဘူး၊ ကျွန်တော်က သူ့ရဲ့ ဘော်ဒီဂတ် လိုက်လုပ်ပေးခဲ့ရတာ၊ ဇာက မျက်နှာလည်းချိုတယ်၊ cute လည်း ဖြစ်တာကိုး"

ထိုက်တန်က သူ့ကို ဦးတည်ပြီး ပြောပြနေတာ ဖြစ်ပေမယ့် သူက ထောက်လည်း မထောက်ခံသလို၊ ငြင်းလည်း မငြင်းခန်ဘူး။ ပျာလောင်ခတ်ပြီး အမြဲတမ်း လွဲချော်တတ်တဲ့ ဇာ့



www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာ အဖြစ်အပျက်ကလေးတွေလည်း ပြန်ပြောပြတယ်။ ဇာ ကျောင်းလာတာ အထက်ဆင်ဇောက် ထိုးကြီးနဲ့ တစ်ကျောင်းလုံး နဲ့ပြီးမှ သိခဲ့ရတဲ့ အဖြစ်။ စာသင်ခန်း သီရေတာ လှေခါးတွေကနေ အဆင်းမှာ ခြေချော်ပြီး ဒလိမ့်ကောက်ကွေး ကျခဲ့ဖူးတာ၊ ကန်တင်း ထဲမှာ ဆရာတစ်ယောက်ကို စားပွဲထိုးနဲ့မှားပြီး လှမ်းခေါ်မုန့်မှာခဲ့မိ တာ၊ အဲဒီ ဆရာကလည်း ဇာ ရှက်သွားမှာစိုးလို့ ဘာမှမပြောရှာဘဲ ဇာမှာသမျှ မုန့်တွေကို သွားမှာပေး၊ ဇာ့စားပွဲမှာ လာချပေးခဲ့ သေးတာ၊ ဇာကလည်း အဲဒီ ပုပုပိန်ပိန်သေးသေးကွေးကွေး ဆရာလေးကို "ကျေးဇူးပဲ မောင်လေး" တွေ ဘာတွေ လုပ်ထား သေးတာ။ အတန်းတက်တဲ့အချိန်ကျမှ အဲဒီစားပွဲထိုး မောင်လေး တဖြစ်လဲ ဆရာလေးက ဇာတို့အခန်းထဲလည်း ဝင်လာ ရော ဇာ့မှာ မျက်နှာတွေထူပူပြီး ထွက်ပြေးရကောင်းနိုး၊ ဆက်ထိုင်နေရ ကောင်းနိုးနဲ့ အနေရခက်ခဲ့ဖူးတာတွေ။ စာသင်ဆောင်ရဲ့ ဟိုး အမြင့်ဆုံးအထပ်ဆီကနေ နှစ်ရာတန်ရွက်ကလေးကို အပ်ချည် ကြိုးမျှင်မျှင်ကလေးနဲ့ ချည်ပြီး အရှည်ကြီး ချထားခဲ့ပြီး လောဘ တကြီး လှမ်းကောက်တဲ့လူတွေကို မျှားရင်း တခိခိ ကျိတ်ရယ်မော တတ်တာ၊ ဒေါက်ဖိနပ်မြင့်မြင့် စီးတတ်ပြီး မကြာခဏ သူများတွေရဲ့ ခြေထောက်တွေကို တက်နင်းမိတာတွေ၊ ခလုတ်တိုက်မိ၊ ခြေချော်လဲ





မိတာတွေ . . . စသဖြင့် ရယ်စရာတွေ ပြောပြောပြီး ရယ်မောမိကြ တာ အကြာကြီး။ သူကဖြင့် ဝင်ရယ်မောဖော်တောင် မရ။ ဘာမှ မကြားတဲ့ အတိုင်း။ ည ကိုးနာရီလည်းထိုးရော . . .

"ကျွန်တော် သွားအိပ်လိုက်ဦးမယ် . . ."

ဆိုပြီး ဘယ်သူ့ကိုမှန်းမသိ ရောနှုတ်ဆက်ပြီး အခန်း ထဲ တန်းဝင်သွားရော။ ဇာနဲ့ ငထိုက်ခမျာ တစ်ယောက်မျက်နှာ ဘစ်ယောက်ကြည့်ပြီး မအီမလည်ကြီးတွေ ပြုံးမိကြတယ်။

"ငထိုက် . . . နင် သူ့ကို ဘယ်လိုမြင်လဲ"

လို့ . . . ထိုက်တန်ကို မေးကြည့်မိတယ်။

"မသိဘူးလေ . . . သူ့ရုပ်ကြီးက ရေခဲတုံးကြီးလို အေး စက်စက်ကြီး၊ နင် အဲဒါကြီးကို ချစ်တယ်ဆိုတာ ဘာကို ချစ်တာလဲ၊ ငါတောင် နားမလည်ဘူး"

တဲ့ . . .။

"အေး . . . ငါကလဲ အဲဒီစတိုင်လ်ကိုပဲ ချစ်တာဟ၊ သူ သွေးဆူလှုပ်ရှားလာအောင် ငါ ဘာလုပ်ရမလဲ၊ နင်တို့ ယောကျ်ားတွေရဲ့ ရေဆူပွိုင့်က ဘာလဲ . . ."

ဇာ့မေးခွန်းကို ထိုက်တန်က တဟက်ဟက်နဲ့ သဘော ကျသလို ရယ်ပါတယ်။ ပြီးတော့ တိုးတိုးကလေး သင်ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



“သူ့ကို ကွိုင်ရှာဟာ၊ ပြဿနာရှာ . . . ရန်စပြီးတော့ ရန်ဖြစ်ကြ၊ ရန်ဖြစ်ပြီးရင် သွေးဆူလာရော၊ သူကြိုက်တာတွေချည်း လိုက်လုပ်ပေးမနေနဲ့၊ သူ မကြိုက်တာတွေလည်း ကိုးလို့ကန့်လန့် လျှောက်လုပ်ပစ်၊ သူ့ကို ရစ်ပေး၊ အဲဒါမှ နင့်လူ သွေးပူလာမှာ”

တဲ့ . . .။ ဇာလည်း သူ့ကို ရစ်ကြည့်ဖို့၊ ကွိုင်ရှာဖို့ ကြိုးစားကြည့်ပါတယ်။ ထိုက်တန်ပြန်သွားပြီး ဇာ အခန်းထဲ ဝင်လာတော့ ချစ်လှစွာသော လင်တော်မောင်က အိပ်မောကျလွန်းလို့ ဟောက်တောင် ဟောက်တော်မူနေပြီလေ။ ဘယ်လောက်များ ပူပန်ကြောင့်ကြကင်းလိုက်သလဲဆိုတာ။ သဝန်တိုဖို့ဆိုတာ သူနဲ့ အဝေးကြီးပေါ့။ အိပ်မောကျနေတဲ့ သူ့ကို ခပ်ကြမ်းကြမ်းကလေးပဲ ပုတ်နှိုးပစ်လိုက်ပါတယ်။ ဟင် . . . ဆိုပြီး သူ ငေါက်ခနဲ ထ,လာတယ်။ ဇာက အားနာသနားစိတ်ကို အသာထားပြီး . . .

“ကို့ဟောက်သံက ကျယ်လွန်းတယ်၊ ဒီမှာ ဇာ အိပ်လို့မရဘူး၊ ဟောက်သံမထွက်ဘဲ အိပ်လို့မရဘူးလား၊ မဟောက်နဲ့၊ ဟောက်တာနဲ့ နှိုးနေမှာပဲ . . .”

လို့ . . . ပြောလိုက်တော့ ကျစ်ခနဲ စုတ်တစ်ချက်သတ်ပြီး မျက်နှာပေါ် ခေါင်းအုံးကြီးဖိပြီး အိပ်ပေးရှာပါတယ်။





သူများယောကျ်ားတွေဆို ဒီလို ဘလိုင်းကြီး အနှိုးခံရ၊ အရစ်ခံရ ဒေါသတွေထွက်ပြီး စိတ်တို သွေးပူကောင်း ပူမှာဖြစ်ပေမယ့် ကိုတက်ကိုးဝေတို့ကတော့ အေးဆေး။ ဇာကတော့ တစ်ညလုံး စိတ်ရှည်လက်ရှည်ကို ထိုင်ပြီးတော့ သူ့ကို ရစ်နေတာပါ။ သူများ စိတ်တိုပြီး ပြဿနာရှာမလားလို့လေ။ ဟောက်သံထွက်လာလိုက်၊ ဇာက သူ့ကို လှုပ်နှိုးပြီး ရစ်လိုက်နဲ့ . . . နောက်ဆုံးတော့ သူ့ခမျာ အခန်းထဲကနေ ထွက်သွားပြီး ဧည့်ခန်းထဲက ဆိုဖာပေါ်မှာ ကွေးကွေးကလေး သွားအိပ်နေပါတော့တယ်။

xxx



www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်တွေမှာ ထိုက်တန်တစ်ယောက် သူငယ်ချင်းကောင်းပီသစွာနဲ့ ဇာ့အိမ်ကို ခပ်စိပ်စိပ်ကလေး ဝင်ထွက်လည်ပတ်တာတွေ လုပ်လာပါတယ်။ ဥပမာ . . . ဇာ ရှော့ပင်ထွက်ချင်လို့ သူ့ကို အဖော်ခေါ်ရင် ချက်ချင်း ရောက်လာပေးတာမျိုး၊ စနေ . . . တနင်္ဂနွေလို အားလပ်ရက်မျိုးမှာ ဇာ့အိမ်မှာ အေးအေးဆေးဆေး spend the day လာလုပ်တာမျိုး၊ ဇာ့အတွက် လက်ဆောင်ကလေးတွေ ဝယ်လာတတ်တာမျိုး၊ ဇာက အိပ်နေရင်းရေမိုးချိုးပြီးကာစ လတ်လတ်ဆတ်ဆတ် ရှင်မတောင်သနပ်ခါးပါးကွက်ကြားနဲ့နေရင် . . .

"ဝိုး . . . လှလိုက်တာ ဇာရယ်၊ နင့်မျက်နှာလေးက အေးချမ်းပြီး စိတ်ချမ်းသာဖို့ကောင်းလိုက်တာ၊ မိန်းကလေးတစ်ယောက်ဆီကနေ သနပ်ခါးနံ့ကလေး သင်းသင်းလေးရတာလောက် စိတ်ကြည်လန်းဆန်းစေတာ မရှိတော့ဘူးဟ"

ထိုက်တန်က သူ့ရှေ့မှာပဲ အဲဒီစကားကို ပြောတာပါ။ ဇာက ချက်ချင်းပဲ သူ့ကို လှမ်းအကဲခတ်လိုက်ပေမယ့် သူက ဘယ်လိုမှ နေပုံမရ။ အေးအေးဆေးဆေး။ ဇာက ဒီနေ့တော့ သူတို့အတွက် မြီးရှည်လုပ်ကျွေးတာမို့ မြီးရှည်ကို ကိုယ်တိုင်ပဲ





ပြင်ဆင်သုပ်ကျွေးပါတယ်။ ထုံးစံအတိုင်း ကိုတေမိဆီက ဘာသံမှ မကြားရပေမယ့် ထိုက်တန်ကတော့ အဆက်မပြတ် ခရားရေလွှတ်ဘတွတ်တွတ်လေ။

"ဇာရယ် . . . နင့်လက်ရာ မြီးရှည်လောက် ကောင်းတဲ့ မြီးရှည်မျိုး ကမ္ဘာပေါ်မှာ မရှိတော့ဘူး၊ ငါ တကယ်ပြောတာနော်၊ နင့်လက်ရာက အရမ်းကောင်းတယ်၊ ပရော်ဖက်ရှင်နယ်လ်ပဲ၊ နောက်ဆို တခြားမြီးရှည်တွေ ငါ စားချင်တော့မှာ မဟုတ်ဘူး၊ ပြောပါဦး . . .၊ နင်က ဘာဖြစ်လို့ ဒီလောက် တော်နေရတာလဲဆိုတာ၊ ငါ အပိုတွေ ပြောနေတာ မဟုတ်ဘူးကွာ၊ ရုပ်ကလေးကလည်း ချော၊ အပြောကလည်း ကောင်း၊ ဟင်းတွေ မုန့်တွေလည်း မျိုးစုံချက်ပြုတ်စီမံတတ်၊ အိမ်ရှင်မကောင်း တစ်ယောက်လည်းဖြစ်တဲ့ နင့်လိုမိန်းကလေးမျိုးကို ရထားတဲ့ ကိုတိုးကတော့ တကယ် ကံကောင်းတာပါ"

ထိုက်တန်တစ်ယောက်တော့ သူ့ကို စကားလုံးတွေ ကျွေးနေပြီဆိုပြီးတော့ ဇာ ရယ်ချင်ပေမယ့်လည်း မရယ်ရဲပါဘူး။ လုပ်ဇာတ်ကြီးမှန်း ကိုယ့်ဘာသာကိုယ် ပြန် သိနေတော့လည်း ရယ်ချင်မိသား။ သူကတော့ ဇာတို့ရဲ့ ဆင်ကွက်အထာတွေကို



www.burmeseclassic.com

www.burmeseclassic.com



ရိပ်မိပုံလည်း မရသလို၊ စိတ်ဝင်စားဟန်လည်း မရှိပါဘူး၊ သူ့ကိုလေ အသည်းယားလွန်းလို့ တစ်ခါတစ်ခါ ကိုင်ဆောင့်ဆွဲခါယမ်းပစ်လိုက်ချင်မိတဲ့ အထိပဲ။

"ဇာ . . . နင် ဘာရေမွှေးဆွတ်ထားတာလဲ၊ အဲဒီ အနံ့လေး မိုက်တယ်ဟာ၊ အရမ်း ဆွဲဆောင်မှုရှိတယ်"

လို့ . . . ငထိုက်ကပြောတော့ နည်းနည်း ထူးခြားတာက သူက ဇာ့ဆီ ဖျတ်ခနဲ မျက်လုံးလှန်ကြည့်တယ်လေ။ ဇာကလည်း ထူးပြီဆိုပြီး ပြုံးပြုံးကလေးနဲ့ . . .

"ဩော် . . . ဒါလား၊ CHANEL လေ၊ COCO MADEMOISELLE ပေါ့၊ သူက ပန်းရနံ့ကလေးလေ"

လို့ ဖြေလိုက်တယ်။ ထူးခြားတာက နောက်တစ်နေ့မှာ ဇာ့ရဲ့ မှန်တင်ခုံပေါ်က အဲဒီ CHANEL ရေမွှေးပုလင်းကလေး ပျောက်ခြင်းမလှ ပျောက်သွားတာပါပဲ။ အဲဒါကို ဘာအဓိပ္ပာယ်ဖြစ်မလဲလို့ ထိုက်ကို မေးကြည့်တော့ ထိုက်က . . .

"နင့်လူရဲ့ သဝန်တိုစိတ် စ,ပေါ်လာတဲ့ သဘော၊ နိုးကြားလာတဲ့ သဘောပေါ့ဟ၊ နင့်ဆီက ဒီအနံ့လေး ရနေတာကို ငါ ချီးကျူးတာ သူ မခံနိုင်ဘူးလေ၊ ဒါကြောင့် နင် ဆွတ်လို့ မရတော့အောင် သူ သိမ်းပစ်လိုက်တာပေါ့"





ဇာ့ရင်ထဲ နွေးခနဲတော့ ဖြစ်သွားမိပါရဲ့။ နောက်တော့ ဇာနဲ့ထိုက်တန် မကြာခဏ ရှော့ပင်သွားတတ်တာကို သူ သိနေတာမို့ . . .

"ဈေးသွားချင်ရင် ကိုယ်လိုက်ပို့ပေးမယ် . . ."

လို့ . . . ဆိုလာပါရော။ အရင်တုန်းက ဘယ်တုန်းကမှ ဈေးလိုက်ပို့ပေးရကောင်းမှန်း မသိတဲ့ လင်တော်မောင်ဆီက အဲဒီကမ်းလှမ်းမှုကိုရခဲ့တာ ဇာ အရမ်းဝမ်းသာပါတယ်။

"ဇာ နင် အဲဒီအင်္ကျီလေးနဲ့ အရမ်းမိုက်တယ် သိလား . . . ရှယ်ပဲ . . ."

လို့ . . . ထိုက်တန်က အမှတ်တမဲ့ဟန်နဲ့ ပြောတတ်တဲ့ ဇာ့ရဲ့အင်္ကျီလှလှကလေးတွေ၊ ဇာ့ ဘီရိုထဲကနေ ပျောက်ခြင်းမလှ ပျောက်ကုန်တယ်။ သူ့ရဲ့ သွေးတို့ ပူနွေးလာခြင်း အထိမ်းအမှတ်လား မသိ။

ဒီလိုနဲ့ တစ်ခုသော စနေနေ့မှာတော့ သူက စကားပြောလာတယ်။

"အဲဒီကောင်က တခြားသွားစရာနေရာ မရှိတော့ဘူးလား၊ ဘာဖြစ်လို့ အားအားယားယား ကိုယ်တို့အိမ်မှာပဲ လာစားသောက် ပျော်ပါးနေရတာလဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



တဲ့လေ . . .။

“သြော် . . . သူငယ်ချင်းတွေပဲ ကိုရယ်၊ သူကလည်း ဇာ့ကို ခင်လို့လာနေတာပါ၊ ဇာတို့က စကားပြောလို့ ကောင်းတယ်လေ၊ ဇာ စကားများတဲ့ဒဏ်ကို သည်းခံနိုင်တဲ့လူက အရှားသား၊ သူက ဇာ ဘာပြောပြော နားထောင်ပေးတယ်၊ အကြံဉာဏ်ပေးတတ်တယ်၊ မျှဝေခံစားလို့၊ တိုင်ပင်လို့ ကောင်းတယ်လေ၊ ဘာဖြစ်လို့လဲဟင် . . .”

ဇာက မသိချင်ဟန်ဆောင်ပြီးမေးတော့ သူက တုံးတိတိပဲ ဖြေပါတယ်။

“သူက ဇာ့ယောကျ်ားမှ မဟုတ်တာ . . .”

တဲ့ . . .။ ဇာ တော်တော် ရယ်ချင်သွားတယ်။ သူ သဝန်တိုပုံက သနားစရာ။ ရိုးစင်းလွန်းအားကြီးတယ်လေ။

“နို့ . . . ကိုက ဇာ့ကို သူ့လို နားလည်သည်းခံပေးနိုင်လို့လားရှင်”

“ဘာဖြစ်လို့ မခံနိုင်ရမှာလဲ၊ ကိုယ့်မိန်းမပဲ ဥစ္စာ”

“မိန်းမပေမယ့် မိဘတွေပေးစားလို့ ယူထားရတာလေ၊ ဇာ့ကို စိတ်ပျက်ချင် ပျက်နေမှာပေါ့၊ မကောင်းတတ်လို့ ပေါင်းသင်းနေရတာလားမှ မသိတာ”





“စိတ်က မပျက်ပါဘူး၊ မကောင်းတတ်လို့ ပေါင်းနေတာလည်း မဟုတ်ဘူး၊ ကောင်းလို့ကို ပေါင်းနေတာ”

တဲ့ . . .။ ဇာက တော်တော် ရယ်ချင်နေပြီ။

“ဇာက စကားများတယ်မှလား၊ အဲဒါကို ခံနိုင်လို့လား”

“စကားများသံက နားထောင်လို့ ကောင်းနေတာပဲ၊ ပြဿနာမှ မရှိတာ”

“သြော် . . . မသိပါဘူး၊ ဇာက ကိုများ ဇာ့ကို မုန်းနေသလားလို့ပါ”

“ကျစ် . . . ဘာကိစ္စ ကိုယ့်မိန်းမကို ကိုယ်ပြန်မုန်းရမှာတုန်း၊ အဓိပ္ပာယ်မရှိတာတွေ ပြောမနေနဲ့၊ အဲဒီကောင်ကိုသာ ခဏခဏ အိမ်ကို မလာခိုင်းနဲ့၊ မျက်စိနောက်တယ်၊ ဒီကောင် ကြာကူရီ၊ မသိဘူးများ မှတ်နေလား မသိဘူး၊ ကိုယ့်မိန်းမကို ကြည့်ပုံရှုပုံ . . . ပြောဆိုဆက်ဆံပုံတွေက ရိုးကို မရိုးတာ၊ ယောကျ်ားချင်းပဲကွာ . . . သိတာပေါ့၊ ကြာရင် ဆွဲထိုးမိလိမ့်မယ်”

“အဲဒါက ဘာဖြစ်တာလဲဟင် . . . သဝန်တိုတာလား”

“ဒါပေါ့ . . .”

“သဝန်တိုတာ ဘာဖြစ်လို့လဲ . . .”



www.burmeseclassic.com

www.burmeseclassic.com



ဇာက မသိချင်ဟန်ဆောင်ပြီး ဆက်မေးပါတယ်။ သူက တဲ့ပဲ ဖြေတယ်။

“သဝန်တိုတာ ချစ်လို့ပေါ့ ... ဒါလေးတောင် မသိဘူးလား”

တဲ့လေ ...။ ဇာ သူ့ကို အားပါးတရ ဖက်ထားလိုက်မိတယ်။ အံ့ဩဖို့ကောင်းလှချည်လား။ ဇနီးချောများ အဖွဲ့ ရဲ့ နည်းဗျူဟာက အဲဒီလောက် ထိရောက်လိမ့်မယ်လို့ ထင်ကို မထင်ခဲ့တာပါ။ ခုတော့ ဇာက လိုချင်တာကို ရခဲ့ပြီ။ ကိုယ့်ယောကျ်ား ကို ဆွဲဆောင်ဖို့ဆိုတာ မိန်းမတစ်ယောက်အတွက် ပါးနပ်တဲ့ ပရိယာယ်ပဲ လိုအပ်တာပါ။ အဲဒါကို ဇနီးချောများက သိထားနှင့် တယ်လေ။

xxx



# အခန်း ၄



www.burmeseclassic.com

www.burmeseclassic.com

# ဇနီးချောများကွန်ရက်



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ မာယာတို့လေးယောက်သား လာနေကျ Beauty Spa မှာ စုဝေးမိကြပါတယ်။ ကုတင်လေးတွေပေါ်မှာ လေးယောက်သား ပက်လက်ကလေးတွေ လဲလျောင်းရင်း မျက်နှာကို အနှိပ်ခံ၊ ပေါင်းတင်ခံနေကြတာပါ။

"အမရာ . . . ရှင့်ရဲ့ ဆန္ဒပြကွက် အောင်မြင်သွားသလား၊ ကုတင်အောက်မှာ ရိက္ခာတွေထားပြီးတော့ အဆာငတ်ခံပြတဲ့ နည်းလေ"

"ဟား ဟား . . . အောင်မြင်ပါ့ရှင်၊ သူကလေ ကျွန်မကို အရမ်း သနားသွားတာ သိလား၊ နှစ်ရက်လုံးလုံး အပြင်လည်း မထွက်ဘဲ အခန်းအောင်းနေလိုက်တာကိုး၊ ဟီး ဟီး . . . သူ ဝင်လာတာလည်းမြင်ရော အားပြတ်ပြီး မူးလဲပျော့ခွေသွားချင်ဟန်ဆောင်လိုက်သေးတာ၊ ကွက်တိပဲ . . .၊ သူ



www.burmeseclassic.com

www.burmeseclassic.com



သနားပြီး အမရာလေး ကလေးထပ်မလိုချင်လည်း မယူပါနဲ့တော့လေတဲ့၊ ကိုယ့်ကိုယ်ကိုယ်တော့ မနှိပ်စက်ပါနဲ့တဲ့၊ ဟီဟိ . . .၊ ယောကျ်ားတွေများ အရမ်းသနားဖို့ကောင်းတယ်သိလား၊ မျက်ရည်ကလေးတွေပါ ဝေ့သီပြလိုက်ရင် သူဘယ်လိုမှ မနေနိုင်တော့ဘူး"

"အဲဒါကြောင့် ယောကျ်ားတွေက ပြောတာပေါ့၊ မိန်းမတွေရဲ့ လက်နက်က မျက်ရည်စက်တဲ့၊ ယောကျ်ားတစ်ယောက်ရဲ့ စိတ်ကို လျှာနဲ့ သတ်လို့ရတယ်၊ ယောကျ်ားတွေရဲ့ နှလုံးသားကိုတော့ မျက်ရည်နဲ့ ဖြားယောင်းလို့ရတယ်တဲ့၊ မိန်းမတွေမှာ လက်နက်တွေက အပြည့်တဲ့"

"ဟော . . . ဘယ်သူပြောတာလဲ၊ အဲဒီစကားကို . . ."

"အမရာမောင်ပြောတာလေ . . . ဟား ဟား"

မျက်နှာပေါင်းတင်ပြီးတဲ့အခါ ဈေးလေး ဘာလေးဝယ်ပြီး net cafe မှာ ဝင်ထိုင်ပြီး စာတွေစစ်ကြတယ်။ face book မှာ Beautiful Wives Club ရဲ့ အဖွဲ့ဝင်တွေက ကြောက်ခမန်းလိလိ တိုးတက်လာနေတာ အခုဆို ငါးထောင်နီးနီးတောင် ဖြစ်နေပြီ။ ဒါဟာလည်း အောင်မြင်မှုတစ်ခုပါပဲ . . .။ မိန်းကလေးတွေဆီကနေ ယုံကြည်အားကိုးမှုနဲ့ ဖွင့်ဟတိုင်ပင် အကြံဉာဏ်တွေ





တောင်းခံကြတယ်ဆိုတာ ဇနီးချောများအဖွဲ့ရဲ့ အောင်မြင်မှုပါပဲ။

"ဒီမှာကြည့်စမ်း . . . ဒီတစ်ယောက်ရဲ့ ဇာတ်လမ်းကရယ်ရတယ်၊ သူတို့လင်မယားက အရမ်းလည်း ချစ်တယ်ဒါပေမယ့် လုံးဝလည်း မတည့်ဘူးတဲ့၊ အပြတ် ဖိုက်နေရတာချည်းပဲတဲ့၊ ရန်ဖြစ်ပြီးရင် ပြန်ချစ်ရတာက အရသာတစ်ခု ဖြစ်နေတာတဲ့၊ ဒါပေမယ့် ပြဿနာက ရန်ဖြစ်ပြီးရင် အိမ်ကပစ္စည်းတွေ ထုန္ဓက်ရိုက်ခွဲဖျက်ဆီးပစ်တာ၊ သူတန်ဖိုးထားတဲ့ ပစ္စည်း၊ ကိုယ် သိပ်မြတ်နိုးစွဲလမ်းတဲ့ ပစ္စည်းတွေကို ရွေးပြီး ရိုက်ခွဲဖျက်ဆီးကြတာဆိုတော့ ပိုက်ဆံတွေအရမ်းကုန်တယ်တဲ့၊ ဒါပေမယ့်လည်း ရန်ဖြစ်နေတဲ့အချိန်မှာ နှစ်ယောက်စလုံး စိတ်ကို ဘယ်လိုမှ မထိန်းချုပ်နိုင်ကြဘူးတဲ့"

"သျှင်နှောင်း" တဲ့ . . .။ နာမည်လေးက။

"ချစ်တဲ့ မမဇနီးချောများရေ . . .

ကျွန်မနာမည်က သျှင်နှောင်းပါ၊ အိမ်ထောင်သက်သုံးနှစ်ရှိပါပြီ၊ ကျွန်မ ခင်ပွန်းနာမည်က ရွှေမိုးညိုပါ၊ ကျွန်မတို့ တစ်ယောက်နဲ့တစ်ယောက် အရမ်းလည်း ချစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ နှစ်ယောက်စလုံး စိတ်ဆတ်တာ၊ အထအနကောက်တတ်တာ၊ သဝန်တိုတတ်လွန်းတာ၊ ဆတ်ဆတ်ထိမခံကြွတ်ဆတ်လွန်းတာ၊ ဒေါသကြီးတာ၊ သွေးဆူလွယ်တာ၊ ရန်လိုတတ်တာတွေမှာ အရမ်းတူပါတယ်၊ အဲဒီလို စရိုက်တူတော့ ပြဿနာက တစ်နေ့တစ်နေ့ ရန်ပွဲတွေ တခြိမ်းခြိမ်းနဲ့ တစ်နေ့မှ မဖြစ်ရတဲ့နေ့ရယ်လို့ မရှိပါဘူး၊ ရန်ဖြစ်ကြတဲ့ အခါမှာလည်း ဆိုးတာတစ်ခုက နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် လူကို နာအောင်မလုပ်ဘဲ၊ စိတ်ကို နာစေအောင် သူ အရမ်း မက်မောစွဲလမ်းတဲ့ဟာ၊ ကိုယ် သိပ်ကြိုက်တဲ့ အရာတွေကိုချည်း အပြန်အလှန် ဖျက်ဆီးပစ်တတ်ကြတာပါ၊ ရန်ဖြစ်နေတဲ့အချိန်မှာ နှစ်ယောက်စလုံး အရမ်း သွေးဆိုးတာပါ၊ ကိုယ့်စိတ်ကို ဘယ်လိုမှ မထိန်းချုပ်နိုင်ကြပါဘူး၊ စိတ်ပြန်ပြေသွားတဲ့အခါကျတော့ အကွဲအပျက် ပစ္စည်းကလေးတွေကို ကြည့်ပြီး အမြဲတမ်း နှမြောကြေကွဲရပါတယ်၊ ဖြစ်နိုင်ရင်တော့ ကျွန်မ သူနဲ့ ရန်မဖြစ်ချင်ပါဘူး မမရယ်၊ နှစ်ယောက်သား နားလည်မှု ရချင်တယ်၊ ဒါပေမယ့် ညှိထားကြလည်း ခဏပဲခံတယ် မမ၊ စိတ်ကထောင်းခနဲ ဖြစ်သွားရင် ဘာမှ မမြင်နိုင်တော့ဘူး၊





မမတို့က ယောကျ်ားတွေကို ပါးနပ်စွာ ကိုင်တွယ်ထိန်းချုပ်ထားနိုင်တဲ့ ဇနီးချောတွေမို့ မမတို့ဆီမှာ အားကိုးတကြီး အကြံဉာဏ်တောင်းမိတာပါ၊ အဖြေတစ်ခုခု ရှာပေးပါနော်၊ သူနဲ့ ရန်မဖြစ်ရအောင် စိတ်ကို ချုပ်ထိန်းနိုင်အောင်၊ သူက ရန်စ,လာရင်တောင် သည်းခံနိုင်အောင် ဘာတွေ လုပ်ရမလဲ ဆိုတာ ပြောပြပေးပါနော်၊ ကျွန်မ စမ်းသပ်ကြည့်ချင်ပါတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်မ သူ့ကို အရမ်းချစ်လို့ပါ . . . အဆုံးရှုံး မခံနိုင်လို့ပါရှင်။

ချစ်တဲ့ သျှင်နှောင်း . . .

စာကိုဖတ်ပြီး မာယာတို့ လေးယောက်တောင် နည်းနည်းမောသွားပါတယ်။ အရမ်းစိတ်ကြီးပြီး ထစ်ခနဲဆို ဒေါသထွက်ပြီးသား လူနှစ်ယောက်ရဲ့ အိမ်ထောင်ရေးဟာ ဘယ်လိုများနေမလဲလို့ မြင်ယောင်မှန်းဆလိုက်မိလို့ပါ။

"အဓိကပြဿနာက လူတွေ တစ်ယောက်ကိုတစ်ယောက် စိတ်ဆိုးဒေါသထွက်တဲ့အခါ တစ်ယောက်နဲ့ တစ်ယောက် တုန့်ပြန်ပုံချင်း မတူကြဘူးလေ၊ တချို့က ဖောက်ခွဲပစ်လိုက်ကြတယ်၊ ချက်ချင်းကို ပေါက်ကွဲပစ်တာ၊ တချို့က မြိုထားလိုက်သေးတယ်၊ ပြီးမှ တစိမ့်စိမ့် ပြန်ပေါက်ကွဲတာ၊ တချို့က



www.burmeseclassic.com

www.burmeseclassic.com



တစ်ကနေ တစ်ဆယ်ထိ ရေတွက်ပြီး ဒေါသရဲ့ အရှိန်အဟုန် ပြင်းဆကို လျှော့နည်းအားနည်းသွားအောင် လုပ်တယ်၊ တချို့ကလည်း ဒေါသကို လမ်းလွှဲပစ်လိုက်တယ်၊ ဥပမာ. . . game ကစားတာတို့၊ ဘောလုံးပွဲ ကြည့်ပစ်လိုက်တာတို့၊ လက် ဝှေ့ပွဲ ကြည့်ပစ်လိုက်တာတို့ လုပ်ပြီး အဲဒီအထဲမှာ စိတ်ကို နှစ်ပြီး အော်ဟစ်အားပေးပြီး ကိုယ့်ရဲ့ဒေါသကို အဲဒီထဲမှာပဲ ဖောက်ခွဲထုတ်ပစ်လိုက်တယ်၊ ကဲ . . . မာယာက စပြောပါဟယ်၊ ရှင်ရော ဒေါသထွက်တဲ့အခါ ဘာလုပ်တတ်သလဲ၊ ဥပမာ . . . ရှင့်ရဲ့ မောင်တော်ကို စိတ်ဆိုးတဲ့အခါပေါ့"

မာယာက ပခုံးကလေးတွန့်ပြီး တစ်ချက် စဉ်းစား တယ်။

"ကျွန်မ သူ့ကို စိတ်ဆိုးရင် လုံးဝ စကားမပြောတော့ဘူး၊ သူ့ကို ရှောင်နေလိုက်တယ်၊ သူ့ကို နာအောင်ပြောချင်တဲ့ စကားတွေ ခေါင်းထဲမှာ အစီအရီ ပေါ်လာတယ်၊ လျှာဖျားထိ တက်လာတယ်၊ ဒါပေမယ့် အဲဒီစကားတွေကို ရေချိုးခန်းထဲ ဝင်ပြီး မှန်ထဲကို ကြည့်ပြီး သူ့ကို ပြောသလိုမျိုး လက်ညှိုး ငေါက်ငေါက်ထိုးပြီး ပြောပစ်လိုက်တယ်၊ သူ့ကိုတော့ မကြား





စေရဘူးပေါ့"

"ကြည့်စမ်း . . . တယ်ဟုတ်ပါလား၊ အဲဒီနည်းကို ကျွန်မတို့ မသိရသေးပါလား၊ နေဦး . . . စမ်းကြည့်ရဦးမယ်"

"ကဲ . . . ဒီတစ်ခါ အမရာပြော"

"ကျွန်မကတော့ စိတ်ကောက်ပစ်လိုက်တာပဲ၊ မျက်ရည် ကျပစ်လိုက်တယ်၊ ဆန္ဒတွေ ပြလိုက်တယ်၊ သူကလည်း ကျွန်မမျက်နှာ အညိုမခံတော့ ပြန်ချော့တယ်၊ ဒါလောက် ပါပဲ၊ တစ်ခါမှတော့ ကြီးကြီးမားမား ရန်မဖြစ်ဖူးခဲ့ဘူး"

"ဒါကလည်း တစ်နည်းကောင်းတာပေါ့လေ၊ မဒီကျတော့ ရော"

"ကျွန်မလား . . . သူ့ကို အရမ်းစိတ်တိုလာရင် သူ့ကို ကျွန်မ အရမ်း စိတ်ဆိုးနေတဲ့အကြောင်း၊ သူ့လုပ်ရပ် သူ့အပြော အဆိုကို မကြိုက်တဲ့အကြောင်း၊ သူနဲ့ နှစ်ယောက်ချင်းဆုံပြီး ပြောပြလိုက်တယ်၊ တတ်နိုင်သလောက်တော့ ပြေပြေလည် လည် ဖြစ်အောင်၊ သူ နားလည်လွယ်အောင် ကြိုးစားပြီး ပြောပြတယ်၊ ကျွန်မအတွက်တော့ အရမ်းခက်တာပေါ့၊ သူ့ကို နာကျင်အောင် လုပ်ချင်စိတ်တွေ၊ ပြောချင်စိတ်တွေကို ရင်ထဲမှာပဲ အကျယ်ကြီး အော်ပစ်နေလိုက်တယ်၊ အပြင်ကို



www.burmeseclassic.com

www.burmeseclassic.com



အထွက် မခံတော့ဘူးလေ၊ အဲဒီ စကားလုံးတွေ အပြင်ကို ရောက်သွားရင် ပြဿနာက ကြီးကျယ်တော့မယ်ဆိုတာကို သိထားတာကိုး”

“ဟုတ်တယ် . . . အဲဒါကတော့ ခက်တယ်၊ ကျွန်မသာဆို စိတ်ဆိုးဒေါသထွက်နေချိန်မှာ သူ့မျက်နှာကို လုံးဝ မကြည့်ချင်ဘူး၊ အသံလည်း မကြားချင်ဘူး၊ အဲဒါကို မျက်နှာချင်းဆိုင်ကြီး ဖွင့်ပြောရမှာက တော်တော်တော့ ခက်လိမ့်မယ် . . . မဒီတော်လို့ဖြစ်မှာ”

“ဟုတ်တယ်လေ . . . ယောကျ်ား ၁၀၀ ကို မယုံရင် စစ်တမ်းကောက်ကြည့်၊ ကြမ်းကြမ်းတမ်းတမ်း အော်ဟစ်ပေါက်ကွဲတတ်တဲ့ မိန်းမ,မျိုးကို ထိပ်တိုက်မတွေ့ချင်လို့သာ ရှောင်ထွက်သွားမယ်၊ ကြောက်သွားတာမျိုး မဟုတ်ဘူး၊ စိတ်ပျက်သွားတာ၊ အထင်သေးသွားတာပဲ ဖြစ်မှာ၊ အဲဒါကို ဖွင့်မပြောရင်သာ ရှိမှာလေ၊ တချို့ မိန်းမတွေက ထင်တတ်ကြတယ်၊ ငါ့ယောကျ်ားကို ငါက နိုင်ရတယ်၊ ငါ တစ်ချက်ပွဲကြမ်းပစ်လိုက်ရင် ငြိမ်ဝပ်ပိပြားသွားတာပဲ . . . လို့ အဲဒီအတွေးအခေါ်က လုံးဝ မှားတယ်သိလား၊ ယောကျ်ားတစ်ယောက်ဟာ ကြမ်းတမ်းပြင်းထန်တဲ့ စကားလုံးနဲ့ ချိုသာ





သိမ်မွေ့တဲ့ စကား ဘယ်ဟာကို ကြိုက်တတ်သလဲ၊ စစ်တမ်းကောက်ကြည့် . . .၊ ၁၀၀ မှာ အယောက် ၁၀၀ လုံးက ချိုသာသိမ်မွေ့တဲ့ စကားကိုပဲ ကြိုက်လိမ့်မယ်၊ ကျွန်မယောကျ်ားကိုတောင် မေးကြည့်ဖူးတယ်၊ သူက ပြောတာ၊ ဘယ်သူက ကြမ်းတမ်းတာကို ကြိုက်မှာလဲကွာတဲ့၊ လူတိုင်းနူးညံ့ညင်သာမှုကိုပဲ သာယာတတ်ကြတာလေ၊ အဲဒါကြောင့် ကျွန်မ သူ့ကို အကြမ်းနည်းဘယ်တော့မှ မသုံးဘူး၊ ကိုယ်လိုချင်တာကို ချိုချိုနွဲ့နွဲ့ သာသာယာယာပဲ ပြောပြီး ရအောင်ယူတယ်၊ ကိုယ်လုပ်ချင်တာကို ဇွတ်လုပ်ပြီးရင် သူ စိတ်ဆိုးရင် တောင်းပန်လိုက်တယ်၊ ကိုယ်ချစ်တဲ့လူကို တောင်းပန်ဖို့ ဘယ်တော့မှ ဝန်မလေးရဘူးသိလား၊ မာနဆိုတာ အလကား အိမ်ထောင်တစ်ခုမှာ မရှိသင့်တဲ့အရာပါ”

တဲ့ . . .။ ဒီတစ်ခါတော့ မဒီ့ရဲ့ ပါးနပ်လိမ္မာမှုကို မချီးကျူးဘဲ မနေနိုင်ကြပြန်ပါဘူး။

“ကဲ . . . ဒါရိုက်တာကတော် သမ္ဘူကရော၊ ဘယ်လိုထိန်းချုပ်ကိုင်တွယ်ပါသလဲ . . . ရှင့်ရဲ့ဒေါသကို”

သမ္ဘူကတော့ ပါးချိုင့်ကလေးတွေပေါ်အောင် ပြုံးရာကနေ အားပါးတရ ရယ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့နှစ်ယောက်ကြားမှာ အရမ်းစိတ်ဆိုးလာရင် သုံးတတ်တဲ့ စကားဝှက်တစ်ခုရှိတယ်၊ အဲဒါကို နှစ်ယောက်သား တိုင်ပင်ပြီး တီထွင်ထားခဲ့တာ . . . 'bad romance'လို့ တစ်ယောက်က အော်လိုက်ရင် နှစ်ယောက်စလုံး ဘယ်လောက်ပဲ နာကြည်းဒေါသထွက်နေကြပါစေ၊ ချာခနဲ လှည့်ထွက်သွားပြီး တစ်ယောက်တစ်ခန်းစီ ခွဲပြီး ဝင်နေလိုက်တယ်၊ ပြဿနာနဲ့ ပတ်သက်တာ၊ စိတ်ဆိုးဒေါသထွက်နေရတဲ့ အကြောင်းရင်းတွေကို စာအုပ်တစ်အုပ်စီထဲမှာ ချက်ချင်းချရေးကြတယ်၊ ဒေါသတွေကို စကားလုံးတွေအဖြစ် ပြောင်းလဲ စာစီပစ်လိုက်တဲ့သဘောပေါ့၊ ပြီးရင် သူ့ကို ချက်ချင်း ပေးဖတ်သေးတာ မဟုတ်ဘူး၊ ကိုယ့်ဘာသာကိုယ် အပြန်အလှန် အထပ်ထပ် ဖတ်ကြည့်နေသေးတာ၊ သိပ်ကြမ်းတမ်း ခက်မာလွန်းတဲ့ စကားလုံးတွေပါနေရင်၊ လေသံက သိပ်ရက်စက်ပြင်းရှလွန်းနေရင် သူ့ကိုပေးမဖတ်တော့ဘဲ ကိုယ့်ဘာသာကိုယ် အပိုင်းပိုင်းအစစ ဆွဲစုတ် ဖြဲပစ်လိုက်တယ်၊ အဲဒီအချိန်ကျတော့ စိတ်ဆိုးဒေါသထွက်နေတာတွေက ပြေတောင် ပြေသွားပြီ၊ စကားလုံးတွေအဖြစ် သွန်ချလိုက်တာကိုး၊ တစ်ခါတစ်လေ နှစ်ယောက်သား စာရွက်တွေ





လဲဖတ်ကြပြီး ရယ်မိကြတယ်၊ အဲဒီနည်းနဲ့တော့ အဆင်ပြေနေတာ ခုထိပဲလေ၊ ဘယ်တော့ ဖောက်မလဲတော့ မသိဘူး၊ သမီးလေးတွေကလည်း ရှိတော့ တစ်ခါတစ်လေ သမီးလေးတွေက ကြားဝင်စေ့စပ်ရင်း ရယ်ရယ်မောမောနဲ့ ချက်ချင်း ပြေလည်သွားတာတွေလည်း ရှိတာပဲ"

"ရှင်တို့နည်းလေးက ရုပ်ရှင်ဆန်လိုက်တာ၊ ဦးနီတိက ဒါရိုက်တာမို့လား မသိဘူး၊ အဲဒါ သူ ထွင်ထားတာမှလား"

"ဟုတ်ပါ့ရှင် . . ."

လေးယောက်သား သျှင်နှောင်းအတွက် အဖြေကို အလွယ်တကူပဲ အဖြေထုတ်ပေးနိုင်ကြပါတယ်။

"ချစ်တဲ့ သျှင်နှောင်းရေ . . .

သျှင်နှောင်းရဲ့ ဇာတ်လမ်းလေးကို ဖတ်ရတာ စိတ်ဝင်စားစရာပါ၊ နှစ်ယောက်စလုံးက စိတ်ဆတ်ကြတာ၊ ဒေါသကြီးကြတာ၊ သွေးဆူပေါက်ကွဲလွယ်တာချင်း တူကြတာဆိုတော့ တစ်ယောက်ယောက်က အလျှော့ပေးဖို့ ပွဲထိန်းပေးဖို့ မလွယ်ဘူးပေါ့နော်၊ ဇနီးချောများအဖွဲ့ထဲမှာ ရှိတဲ့ လေးယောက်စလုံးရဲ့ ဒေါသကို လမ်းလွှဲလိုက်တဲ့နည်းတွေနဲ့ လင်မယားရန်ဖြစ်ကြတဲ့အခါ အရမ်းကြီး ပွဲကြမ်းမသွား



www.burmeseclassic.com

www.burmeseclassic.com



အောင် အစကတည်းက ဘယ်လို ကြိုတင်ညှိနှိုင်းပြင်ဆင်ထားကြသလဲဆိုတာလေးတွေ ပြောပြမယ်နော်၊ သျှင်နောင်းလည်း ဒေါသမထွက်ခင်၊ ရန်မဖြစ်ခင်အချိန် နှစ်ယောက်သား ကြည်ကြည်သာသာ ချစ်ချစ်ခင်ခင် ရှိနေချိန်မျိုးမှာ ကြိုတင်ညှိနှိုင်း တိုင်ပင်ထားသင့်ပါတယ်၊ နံပါတ် (၁)က သျှင်နောင်း သူ့ကို စိတ်ဆိုးဒေါသထွက်တဲ့အခါ သူ့ကို လုံးဝ စကားမပြောဘဲနဲ့ ရှောင်နေကြည့်လိုက်ပါ၊ သူ့ကို ထိခိုက်နာကျင်အောင် ပြောချင်နေတဲ့ စကားတွေကို သူနဲ့ ထိပ်တိုက်ရင်ဆိုင်ပြီး တိုက်ရိုက်မပြောဘဲနဲ့ ရေချိုးခန်းထဲဖြစ်ဖြစ် ဝင်ပြီး မှန်ထဲကိုကြည့်ပြီး သူ့ကို ပြောသလိုမျိုး လက်ညှိုးငေါက်ငေါက်ထိုးပြီး သူ မကြားစေရအောင် အသံမထွက်ဘဲ ပြောပစ်ကြည့်ပါ . . .၊ နံပါတ် (၂)က သူ့ကို စိတ်ကောက်ပစ်လိုက်၊ မျက်ရည်ကျပစ်လိုက်၊ ဆန္ဒပြပစ်လိုက်ပါ၊ ဆန္ဒပြတဲ့နည်းကလေးနဲ့ ဝှက်ဖဲကလေးတော့ ပြောပြထားဦးမှ . . .၊ စားစရာရိက္ခာတွေကို စိတ်မကောက်ခင် ကြိုတင်ပြင်ဆင်စုဆောင်းပြီး သူ မရိပ်မိအောင် ကုတင်အောက်မှာဖြစ်ဖြစ်၊ လုံခြုံတဲ့ တစ်နေရာမှာ ဝှက်ထားပြီးမှ အစာမစားတဲ့ဟန် အခန်းထဲက မထွက်ဘဲ အောင်းနေတဲ့နည်းက အထိရောက်





ဆုံးပါ၊ နံပါတ်(၃)က သူ့ကို စိတ်ဆိုးနေရင် သျှင်နှောင်း စိတ်ဆိုးတဲ့အကြောင်း၊ သူ့လုပ်ရပ်၊ သူ့အပြောအဆို၊ သူ့အမှားအယွင်းတစ်ခုခုပေါ့ . . . အဲဒါကို မကြိုက်တဲ့အကြောင်း သူနဲ့ နှစ်ယောက်ချင်းဆုံပြီး တတ်နိုင်သမျှ ဒေါသကို ချုပ်ထိန်းပြီး သူ့ကို ပြေပြေလည်လည် ပြောကြည့်ပါ၊ အကြမ်းနည်းမသုံးဘဲ ကိုယ်လိုချင်တာကို ချိုချိုသာသာ ပျောင်းပျောင်းနွဲ့နွဲ့နဲ့ ရအောင်ယူတဲ့နည်းပါ၊ စိတ်ဆိုးဒေါသထွက်နေတဲ့ အချိန်ဆိုတော့ ချိုချိုသာသာ ပြေလည်အောင် ပြောဖို့ဆိုတာတော့ အတော်ခက်ပါလိမ့်မယ်၊ ဒါပေမယ့် ယောကျ်ားတွေက အကြမ်းပတမ်းပေါက်ကွဲမှုကို မကြိုက်ဘူးဆိုတာကို သတိပေးနေလိုက်ပါ၊ ကြိုးစားကြည့်နော် သျှင်နှောင်း၊ နံပါတ်(၄)က သျှင်နှောင်းတို့ လင်မယားကြားမှာ အရမ်းစိတ်ဆိုးလာရင် စိုးရိမ်ရေဆူမှတ် အမှတ်အသားအဖြစ် အချက်ပေးတဲ့ သင်္ကေတတစ်ခု . . . စကားဝှက်တစ်ခု ဖန်တီးထားလိုက်ပါ၊ ဇနီးချောများထဲက တစ်ယောက်ကတော့ "bad romance" လို့ တစ်ယောက်ယောက်က အော်ပြောလိုက်ရင် နှစ်ယောက်စလုံး ဘယ်လောက်ပဲ စိတ်ဆိုးနေပါစေ ချာခနဲ လှည့်ပြီး အခန်းတစ်ခန်းစီထဲ ခွဲပြီး



www.burmeseclassic.com

www.burmeseclassic.com




ဝင်သွားကြပါတယ်၊ ပြီးရင် ဒေါသတွေ၊ စိတ်ဆိုးနေတာ၊ နာကြည်းနေတာ၊ သူ့ကို ပြောချင်တာတွေကို စာနဲ့ ရေးချပစ်ကြတယ်၊ ဒေါသတွေက စကားလုံးတွေအဖြစ် ပြောင်းလဲသွန်အန်ပစ်လိုက်တဲ့အခါ အရှိန်လျော့သွားတယ်လေ၊ ရေးပြီးသွားတဲ့ စာကို ကိုယ့်ဘာသာကိုယ် အထပ်ထပ် ပြန်ဖတ်ကြည့်ပြီး သူ့ကို သိပ်ထိခိုက်စေမယ်၊ ကြမ်းတမ်းခက်ထန်နေမယ်ဆိုရင် ဖြဲဆုတ်ပစ်လိုက်ပေါ့နော် . . . အဲဒီနည်းကလေးတွေ သုံးကြည့်ပါဦး၊ ထူးခြားမှုရှိရင် စာပြန်ဦးနော် . . .

ချစ်တဲ့ ဇနီးချောများအဖွဲ့ . . .

xxx



# သျှင်နှောင်း





www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ သူ့ကို သျှင်နှောင်း စိတ်ဆိုးနေတယ်။ ခါတိုင်းလို့ဆိုရင်တော့ ဂူးဂူးဝါးဝါးတွေ အော်ဟစ်ပေါက်ကွဲပြီး သောင်းကျန်းပစ်လိုက်ပြီပေါ့။ လုပ်ပုံကိုကြည့်ဦး . . .။ ခါတိုင်းဆို ရုံးကိုသွားရင် နှစ်ယောက်အတူ ကားနဲ့သွားနေကျ။ သျှင်နောင်းကို ရုံးမှာချထားခဲ့ပြီးမှ သူ့အလုပ်ဆီ ဆက်သွားနေကျဟာ ပုံမှန်။ မနက်ကတော့ သျှင်နှောင်း ရေချိုးနေတုန်းမှာပဲ အပြင်ကနေ . . .

"မိန်းမရေ . . . ဒီနေ့ ရုံးကို Taxi နဲ့ပဲ လစ်လိုက်တော့ နော်၊ ကိုယ် ဘော့(စ်)ကို လေဆိပ်မှာ သွားကြိုရမှာ၊ နောက်ကျနေလို့ . . . လစ်ပြီ"

တဲ့ . . .။ အဲဒါကို ညကတည်းက ကြိုပြောထားခါတော့လား။ ညကျရင်လည်း ကွန်ပြူတာရှေ့က မခွာ။ ကွန်ပြူ



www.burmeseclassic.com

www.burmeseclassic.com



တာဂိမ်းကစားရတာနဲ့၊ ဘောလုံးပွဲ၊ တဲန်းနစ်(စ်) ကြည့်ရတာနဲ့ သူ့လောက် မအားလပ်တာ သူပဲ ...။ အဲဒါကို သျှင်နှောင်း မကြိုက်ဆုံး။ ဘယ်တော့မှ ကြိုကြိုတင်တင် ပြင်ဆင်ညှိနှိုင်းထား တတ်တာမျိုး မရှိ။ အမြဲတမ်း အလောတကြီး ပျာရာခတ်နဲ့ ဗြုတ်စဗျင်းတောင်းချည်း။ သျှင်နှောင်းကတော့ ဘာကလေးပဲ လုပ်လုပ် ကြိုတင်ပြင်ဆင်၊ စနစ်တကျလေးနဲ့ တိကျသေချာချင်သူ၊ သူက ဗရုတ်သုတ်ခ တလွဲတချော်။ အမြဲ ပျာယာခတ်နေတတ်လို့လည်း 'ဆပ်ပြာသည်မ,လင်' လို့ ပြောရင် အနာပေါ် တုတ်ကျသလို ဆတ်ဆတ်ခါနာတတ်သေးတာ။ ပြီးတော့ ချက်ချင်းကို ချေပတတ်တာ ...

"အဲဒါဆို မင်းက ဆပ်ပြာသည်ပေါ့ ..."

တဲ့ ...။ အဲဒီတော့ သျှင်နှောင်းက မခံချိမခံသာ မျက်စောင်းတင်မက လက်ပါ,ပါချင်မိပြီ။ ဒါကြောင့် တချိန်းချိန်း ရန်ဖြစ်ကြတာ ဘာဆန်းလို့လဲ။ ချစ်တယ်လည်းဆိုသေး ...။ ရန်ဖြစ်လို့ သျှင်နှောင်းက လက်ပါရင် သူကပါ လက်ပြန်ပါတာ...။ မတော်တဆလိုလိုနဲ့ ခြေထိုးခံတာမျိုး၊ ဟိုဟာနဲ့ပေါက် ... ဒီဟာနဲ့ပစ် လုပ်တာတာမျိုးက သူ့ရဲ့ ဗီဇ။ တစ်ခါတစ်ခါ ခေါင်းအုံးနဲ့ဖြစ်ဖြစ် အပြန်အလှန် ရိုက်မိရင် ပွဲက တော်တော်နဲ့





မပြီးနိုင်။ သျှင်နှောင်းက သူ့ရဲ့ ကုတင်ပေါ်မှာ သူအိပ်မယ့်အခြမ်း ကိုပဲ ကွက်ပြီး ရေလောင်းချထားရင် သူက သျှင်နှောင်းဘက်အခြမ်း ကိုပါ ချက်ချင်း ရေပြန်လောင်းတတ်သူမျိုး။ ယောကျ်ားမို့ ငါ့မိန်းမပဲလေ ... သည်းခံလိုက်မယ်ရယ်လို့ မရှိ။ တစ်စက် ကလေးမှ အကြောမခံ၊ သေးသေးတင် ... တင်စီးမခံတတ်တဲ့ လူစားမျိုး။

စိတ်တိုတိုနဲ့ အလုပ်ကို Taxi နဲ့ သွားလိုက်ရပြီး အပြန်တော့ လာကြိုပါလိမ့်မယ်လေဆိုပြီး မျှော်လင့်ထားမိသမျှ အလကား။ ညနေလည်း မျှော်ရတာ လည်ပင်းတောင် ညောင် ရေအိုးဖြစ်မတတ်။ သင်းက ပေါ်မလာ။ ဖုန်းဆက်တော့လည်း ဆက်သွယ်မှုဧရိယာပြင်ပတဲ့ ...။ ဒေါသ ဒီဂရီက တရိပ်ရိပ် မြင့်တက်သွားတာ စိုးရိမ်မှတ်တောင် ကျော်လွန် လုလုပါ။ Taxi နဲ့ပဲ အိမ်ပြန်ရောက်လာပြီး ညနေစာအတွက် ချက်ပြုတ်ပြင်ဆင် ထားချိန်ထိလည်း ပေါ်မလာ။ ဖုန်းကလေးတောင် ဆက်ဖော်မရ တာကို သျှင်နောင်း စိတ်ဆိုးတာပါ။ လာပစေဦးဆိုပြီး မျက်လုံး ကစားရှာဖွေထားပြီးသား။ သူ့စိတ်ကြိုက် ပစ္စည်းတွေထဲက ဘာတွေ ကို ရိုက်ခွဲဖျက်ဆီးရပါ့မလဲလို့။ ဒါပေမယ့် ချက်ချင်းပဲ တစ်ခုခုကို ဖျတ်ခနဲ သတိရသွားမိတယ်။ ဇနီးချောများ အဖွဲ့ဆီက စာပြန်ထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အချက်လေးချက်လေ။ ခုအချိန်မှာ အရမ်းဒေါသထွက်နေပေမယ့် အဲဒါလေးကို စမ်းသပ်ကြည့်ဖို့ စိတ်ကူးဝင်လာတာနဲ့ သူ ပြန်မလာခင် ရေချိုးခန်းထဲဝင်လာ . . . မှန်ထဲကို စေ့စေ့ကြည့်ပြီး သူ့ကို ပြောချင်ဆိုချင်နေသမျှ နစ်နစ်နာနာ၊ ရင့်ရင့်သီးသီး စကားတွေကို အားပါးတရကို လွှတ်တော့တာ . . .။ သူ့ကို ပြောနေတဲ့အတိုင်း အားပါးတရကို အော်ဟစ်ပြော၊ ခါးထောက်လိုက်၊ မှန်ကို လက်ညှိုးငေါက်ငေါက်ထိုးလိုက်နဲ့ ရင်ထဲမှာ ဆူဝေနေသမျှ ဒေါသတွေကို ထွက်ပေါက်ပေးလိုက်မိတော့တယ်။ သူ့ဘက်က တုန့်ပြန်မှုမပါတဲ့အတွက် ခါတိုင်းလို သူ့ထက်ငါ အလုအယက်မအော်ရဘူး။ ကိုယ်ပြောချင်တာကို စိတ်တိုင်းကျ ပြောလို့ရတာ အားသာချက်တစ်ခုပါပဲ။ သူ့ကို ပြောသလိုပဲ ပြောလိုက်ရတော့ ဒေါသရဲ့အရှိန်က သိသိသာသာကို သေသွားပါတယ်။

ဒီလိုနဲ့ သူပြန်လာတော့ ခါတိုင်းလို သူ့ကို မျက်နှာချင်းဆိုင် သောင်းကျန်းပေါက်ကွဲချင်စိတ် မရှိတော့ဘဲ သူ့ကို စကားမပြောမိအောင် ရှောင်နေလိုက်တော့ သူက အရမ်း အံ့ဩနေတဲ့ပုံ။ သူ မျှော်လင့်ထားတာက အကြီးအကျယ် ရန်ပွဲလေ။ သူ့ကို တစ်ခါမှ အခုလို ရှောင်မနေဖူးဘဲ အမြဲတမ်း ထိပ်တိုက် တွေ့၊ နားပူနားဆာလုပ်၊ စွာကျယ်စွာကျယ်နဲ့ ရန်လို၊ ဒေါသတကြီး





ရန်ဖြစ်ဖို့ ကြိုးစားတတ်တဲ့ သျှင်နှောင်းလို အရမ်း သွေးဆူလွယ်တဲ့ မိန်းကလေးက အခုလို သွေးအေးငြိမ်သက်စွာနဲ့ သူ့ကို ရှောင်နေတဲ့ သျှင်နှောင်းကို အထူးအဆန်းကြီးနဲ့ သူက နားမလည်နိုင်အောင် ဖြစ်နေတာ။

"မိန်းမ . . . ဘာဖြစ်နေတာလဲဟင်၊ ညနေတုန်းက ကိုယ် ခရီးလွန်နေလို့ပါ၊ ဘော့(စ်)က ခိုင်းလို့ ဟိုး မှော်ဘီဘက်တောင် သွားရတာ၊ ဖုန်းဆက်ဖို့လည်း လိုင်းတွေ မမိလို့ပါကွာ၊ အဲဒီလိုကြီး လုပ်မနေပါနဲ့ . . . စကားပြောပါကွာ၊ သျှင်နှောင်းကလည်း ရန်ဖြစ်ချင်တယ်ဆိုလည်း ဖြစ်လိုက်လေကွာ၊ အဲဒီလိုကြီး ရှောင်နေတော့ ကိုယ် မနေတတ်ဘူးကွ"

ဟင့်အင်း . . .။ သူ့ကို စကားမပြော။ စိတ်ကောက်နေလိုက်ကယ်။ စိတ်ကောက်ရင်းနဲ့ ဟာဖြည်းဖြည်း ရယ်ချင်လာတယ်။ သျှင်နှောင်း သူနဲ့ ရန်တွေသာဖြစ်ဟာ၊ တစ်ခါမှ သူ့ကို စိတ်မှ မကောက်ဖူးတာ၊ စိတ်နဲ့ အခန့်မသင့်တာနဲ့ သူ့ကို မျက်ချင်းတန်းပြီး စိန်ခေါ်ရန်စ,ရန်ဖြစ်ပစ်လိုက်တာ ချည်းပဲလေ၊ ဒီလို စကားမပြောဘဲ မျက်ရည်ကလေး တရစ်ဝဲဝဲလုပ်ပြီး အံကြိတ်နေတော့ သူလည်း တော်တော် စိတ်မကောင်းဖြစ်သွားပုံ ရပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

"ဆောရီးပါကွာ . . . ကိုယ် တောင်းပန်ပါတယ်၊ နောက်ကို အဲဒီလို မဖြစ်စေရပါဘူး၊ ဒီမှာ ကိုယ့်ရဲ့ ဘော့(စ်)က မိန်းမ အတွက်တဲ့ လက်ဆောင်တွေပေးလိုက်တယ်၊ သူ စင်ကာပူ ကနေ ပါလာတာ"

လက်ဆောင်ကလေးတွေရှေ့မှာ တပြုံးပြုံးနဲ့ လာလုပ် နေတော့ သျှင်နှောင်းလည်း တဖြည်းဖြည်း စိတ်ပြန်ပြေလာတယ်။ Estee Lauder ရဲ့ Beyondparadise ရေမွှေးပုလင်းလေးရယ်၊ နှုတ်ခမ်းနီတောင့်ကလေးတွေနဲ့ မိတ်ကပ်ဗူးကလေးတွေဆိုတော့ သဘောကျတာပေါ့လေ။ သူ့ကို မျက်နှာချင်းဆိုင်ပြီး အတတ်နိုင်ဆုံး လေသံအေးအေးနဲ့ . . .

"နောက်ကို အဲဒီလို ဘယ်တော့မှ မလုပ်နဲ့ ယောက်ျား၊ ကြို လည်း မပြောထား၊ ဖုန်းဆက်လို့လည်းမရနဲ့ မိန်းမမှာ taxi နဲ့ သွားရတာ အရမ်းဒုက္ခရောက်တယ်၊ ကြိုကြိုတင်တင် ပြောထားရင်တော့ တစ်မျိုးပေါ့။ ခုတော့ အရမ်းစိတ်ဆိုး တယ် . . . ကိုယ့်ကို ပေယျာလကန် စွန့်ပစ်သလိုပဲ ခံစားရ တယ် . . . သိလား"

"အေးပါကွာ . . . နောက်မဖြစ်စေရပါဘူး၊ ခုဟာက အရေးပေါ်မို့ပါ၊ ကိုယ်ကတော့ မိန်းမနဲ့ တစ်ပွဲတစ်လမ်း နောင်ဂျိန်ပလေးရပြီမှတ်တာ၊ ဟိုကောင်တွေနဲ့တောင် ဘီယာဆိုင်မှာ ချိန်းထားသေးတယ်၊ ရန်ပွဲဖြစ်ရင် ထွက် လာမယ်လို့ . . . အဟီး"

"အခု ရန်ပွဲက မဖြစ်တော့ သွားစရာမလိုတော့ဘူးပေါ့ နော်"

"အေးပေါ့ . . . ဘယ်လိုဖြစ်တာလဲ၊ မကောက်စဖူး စိတ် တွေဘာတွေကောက်လို့"

"ရန်မဖြစ်ချင်တော့ဘူး ယောက်ျားရယ်၊ ရန်ဖြစ်ပြီးရင် သူ့အကြိုက် ကိုယ့်အကြိုက် ပစ္စည်းတွေ ရိုက်ခွဲဖျက်ဆီး ပစ်ရတာ နှမြောလွန်းလို့ beautiful wives club ဆီ အကြံ လှမ်းတောင်းထားတာ၊ ဒါ သူတို့ပေးတဲ့ အကြံပေါ့၊ နောက်ဆို ကိုနှစ်ယောက်စလုံး အရမ်း စိတ်ဆိုးလာရင် တစ်ယောက် ကိုတစ်ယောက် အချက်ပေးတဲ့ သင်္ကေတ စကားဝှက်တစ်ခု ဖန်တီးထားရအောင်၊ ဒါ ကြိုညှိထားတဲ့ သဘောပေါ့၊ တစ်ယောက်ယောက်က အဲဒီ စကားဝှက်ကို သတိတရ အော်လိုက်တာနဲ့ နှစ်ယောက်စလုံး ဘယ်လောက်ပဲ ဒေါသ ထွက်ထွက် ချာခနဲလှည့်ပြီး တစ်ယောက်တစ်နေရာ







www.burmeseclassic.com

www.burmeseclassic.com



ရှောင်ထွက်သွားကြမယ်၊ ပြီးရင် ဒေါ်သတွေ . . . နာကြည်း ချက်တွေကို စာရွက်မှာ ချရေးပစ်ကြမယ်၊ အဲဒီအခါမှာ ဒေါသတွေ အရှိန်လျော့သွားသတဲ့ . . .၊ အဲဒါ သူတို့ ကိုယ်တွေ့ ကျင့်သုံးနေကြတာနော်၊ မိန်းမတို့လည်း စမ်းကြည့် ရအောင်၊ ပြော . . . စကားဝှက်ကို ဘာထား မလဲ"

"ဟာ . . . ဘာတွေလဲကွာ၊ ရှုပ်နေတာပဲ၊ အရမ်း စိတ် ဆိုးနေပါတယ်ဆိုမှ အဲဒီ စကားဝှက်ကို သတိရပါ့မလား"

"ဩော် . . . သတိရတဲ့သူက ပြောကြေးပါဆို"

"ဒါဆိုလည်း မိန်းမပဲ ရွေးပါကွာ"

"အမုန်းတံခါးလို့ ပေးထားမယ် . . . အိုကေ . . . အမုန်း တံခါး ချက်ချင်း ပိတ်သွားအောင်လို့လေ"

"ကောင်းသားပဲ . . . ကိုယ်မှတ်ထားမယ်၊ မဆိုးပါဘူး ခါတိုင်းလို အော်ဟစ်ရန်ဖြစ်ပြီး ပစ္စည်းတွေ ရိုက်ခွဲဖျက် ဆီးပစ်တာထက်စာရင် ဒီနည်းလေးက မဆိုးဘူးပေါ့"

ဒါဟာ ပထမဆုံးအကြိမ် ရန်မဖြစ်လိုက်ရဘဲ ပြေ လည်သွားရတဲ့ အဖြစ်ကလေးဆိုပါတော့။

×××







ဒီတစ်ကြိမ်တော့ သူ့ကို ဘယ်လိုမှ ခွင့်လွှတ်လို့ မရနိုင်တာ။ ဘယ်လိုမှ မမျှော်လင့်မထားတဲ့အဖြစ်နဲ့ ကြုံရတာလေ။ သျှင်နှောင်းက Yankin Centre ရဲ့ City Mart ထဲမှာ ဈေးဝင်ဝယ်ပြီး ကော်ဖီသောက်ဖို့အတက် MK ထဲကနေ ထွက်လာတဲ့ စုံတွဲတစ်တွဲနဲ့ ပက်ပင်းတိုးမိတာ။ ရုတ်တရက် လူတောင် တော်တော်ကြောင်သွား မိတာပါ။ ဒီယောကျ်ားကို ရင်းရင်းနှီးနှီး သိပါတယ်ဆိုပြီးတော့လေ။ နောက်မှ သူ ဖြစ်နေတာ။ တွဲလာတဲ့ အမျိုးသမီးက အပုံစား။ ရင်ဖုံးလက်ပြတ်နဲ့ ထမီရှည်ရှည် တွဲဝတ်ထားပြီး ဒေါက်ဖိနပ်ချွန်ချွန် လက်ကိုင်အိတ်ကို တံတောင်မှာချိတ်ထားတဲ့ ခပ်ကြော့ကြော့ မိန်းမ တစ်ယောက်။ သူ့လက်ထဲမှာလည်း MK ထဲက ဝယ်လာတဲ့ အိတ် တွေနဲ့ လက်နှစ်ဘက်စလုံးမှာ အပြည့်၊ သျှင်နှောင်း ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



ရှော့(ခ်)ရပြီး ဘာလုပ်ရမှန်း မသိအောင်ကို ကြောင်သွားတာ။ ရုတ်တရက် ဒေါသက အလုံးအရင်းလိုက် ဆောင့်တက်လာပြီး မျက်လုံးတွေထဲ ပြာခနဲ ဖြစ်သွားချိန်မှာ လူက အဲဒီမိန်းမကို ဆောင့်တွန်းပစ်မိရက်သား ဖြစ်နေပြီ . . .။ သူ့ကိုလည်း . . .

"ရှင် . . . ဒါဘာလုပ်တာလဲ၊ ဘယ်လိုဖြစ်တာလဲ၊ မိန်းမ တစ်ယောက်လုံး ရှိရက်နဲ့၊ အဲဒါ ဘာဇယားရှုပ်တာလဲ၊ အရှက်ကို မရှိကြဘူး . . ."

ဆိုပြီး . . . အသံကျယ်ကျယ်နဲ့ အော်ပစ်မိတယ်။ သူက . . .

"ဟာ . . . ဒီမိန်းမ၊ ပြဿနာရှာပြီ၊ တောက် . . . မသိဘဲနဲ့ စွတ်ပြောရသလားဟာ၊ ဒါ ကိုယ့်ရဲ့ ဘော့(စ်)၊ မင်း ခုချက်ချင်း ပြန်တောင်းပန်လိုက်"

ဆိုပြီး ပြန်တောင်းပန်ခိုင်းတယ်။ ဟယ်တော့ . . . အဲဒါတော့ ဘယ်သိပ့်မလဲ။ သျှင်နှောင်းလည်း ထူပူသွားတာပေါ့။ သူ့ရဲ့ ဘော့(စ်)ဆိုတာကို သျှင်နှောင်းလည်း တစ်ခါမှ မြင်ဖူးတာမှ မဟုတ်တာကိုး။ ဒါပေမယ့် သူ့ရဲ့ဘော့(စ်)က တော်တော်တင်းသွားပုံရတယ်။ စကားတစ်ခွန်းမှ မပြောဘဲ ချာခနဲ လှည့်ထွက်သွားတယ်။ အဲဒီတော့ သျှင်နှောင်းကတော့ လိုက်ပြီး တောင်းပန်မနေ





ချင်ဘူးလေ။ သူက သျှင်နှောင်းကို ရှုတင်းတင်းကြီးကြည့်ပြီး . . .

"အေး . . . မင်းနဲ့ ဒီပြဿနာကို အိမ်ကျမှ ဆက်ရှင်း မယ်၊ ကိုယ် အလုပ်ပြုတ်ရင်တော့ မင်းပဲ တစ်သက်လုံး လုပ်ကျွေး ပေတော့"

လို့ . . . အနိုင်ပိုင်းပြောပြီး သူ့ဘော့(စ်)နောက် ကောက်ကောက်ပါအောင် လိုက်သွားပါလေရော။ သျှင်နှောင်းက စိတ်တွေဆိုးပြီး ကျန်ရစ်တာပေါ့။ ကိုယ်မှားသွားမှန်းတော့ သိတယ်လေ။ ဒါပေမယ့် မှားသွားပြီးတဲ့ ပြဿနာတစ်ခုကို တောင်းပန်ရုံက လွဲပြီး ဘာတတ်နိုင်မှာမို့လို့လည်းလေ။ ဒါကို သူ့ရဲ့ဘော့(စ်)ကမှ တောင်းပန်ခွင့် မပေးတာ . . . ဘာတတ်နိုင်မှာတုန်း။

အဲဒီညနေမှာ သူ ရုံးကပြန်လာတော့ သျှင်နှောင်း နဲ့သူ အကြီးအကျယ် ရန်ဖြစ်ကြပါရော။

"ကိုယ့်ရဲ့ဘော့(စ်)က ကိုယ့်ကို ဘာပြောလဲ သိလား၊ မင်း မိန်းမကို ယဉ်ကျေးအောင် သင်ထားဦးလေတဲ့၊ ဒါပဲပြောတယ်၊ ကျန်တာ ဘာမှကို မပြောတော့တာ၊ ဘယ်လောက် ရှက်ဖို့ကောင်းသလဲ၊ ဟိုက မင်းကို အထင်သေးသွားတာ မင်းကွာ ဘာမှန်းညာမှန်း မသိသေးဘဲ ရမ်းသမ်းပြီး စွပ်ခဲ့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရသလား၊ ကိုယ်လည်း သိကြာကျတယ်၊ မင်းလည်း ရှိုင်းတယ်ဆိုတာ လူသိသွားတာပေါ့"

တဲ့ . . .။ ကြည့်စမ်း . . . ပြောပုံကိုက။

"ဘယ်သိမလဲဟဲ့ . . . ရှင်တို့က ဘာဖြစ်လို့ ယှဉ်တွဲပြီး ထွက်လာကြသလဲ၊ ဘယ်မိန်းမ,မဆို ဒီလိုမြင်ကွင်းမျိုးကို မြင်ရင် ဒီလိုပဲ အထင်လွဲကြမှာပဲ၊ နေစမ်းပါဦး . . .၊ ရှင့်ရဲ့ ဘော့(စ်)ကရော ရိုးမှရိုးရဲ့လား၊ သူ့ဘာသာသူ ဈေးဝယ်တာပဲ . . . ရှင့်ကို ဘာကိစ္စ တပူးတွဲတွဲ ခေါ်နေရတာလဲ၊ ရှင့်မှာ မိန်းမရှိမှန်း သူ မသိဘူးလား၊ တစ်ချိန်လုံး ရှင့်ကိုပဲ အဖော်လုပ်ခေါ်နေရသလား၊ ရှင်က သူ့ secretary လား၊ သူ့ဒရိုင်ဘာလား၊ ရှင်တို့နှစ်ယောက်စလုံးကိုက မရိုးသားကြတာ၊ မသိစိတ်ထဲကနေ သာယာနေကြတာလေ . . . မသိဘူးများ မှတ်နေလား၊ ဖောက်ပြန်တယ်ဆိုတာ ကာယကံမြောက် ဖောက်ပြန်မှ ဖောက်ပြန်တယ်လို့ ခေါ်တာ မဟုတ်ဘူးဟေ့. . . သိလား၊ စိတ်နဲ့ ဖောက်ပြန်ရင်လည်း ဖောက်ပြန်မှုအရာ မြောက်တာပဲ"

"အေးကွာ . . . ဟုတ်တယ်ကွာ၊ ဖောက်ပြန်တယ်ကွာ၊ မင်းမကျေနပ်ဘူးလား ပြော၊ မကျေနပ်ရင်လည်း အဲဒီမှာ မတ်





တပ်ကြီးပဲ သေလိုက်တော့၊ တစ်စက်ကလေးမှ နားလည်မှုမရှိတဲ့မိန်းမ၊ လူမှုရေးလည်း မရှိ၊ စဉ်းစားဆင်ခြင်တုံတရားလည်း မရှိ၊ စွာဖို့ပဲတတ်တယ်၊ ဒါကြီးကို ယူခဲ့မိတာကိုက ငါ့အမှားပါ၊ ပြန်အမ်းလို့ရရင် ပြန်အမ်းချင်ပါတယ်၊ အတိုးရော အရင်းပါစုပြီး . . ."

"အဲဒါပြန်အမ်းချင်ဦးဟယ် . . ."

သျှင်နှောင်းရဲ့ ဒေါသကို ထပ်ပြီး မချုပ်ထိန်းနိုင်တော့။ ဒေါသဖြစ်တာမှ လူက ဆွေ့ဆွေ့ခုန်ပြီး၊ မျက်လုံးတွေ ဝင်းဝင်းတောက်နေပြီ။ စားပွဲပေါ်က ပန်းအိုးနဲ့ သူ့ကို စ,ပြီးတော့ ပေါက်တော့ သူက ကျွမ်းကျင်စွာ ရှောင်တိမ်းပြီး အလှတင်ထားတဲ့ အရုပ်ကလေးတွေ၊ ခါတ်ပုံမှန်ဘောင်တွေနဲ့ အဆက်မပြတ်ပစ်တော့တာ။ သျှင်နှောင်းလည်း မျက်စိထဲ တွေ့ကရာနဲ့ကို သူ့ကို မထိ ထိအောင်ပေါက်ရင်း သူပေါက်တဲ့ အရာတွေနဲ့လည်း မထိမိအောင် ရှောင်ရတိမ်းရနဲ့ . . .။ အခန်းထဲမှာလည်း ခါတိုင်းလိုပဲ ပစ္စည်းတွေ ကွဲရှပြန့်ကျဲကုန်ပြီ။ အဲဒီခဏမှာ ခေါင်းထဲကို စကားလုံးကလေးက ပြုန်းခနဲ ဆောင့်ခုန်ပြီးတော့ ဝင်လာခဲ့တာပါ။ ဘာတဲ့. . . အမုန်းတံခါး။ ဟုတ်တယ် . . . အဲဒါကို အော်ကြည့်လိုက်မယ်။ ဘာဖြစ်မလဲ သိရအောင်ဆိုပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"အမုန်းတံခါးဟော့ . . . အမုန်းတံခါး"

လို့ အော်လိုက်မိတော့ သူလည်း ကြောင်သွားပုံရတယ်။

"ဘာအမုန်းတံခါးလဲ . . . ဘာလုပ်ရမှာလဲ အမုန်းတံခါး၊ မင်းကို အဲဒီ အမုန်းတံခါးဖွင့်ပြီး အခန်းထဲ ထည့်ပိတ်ထားမယ်၊ ရူးကြောင်ကြောင်တွေ လျှောက်အော်မနေနဲ့"

တဲ့ . . .။ ကဲ . . .။

"စကားဝှက်လေ . . . ရှင်နဲ့ကျွန်မရဲ့ စကားဝှက် အမုန်းတံခါး"

သူတော့ မသိဘူး။ အဲဒီစကားလေးကို ရွတ်လိုက်တဲ့ အချိန်မှာ သျှင်နှောင်းစိတ်ထဲ တုန့်ခနဲ အရှိန်ရပ်သွားတာတော့ အမှန်ပဲ။ သူ့ကို ဘာမှ ဆက်မပြောတော့ဘဲ အခန်းထဲကနေ ထွက်လာခဲ့မိတယ်။ သူလည်း အခန်းထဲကနေ လိုက်ထွက်မလာဘဲ အခန်းထဲမှာပဲ ကျန်ရစ်ခဲ့တယ်။ သျှင်နှောင်းလည်း စာရေးစရာ စာရွက်နဲ့ဘောလ်ပဲန် လိုက်ရှာပြီး အဆက်မပြတ်ကို သွန်ချရေးပစ်လိုက်မိတယ်။ နှစ်ယောက်စလုံး ငြိမ်ကျသွားတာ အကြာကြီးပဲ။ ညစာစားချိန်ရောက်တော့ သျှင်နှောင်းက ဆိုင်ကနေပဲ စားစရာတွေပဲ မှာလိုက်ပြီး တစ်ယောက်တည်း ပြင်ဆင်စားလိုက်တယ်။





သူလည်း ဗိုက်ဆာလာတော့ အခန်းထဲကနေ ထွက်လာတယ်။ စားစရာတွေကို သူ့ဘာသာသူ ပန်းကန်ထဲ ခပ်ထည့်ပြီး စားနေတယ်။ နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် စကားမပြောကြဘူး။ ကြည့်လည်း မကြည့်၊ မျက်ဝန်းချင်းလည်း မဆုံကြပါဘူး။ ဒေါသကတော့ သိသိသာသာပဲ အရှိန်လျော့သွားခဲ့ပြီး စားသောက်ပြီးတော့ အခန်းထဲ ပြန်ဝင်ရင်း ပြန့်ကျဲရှုပ်ပွနေတဲ့ ပစ္စည်းတွေကို သျှင်နှောင်း သိမ်းဆည်းနေချိန်မှာ သူကလည်း လှည်းကျင်း သိမ်းဆည်းပေးဘူး။

သျှင်နှောင်းက ဝမ်းနည်းလာပြီး မျက်ရည်ကျလာတော့ သူက အနားရောက်လာတယ်။

"ဆောရီးပဲ မိန်းမရာ၊ ကိုယ်လည်း ဒေါသထွက်ထွက်နဲ့ ပြောမိပြောရာ လျှောက်ပြောမိသွားတာ၊ စိတ်ထဲကပါလို့ မဟုတ်ပါဘူး၊ မငိုနဲ့ကွာ . . .၊ မိန်းမ မျက်ရည်ကျရင် ကိုယ်မနေတတ်ဘူး၊ အမုန်းတံခါးကို ပိတ်လိုက်တော့၊ ဟုတ်လား . . .၊ ဘယ်မှာလဲ စာတွေရေးထားတာ"

"ဒို . . . တော်ပြီ၊ မကြည့်နဲ့ . . ."

"ကြည့်မှာပဲ . . . ကြည့်ချင်တယ် . . . ပြကွာ"

သျှင်နှောင်းက ခုဏက ရေးထားတဲ့ စာရွက်တွေကို

www.burmeseclassic.com

www.burmeseclassic.com



ပြေးယူပြီး ဆွဲစုတ်ဖြဲပစ်တယ်။ သူက အတင်းလိုက်လုပြီး မရမက ဖတ်ကြရင်း နှစ်ယောက်သား လုံးထွေးရယ်မောမိ သွားကြတယ်။ အံ့သြစရာကောင်းတာက ဒေါသနဲ့ အမုန်းတွေ နာကျင်မှုတွေ လုံးဝ ရှိမနေတော့တာပါပဲ။ အဲဒီအကြောင်းကို ဇနီးချောများကလပ်ကို တော့ ပြောပြရဦးမယ်။ သူတို့ရဲ့ နည်းကလေးက အောင်မြင်တယ်လို့ ဆိုရမှာကိုး။

×××

BURMESE CLASSIC .com

# အခန်း ၂





www.burmeseclassic.com

www.burmeseclassic.com

# ဖွေးလက်စင်ကြယ်



တံခွန်တိုင်စာပေ (၁၂၉)

www.burmeseclassic.com

www.burmeseclassic.com



"ချစ်တဲ့ ဇနီးချောများ အဖွဲ့ရေ"

ကျွန်မက ဇနီးချောများရဲ့ fan တစ်ယောက်ပါ။ ဖွေးလက်စင်ကြယ်ပါ။ facebook စာမျက်နှာတွေမှာ ဇနီးချောများပေးတဲ့ အကြံဉာဏ်တွေနဲ့ အိမ်ထောင်ရှင်မိန်းကလေးတွေရဲ့ အခက်အခဲ၊ ပြဿနာတွေကို ကူညီဖြေရှင်းပေးနေတာတွေ၊ အောင်မြင်မှုတွေရနေတာတွေကို အမြဲ တွေ့နေရပါတယ်၊ ဇနီးချောများရဲ့ အောင်မြင်မှုဟာ တရိပ်ရိပ် တိုးလာတဲ့ fan အဖွဲ့ဝင်တွေကို ကြည့်ရင် သိသာပါတယ်နော်၊ မိန်းကလေးတိုင်းရဲ့ အကြံဉာဏ်တောင်းခံမှုကို ထိရောက်တဲ့ ဉာဏ်စွမ်းတွေ၊ ပညာသားပါမှုတွေနဲ့ ဖြေရှင်းပေးနေနိုင်တာကိုလည်း အံ့ဩစဖွယ် တွေ့ရပါတယ်။ ဒါကြောင့်လည်း ကျွန်မက အားကိုးတကြီး အကူအညီတောင်းချင်မိတာပါ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ ဇာက်လမ်းကလေးကို ပြောပြချင်ပါတယ်။ ကျွန်မနဲ့ ကျွန်မခင်ပွန်းက အိမ်ထောင်သက် ခြောက်နှစ်ရှိလာပါပြီ။ ကလေး မရကြပါဘူး။ သူက အရမ်း အလုပ်များပါတယ်။ နာမည်ကြီး photographer တစ်ယောက်လည်း ဖြစ်ပါတယ်။ သူ့အလုပ်ကိုက မိန်းမချောကလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့အပြင် သူကလည်း အပြောချိုချို အပြောကောင်းကောင်းမို့ သူ့ကို စိတ်မချနိုင်ပါဘူးရှင်။ ကျွန်မရဲ့ ကွယ်ရာမှာ သူ ဘယ်မိန်းကလေးတစ်ယောက်နဲ့များ ဇာတ်လမ်းတွေ ဖြစ်နေမလဲလို့ အမြဲ စိုးရိမ်ပူပန်နေမိတာပါ။ သူ့အပေါ်မှာ သံသယတွေ ရှိလာတာနဲ့အမျှ ကျွန်မ သူ့ဆီကို တခြားမိန်းကလေးတစ်ယောက်ပုံစံမျိုးနဲ့ သူ့ဆီ ဖုန်းဆက်ပြီး အီစီကလီလုပ်ကြည့်ပါတယ်။ အဲဒီအတွက် ဖုန်းတစ်လုံး သူ မသိအောင်ဝယ်ထားပါတယ်။ ကဒ်ဖုန်းဆိုတော့ လွယ်ပါတယ်လေ။ ကျွန်မအသံကို သူ မရိပ်မိအောင်လည်း အသံဖျက်ပြီး ပြောရတာပေါ့နော်။ ပထမတော့ သူက ရိုးရိုးသားသားပဲ ပြန်ပြောတာပါ။ ကျွန်မက ခပ်ညုညုကလေး တမင်ပြောကြည့်တယ်။ သူ့ကို လမ်းတွေ ခင်းပေးကြည့်တယ်။ သူ ဘယ်လိုများ တုန့်ပြန်မလဲဆိုတာ သိချင်လို့ပါ။ နောက်တော့ . . . တဖြည်းဖြည်းနဲ့ သူ ပါလာပါတယ်။ ရိတိတိချိတ်တိတ်တိတ်ကလေးတွေ ပြန်ပြောလာပါရော။ ကျွန်မ သူ့ဆီ





ညတိုင်း သူ အိမ်ကို ပြန်မလာခင် အချိန်မျိုး ဆက်လေ့ ရှိပါတယ်။ သူ studio ကနေ အိမ်ကို ပြန်လာတဲ့လမ်းတလျှောက် သူက အေးအေးဆေးဆေး ဖုန်းပြောရင်းနဲ့ အိမ်ရောက်မှ ဖုန်းကိုချတာပါ။

တဖြည်းဖြည်းနဲ့ သူ့ အပြုအမူတွေနဲ့ ဆက်ဆံရေးတွေက ကျွန်မအပေါ် သိသိသာသာ ပြောင်းလဲအေးစက်လာပြီး ဖုန်းထဲက မိန်းမ (ကျွန်မပါပဲ)ဆီကို သာယာယိမ်းယိုင်နေပါတော့တယ်။ ကျွန်မလေ သူ့ကို စိတ်လည်းဆိုးမိတယ်။ ဒါပေမယ့် သူ့ကိုမုန်းလို့လည်း မရဘူး။ အမှန်အတိုင်း ဝန်ခံရရင် ဖုန်းထဲက မိန်းမရဲ့ဘဝကို ကျွန်မကပါ ပြန်သာယာနေမိ ပြန်တယ်။ သူက ဖုန်းထဲမှာစကားပြော အရမ်းကောင်းတယ်။ ညှုလည်း အရမ်းညှုတတ်တယ်။ ကျွန်မတို့နှစ်ယောက်ဟာ တရားဝင် ဖွင့်မပြောပေမယ့် အလိုလိုနားလည်မှုရနေကြတဲ့ သမီးရည်းစားတွေလိုပါပဲ။ ခိုးကြောင်ခိုးဝှက်နဲ့မို့ ပိုချိုမြိန်သလား မဆိုနိုင်ဘူးလေ။

အခုတော့ သူက ပြောလာတယ်။ အပြင်မှာ တွေ့ရအောင်တဲ့။ ဒါဆို သူဟာ ကျွန်မအပေါ် တရားဝင် သစ္စာဖောက်ဖို့ကြံစည်နေပြီပေါ့ရှင်။ ကျွန်မ ဘာလုပ်ရမလဲဟင်။ ကျွန်မ ကိုယ်တိုင်ဘာလုပ်ရမှန်းကို မသိတော့တာပါ။ ကျွန်မကိုယ်တိုင် သွားတွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်လည်း သူ ရှက်ရမ်းရမ်းမှာ . . . ကျွန်မလည်း ပေါက်ကွဲမိမှာ စိုးရိမ်ပါတယ်။ ပြီးတော့ ညတိုင်း သူနဲ့ ဖုန်းပြောနေရတဲ့ သာယာကြည်နူးမှုကလေးကို ဆုံးရှုံးလိုက်ရမှာလည်း နှမြောနေမိပြန်တယ်။ တခြား မိန်းကလေးတစ်ယောက်ကို လူစားထိုးပြီး သူတို့ကို လိုက်ချောင်းဖို့လည်း ကျွန်မ,မလုပ်ချင်ဘူးလေ။ သူ့ကို အမှန်အတိုင်း သိစေရမှာလား။ ဆက်ပြီးတော့ လှည့်စားနေရမှာလားဟင်။ ဒါမှမဟုတ် ကျွန်မအပေါ် သစ္စာမရှိတဲ့ သူ့ကို စွန့်လွှတ်ပြတ်စဲ လိုက်ရမှာလား။ အဲဒါကိုတော့ ကျွန်မ မလုပ်ချင်တာ အမှန်ပါ။ အကောင်းဆုံး အဖြေကလေးတစ်ခု ရှာပေးပါဦးနော်။

ချစ်တဲ့ စင်ကြယ် . . .

အဲဒီစာကလေးကို ဖတ်ပြီးချိန်မှာ မာယာတို့ လေးယောက်သား တအံ့တသြ ပြုံးမိကြတယ်။ ကြံကြံဖန်ဖန်ပါလား ကွယ်။ လင်မယားနှစ်ယောက်ဟာ ဖုန်းချစ်သူတွေ ပြန်ဖြစ်နေကြတဲ့ အဖြစ်မျိုးကတော့ ဆန်းပါပေ့။ အဲဒီပြဿနာကို ဘယ်လို ဖြေရှင်းရင် ကောင်းမလဲဆိုတာ ထုံးစံအတိုင်း လေးယောက်သား တစ်ယောက်တစ်မျိုးစီရဲ့ ထင်မြင်ယူဆချက်တွေနဲ့ စတင်ကြပါတယ်။ မာယာ့သဘောကတော့ . . .





"ယောကျ်ားတွေရဲ့ သဘောက သူ မဟုတ်တာ လုပ်မိထားတဲ့ အပြစ်တစ်ခုကို ပေါ်တင်ကြီး ပြစ်တင်စွပ်စွဲလိုက်ရင် ထွက်ပေါက်ရှာတတ်ကြတယ်၊ သူတို့က ချောင်ပိတ်မခံချင်ကြတဲ့ လူစားမျိုးလေ၊ ဒီပြဿနာက ရိုးရိုးလေးပဲ၊ ကိုယ့်ယောကျ်ားကို တခြားမိန်းကလေးတစ်ယောက် ဟန်ဆောင်ပြီး ဖုန်းဇာတ်လမ်း ထွင်ထားတဲ့ကိစ္စကို ဒီအတိုင်းပဲ ပြည်ဖုံးကားချလိုက်ရုံပေါ့၊ ဖုန်းဆက်နေတဲ့ မိန်းကလေး မရှိတော့ရင် သူ့စိတ်တွေလည်း သူ့ဇနီးဆီ ပြန်ရောက်လာမှာပေါ့၊ လူဆိုတာ ဒီလိုပဲ . . . တစ်ခါတစ်ရံတော့ သာယာမှုနဲ့တွေ့ရင် မရှောင်တတ်ကြဘူးလေ၊ ဒါကို နားလည်ခွင့်လွှတ်ပေးလိုက်ရင် ဘာ ပဋိပက္ခမှ မရှိနိုင်ဘူး"

"ရှင်ပြောတာတော့ ဟုတ်ပါတယ် . . . ဒါပေမယ့် အဲဒီယောကျ်ားဟာ တစ်ခါသာယာခဲ့ဖူးပြီ . . ၊ နောက်ထပ် ဖွေးလက်မဟုတ်တဲ့ တခြားမိန်းမတစ်ယောက်က ဆက်သွယ်နေခဲ့ရင်ရော ဒီလိုပဲ သာယာတတ်ဦးမှာလား၊ ကျွန်မကတော့ ဒီအတိုင်း ပြီးမသွားစေချင်ဘူးနော်၊ သူ့ကို ပညာနည်းနည်းတော့ ပေးရလိမ့်မယ်၊ သူ့ကို အမိတော့ ဖမ်းရမှာပဲ"

သမ္မုက ဝင်ပြောပါတယ်။ မဒီက . .



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ် မာယာ . . . ကျွန်မလည်း သမ္မာနဲ့ စိတ်ချင်းတူတယ်၊ သူ့ကို အမိဖမ်းဖို့လိုတယ်၊ ဒါမှ သူ နောက်မလုပ်ရဲတော့မှာလေ၊ ဒါပေမယ့် အမိဖမ်းတဲ့အခါ ပညာသားတော့ ပါရမယ်လေ၊ သူနဲ့အတူ ရယ်မောပစ်လိုက်နိုင်ဖို့ ကြိုးစားရမှာ၊ ဒါကို ရယ်စရာ၊ ပျော်စရာ Romance ကလေးတစ်ခုလို ပုံစံပြောင်းလဲပစ်လိုက်ရင် သူတို့လင်မယားနှစ်ယောက်ကြားက ဆက်ဆံရေးဟာလည်း တိုးတက်ပြောင်းလဲလာလိမ့်မယ်၊ လင်မယား နှစ်ယောက်ကြားမှာ ခံစားမှုအသစ် စိတ်လှုပ်ရှားမှု အသစ်ကလေးတစ်ခု ဆန်းသစ်ပေးလိုက်တဲ့ သဘောမျိုးပေါ့၊ ဒါကလည်း ထိရောက်နိုင်တယ်လေ”

လို့ . . . တွေးတွေးဆဆ ဆိုတယ်။ နောက်ဆုံးတော့ အမရာကပါ . . .

“ဟုတ်ပါတယ် . . . သူတို့နှစ်ယောက်ကို ပုံစံတစ်မျိုးနဲ့ ပြန်ဆုံခိုင်းလိုက်တာက ပိုပြီး emotional ဖြစ်စေလိမ့်မယ်၊ ပြန်ဆုံတဲ့အခါ ပြောစရာစကားတွေလည်း ရှိလာလိမ့်မယ်”

လို့ . . . ဆိုတာမို့ မာယာကလည်း မဲမျှားတဲ့ သူတွေနောက်ကိုပဲ လိုက်ရတော့တယ်လေ။







“ချစ်တဲ့ ဖွေးလက်စင်ကြယ် . . .”

ဇာတ်လမ်းလေးကတော့ အရမ်း စိတ်ဝင်စားဖို့ ကောင်းနေပြီကွယ်။ ဇနီးချောတို့လေးယောက် သေချာတိုင်ပင်ပြီးမှ အဖြေတစ်ခု ထုတ်ပေးလိုက်တာပါ။ သူ့ကို သွားတွေ့လိုက်ဖို့ အကြံပေးပါရစေ ဖွေးလက်ရေ။ သွားတွေ့တဲ့အခါ သူ့ကို ချောင်ပိတ်အမိဖမ်းတာမျိုး၊ ဝေဖန်စွပ်စွဲတာမျိုးတွေ လုံးဝ မလုပ်ဘဲ သူ့ကို ချစ်လို့ . . . ပျော်စရာ Romance ကလေးတစ်ခု ဖန်တီးဖြစ်ခဲ့ဘယ် ဆိုတာလေးကို ပြောပြလိုက်ပါ။ သူ ရှက်ပြီး အနေရခက်တာမျိုး မဖြစ်စေဘဲ ဒီဇာတ်လမ်းကို ရယ်မောပျော်ရွှင်စရာ ကစားနည်းတစ်ခုလို သဘောထားလိုက်ပါ။ သူ ကိုယ့်အပေါ် သွေးအေးရိုးအီမသွားအောင် ဖန်တီးမိပါတယ်ပေါ့။ အဲဒါဆိုရင် ရလာဒ်က လှပ,ပါလိမ့်မယ်။ ပြီးတော့ ဖုန်းဆက်နေတဲ့ ခလေ့ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဖျက်မပစ်လိုက်ဘဲ ဒီအတိုင်း ဆက်ပြောနေလိုက်ပေါ့။ သူ့ဆီက နွေးထွေးတဲ့ ဆက်ဆံရေးတချို့ ပြန်ရလာပါလိမ့်မယ်။ စမ်းကြည့်လိုက်ပါနော်။ ပြီးရင် ရလာဒ်အဖြေကိုလည်း အကြောင်းပြန်ပါ ဦး . . . ”

“ဇနီးချောများ”

ပြန်စာကလေးကို ဖတ်ပြီး ဖွေးလက်လည်း တက်ကြွလှုပ်ရှားလာမိတယ်။ သူနဲ့ ရင်ဆိုင်သွားတွေ့ဖို့ကို တွန့်ဆုတ်ဝန်လေးနေမိတာ။ ခုတော့ ရဲရင့်ရတော့မယ်ပေါ့ . . . ။ သူနဲ့တွေ့တဲ့အခါ ဘယ်လိုပုံစံနဲ့ ရင်ဆိုင်ရမလဲဆိုတာ တကယ်ပဲ စဉ်းစားလို့ မရခဲ့။ ခုတော့ ဇနီးချောများအဖွဲ့က အဖြေရှာပေးလိုက်တော့လည်း အလွယ်ကလေးပါ။ သူတို့ ဘာကြောင့်များ အဲဒီလောက် ပညာသားပါရသလဲ။ ပရိယာယ်ကြွယ်ရသလဲ။ ပြဿနာတစ်ခုရဲ့ အဖြေကို လှပအောင် ဖြေရှင်းပေးနိုင်စွမ်း ရှိရသလဲ။ ဖွေးလက် တအံ့တဩ သိချင်မိပါရဲ့ . . . ။

ချိန်းထားတဲ့နေ့မှာ ခါတိုင်းထက်ပိုပြီး လှပ အမြင်ဆန်းနေအောင် ပြင်မိတယ်။ ပထမဆုံး စ,ချိန်းတွေ့မယ့် ရည်းစားဦးတုန်းကလိုပဲ ရင်ခုန်စရာတော့ ကောင်းပါတယ်။ ကန်တော်





ကြီး ကရဝိက်ဥယျာဉ်ထဲက Fuji House ဆီ ရောက်သွား တော့ သူ ရောက်နှင့်နေပြီ။ ဖုန်းထဲမှာ ပြောထားတဲ့အတိုင်း နှင်းဆီဖြူတစ်ပွင့် ပန်ထားမယ်ဆိုလို့ နှင်းဆီဖြူလေး ပန်ထားတဲ့ ဖွေးလက်ကို သူ ဖြုန်းခနဲမြင်တော့ တအံ့တဩ မင်သက်စွာနဲ့ ပျာပျာသလဲ ဖြစ်သွားတယ်။ ဒီအဖြစ်အပျက်ကို သူ သစ္စာမရှိစွာ တခြားမိန်းမတစ်ယောက်ကို လာစောင့်တာလို့ မခံယူဘဲ၊ သူနှင့် ကိုယ်နှစ်ဦးတည်းသာ သက်ဆိုင်တဲ့ ချစ်ခြင်းကိစ္စရယ်လို့ သတ်မှတ်လိုက်တဲ့အခါ စိတ်နှလုံးတော့ အေးချမ်းရတယ်ပေါ့။ ဖွေးလက်က သူ့ကို ချိုချိုကလေးပဲ ပြုံးပြလိုက်မိတယ်။

“ဘာတွေ အံ့ဩနေတာလဲ ဟန်နီ . . . ဟန်နီ့ဆီကို ဖုန်းဆက်နေတဲ့ ပန်းနုသွေးပါ၊ ကိုယ့်ယောကျ်ားကို ပြန်ပြီး ဇာတ်လမ်းရှာမိတဲ့ ကောင်မလေးပေါ့၊ ဘယ်လို ခံစားရလဲဟင်၊ အချစ်အတွက် အသစ်တဖန် မွေးဖွားလာတဲ့ ကောင်မလေးပေါ့ . . . ”

သူက ရှက်ပြုံး ပြုံးနေတယ်။

“ဟန်နီရာ မင်း တော်တော် ဗရုတ်ကျတဲ့ ကောင်မလေးပဲ . . . ကိုယ်က ဟန်နီလို့ကို မထင်တာ”

“ဘာဖြစ်လို့ အဲဒီလို လုပ်ရတာလဲလို့ မေးလေ . . . ”



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ . . . ဘာဖြစ်လို့ အဲဒီလို လုပ်ရတာလဲ၊ ကြံကြံဖန်ဖန် . . ."

"ဟန်နီ ကျွန်မကို ငြီးငွေ့သွားမှာ၊ ရိုးအီသွားမှာ စိုးလို့ပေါ့၊ လင်မယားနှစ်ယောက်ကြားမှာ အဲဒီလို ရင်ခုန်စိတ်လှုပ်ရှားစရာ လှည့်ကွက်ကလေးတွေ၊ surprises ကလေးတွေ ရှိသင့်တယ်လို့ ဟန်နီ မထင်ဘူးလားဟင်"

သူက တဖြည်းဖြည်းနဲ့ အားပါးတရ ပြုံးလာတယ်။ ဖွေးလက်ကို ကြည့်တဲ့ မျက်လုံးတွေဆီမှာ သူ့ကိုယ်သူ အပြစ်မကင်းသူ တစ်ယောက်လို ရှို့တို့ရှန့်တန့် ခံစားနေရဟန်ကနေ ကြည်နူးလတ်ဆတ်တဲ့ ချော်လဲရောထိုင်လုပ်လိုတဲ့ အရိပ်ကလေးတွေ ပြောင်းလာတယ်။

"ဒါကြောင့် . . . ဟဲ ဟဲ၊ စိတ်ထဲမှာတော့ ဒီအသံကလေးကို သိပ်ရင်းနှီးနေသလို ခံစားနေရတာကို၊ ကိုယ့်ရဲ့ မသိစိတ်ထဲကနေ အလိုလို သိနေတာလည်း ဖြစ်မှာပေါ့ ဖွေးရယ်၊ ဒါပေမယ့် ဖွေးကို ကိုယ် တောင်းပန်ချင်တာက ဖွေးမှန်းမသိဘဲ တခြားမိန်းမတစ်ယောက်အမှတ်နဲ့ ကိုယ် ပြန်အီခဲ့မိတာ ကိုယ် ဖွေးကို သစ္စာမစောင့်သလို ဖြစ်သွားတယ်၊ အဲဒီအတွက် ကိုယ် တကယ်တောင်းပန်ပါတယ်ကွာ၊ ကိုယ်





မလုပ်သင့်တာကို လုပ်မိတယ်လေ၊ နောက် ဒီလို မဖြစ်စေရဘူးကွာ၊ ကိုယ် ကတိပေးတယ်နော် ဖွေး"

တဲ့ . . .။ ဖွေးလက်ရင်ထဲ တသိမ့်သိမ့် ကြည်နူးလာမိတာနဲ့အမျှ သူ့ရင်ခွင်ထဲ ခေါင်းတိုးဝင်လိုက်မိတယ်။ ရင်ထဲ တကယ် ကျေနပ်မိသွားတာပါ။ သူ့ဆီက တကူးတက ကတိတောင်းမိရင်တောင် သူက တည်ချင်မှတည်မှာလေ။ ခုတော့ . . . ဖွေးလက်က မတောင်းဆိုဘဲ သူ့ဘာသာသူ အလိုက်တသိ ပေးလာတဲ့ ကတိဆိုတော့ ပိုပြီး ကျေနပ်ရတာပေါ့။ ငြီးငွေ့အေးစက်ချင်ချင်ဖြစ်နေတဲ့ ဖွေးတို့လင်မယားရဲ့ နှလုံးသားကိုယ်စီ ပြန်ပြီး နွေးထွေးအသက်ဝင်လာသလို ခံစားရတယ်။ အသစ်တဖန် ပြန်လည်မွေးဖွားလာတဲ့ အချစ်ရဲ့ အစ,ဆိုပါစို့ကွယ်။ သူ့မျက်ဝန်းတွေ ပိုပြီး ရွှန်းစိုတောက်ပလာခဲ့သလို . . . ဖွေးကို ဖက်ထားတဲ့ သူ့ရဲ့ လက်တွေဟာလည်း တင်းတင်းကြပ်ကြပ်ရှိလှတယ်။ အခုမှ ပြန်ချစ်ကြတဲ့ သမီးရည်းစားတွေလို နှစ်ကိုယ်ကြား စကားတွေဆက်ပြောဖြစ်တယ်လေ။ သူက ဖုန်းထဲကအတိုင်း ညှို့ဖို့ မတွန့်ဆုတ်တော့ဘူး။ ကျေးဇူးပါ ဇနီးချောများရေ . . .။

×××



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ ချစ်သူများနေ့လည်းဖြစ် မာယာနဲ့ မောင်တို့ရဲ့ မင်္ဂလာသက်တမ်း ဆယ့်တစ်နှစ်ပြည့်တဲ့နေ့လည်း ဖြစ်တာမို့ ခြံထဲမှာ တပျော်တပါးပဲ barbecue လုပ်စားကြပါတယ်။ ဧည့်သည်တွေကတော့ အမရာ၊ သမ္ဘူ မဒီတို့ မိသားစုပါပဲ။ ကလေးတွေ အားလုံးတစ်စုတဝေးကြီးမို့ ပျော်နေကြသလို ယောကျ်ားလေးယောက်က ဘီယာဝိုင်းဖွဲ့ပြီး စားချင်တဲ့အကင်ကို လတ်လတ်ဆတ်ဆတ် ပူပူနွေးနွေးသွားကင်ခိုင်းရုံ။ ဒိုင်ခံ ကင်ပေးနေသူတွေက မာယာတို့ လေးယောက်စလုံးရဲ့ အိမ်ဖော်ကောင်မ,လေးတွေပေါ့။ သူတို့ချင်းလည်း ခင်မင်နေကြပြီ။ ဒီလိုမကြာခဏစုပြီး ဆုံတွေ့နေကျမို့ အားလုံးဟာ သူ့အုပ်စုလေးတွေနဲ့သူ ကိုယ်စီအထာကျေကျလို့။ မာယာတို့လေးယောက်ကတော့ ဝိုင်အဖြူ၊ အနီခွက်ကလေးတွေ ကိုယ်စီနဲ့ အကင်ကလေးတွေတဝါးဝါးနဲ့ စကားတွေဖောင်နေကြတယ်။ ပုစွန်ကင်၊ ငါးကင်၊ ပြည်ကြီးငါးကင်၊ ဝက်နံရိုးကင်၊ ကြက်ကင်၊ ဆိတ်ကင် စုံလို့ပါပဲ။ ကလေးတွေက တဝိုင်းသပ်သပ်





ကစားကြရင်း အကင်တွေ ခဏခဏလာနှိုက်ယူသွားတတ်ကြတယ်။ ခြံထဲက မြက်ခင်းပြင်ပေါ်မှာ ခုံကလေးတွေခင်းပြီး စကားတွေပြောတာရဟာလည်း အရသာတစ်ခုပဲလေ။

မောင့်ရဲ့ အကြည့်က မာယာ့ဆီ ခဏခဏဆိုသလို ရောက်ရောက်လာတတ်တယ်၊ ခဏနေတော့ မာယာရှိရာဆီ လျှောက်လာပြီး . . .

"ဆယ့်တစ်နှစ်လုံးလုံး ဇနီးမယားတာဝန်၊ မိခင်ကောင်း တစ်ယောက်တာဝန် ကျေပွန်ခဲ့တဲ့ ချစ်ဇနီးချောကလေး အတွက် cheers!"

လို့ အသံကျယ်ကျယ်လွင်လွင်ကလေးပြောရင်း သူ့လက်ထဲက ဘီယာခွက်ကို မြှောက်တယ်။ မာယာအပါအဝင် ကျန်တဲ့လူတွေအားလုံး ကလေးတွေပါမကျန် လက်ထဲမှာ ကိုင်ထားတဲ့ ခွက်ကလေးတွေကိုယ်စီ ကိုင်မြှောက်လိုက်ကြပြီး Cheers! လို့ ဝိုင်းအော်ကြတယ်။ မောင်က သူ့လက်ထဲက မြကို စိန်ပွင့်ကလေးတွေ ကွပ်ထားတဲ့ ဒီဇိုင်းဆန်းဆန်း လည်ဆွဲကလေး သူကိုယ်တိုင် ဆွဲပေးတော့ သူငယ်ချင်းတွေက လက်ခုပ်တွေ တဖျောင်းဖျောင်း တီးကြတယ်။ ဒါလေးကို She Shine Jewellery . . . ဆိုင်မှာတွေ့တုန်းက "မာယာ အရမ်းလိုချင်လိုက်တာ" လို့ မောင့်ကို ပြောထားဖူးတယ်လေ။ အဲဒါလေးကို မောင် ဝယ်ပေးခဲ့တာ။ မာယာ့အပြုံးတွေ လက်လက် ထ,သွားတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . . တို့မောင်က ဘယ်လောက်ချစ်ဖို့ကောင်းသလဲ . . . တွေ့လား၊ အရမ်းကို အလိုက်သိတတ်တာ၊ ဒါလေးကို မာယာလိုချင်နေတာ တစ်ပိုင်းသေတော့မယ်၊ ကျေးဇူးအများကြီးပါ မိုင်ဒါလင် . . ."

မာယာက မောင့်ရဲ့လည်တိုင်ကို သိုင်းဖက်ထားလိုက်ရင်း ရွှင်ရွှင်ချိုချိုကလေးပြောတော့ မောင်က ကျေနပ်ပီတိပြုံးနဲ့အတူ . . . မာယာ့ပါးပြင်ကလေးဆီ ဖွဖွလေး နမ်းတယ်။ ယုယကြင်နာတဲ့ အနမ်းကလေးပေါ့။ ဇနီးလိမ္မာကလေးကို ဂုဏ်ပြုတဲ့အနမ်းလိုမျိုး . . .။

"မာယာတို့ကတော့ တကယ် ကံကောင်းတယ် ဆရာ၊ ကိုသွင်က ဇနီးချောလေးကို ချစ်လိုက်တာမှ တုန်နေတာပဲ၊ ထားစရာတောင် နေရာမရှိဘူး . . . သိလား ဟားဟား"

တုံးစံအတိုင်း သမ္ဘူက ဟောင်ဖွာဟောင်ဖွာနဲ့ ထ အော်တော့ သူ့ချစ်ချစ် ဒါရိုက်တာကြီးက . . .

"အောင်မာ . . . ကဲန်ဒီကလေးကိုရော ဒါလင်က မချစ်လို့လား၊ ထားစရာနေရာ တကယ်မရှိလို့ . . . ရေခဲသေတ္တာထဲတောင် ထည့်သိမ်းထားချင်တာ"

ဆိုပြီး အသံဝါဝါကြီးနဲ့ အားကျမခံ ပြန်ထည့်တာမို့ ဝါးခနဲ ပွဲကျသွားပါရော။ သမ္ဘူက တဟားဟားရယ်ပြီး ကိုနီတိ လက်မောင်းကို တဖျန်းဖျန်း ရိုက်နေတယ်။





"ဟင်း . . . သူများကို ရေခဲသေတ္တာထဲ ထည့်သိမ်းချင်တယ်ဆိုတာ အကောင်းပြောတာလား၊ ရွဲ့ပြောနေတာလား၊ ဘာလဲ ရေခဲတိုက်ထဲ ပို့ချင်တယ်လို့ သွယ်ဝိုက်ပြောတာပေါ့လေ"

"ဟာဗျာ . . . မဟုတ်ရပေါင်ဗျာ၊ ကြာကြာခံအောင်လို့ ရေခဲရိုက်ထားချင်တာကို ပြောတာပါ"

"ကြည့်ပါလား . . . ပြောလေ ကဲလေ . . ."

ရယ်မောသံတွေ တသောသော ညံနေတော့တာပါ။ ဒီလိုပဲ ကိုနီတိက သမ္ဘူ့ကို အရမ်းလည်းချစ်ပြီး ချစ်စနိုးနဲ့ အမြဲတမ်း ခနေတတ်တာလေ။ ဒါရိုက်တာပီပီ ဟာသဉာဏ်ကလည်း ရွှင်တော့ သူတို့လင်မယားနဲ့ဆုံရင် အမြဲ ရယ်မော ပျော်ရွှင်နေရတော့တာပါ။

"လူတွေက ပြောကြတယ်၊ တကယ့် အချစ်စိတ်ရဲ့ သက်တမ်းဟာ သုံးနှစ်ပဲ ခံတယ်တဲ့၊ ဆယ့်တစ်နှစ်လုံးလုံး ဒီအချစ်တွေ မဟောင်းနွမ်း၊ မရင့်အိုသွားအောင် ဘယ်လိုများ ပြုစုပျိုးထောင်ခဲ့သလဲဗျာ၊ လုပ်ပါဦး . . . ဒိုင်ကလေး ဘာလေးတွေ၊ ကျွန်တော့်ကားထဲ ထည့်ရိုက်ရအောင်၊ ခုချိန်ထိ မာယာရော ကိုသွင်ပါ တစ်ယောက်ကိုတစ်ယောက် မြတ်မြတ်နိုးနိုး ချစ်နေနိုင်ကြဆဲပဲဆိုတာ နှစ်ယောက်စလုံးရဲ့ မျက်လုံးတွေ ကြည့်လိုက်တာနဲ့တင် သိသာပါတယ်၊ ပြော



www.burmeseclassic.com

www.burmeseclassic.com



ဦး . . . ဒိုင်ယာလော့(ခ်)ကလေးတွေ ကြားချင်တယ်ဗျာ”
“မာယာပြောလိမ့်မယ် . . . သူ ပြောတတ်တယ်၊ သူက ဆရာမကြီးဗျ၊ ချစ်တာကတော့ ချစ်နေတာပါပဲဗျာ၊ သူက အလိုက်သိတယ်၊ ယုယကြင်နာတတ်တယ်၊ ကျွန်တော့်ကို ဆက်ဆံရင် အမြဲ ချိုချိုသာသာ၊ နွေးနွေးထွေးထွေး ရှိတယ်၊ သူ စိတ်ဆိုးဒေါသထွက်တဲ့အခါ ကျွန်တော်က လျှော့ပေးလိုက်တယ်၊ သူနဲ့ပြိုင်ပြီး ဒေါသထွက်ရန်ဖြစ်ဖို့ ကျွန်တော် ဘယ်တော့မှ မကြိုးစားဘူး၊ ကျွန်တော်ကပဲ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ နောက်ကို ခြေတစ်လှမ်းဆုတ်ပေးလိုက်တယ်၊ အဲဒီတော့ gap ကလေးတစ်ခု ဟသွားတယ်ဆိုရင် ပြဿနာက အရှိန်လျော့သွားပြီလေ၊ အဲဒီတော့ တစ်ယောက်ကိုတစ်ယောက် ထိခိုက်နစ်နာစေမယ့် စကားမျိုး၊ နာကျင်စေမယ့် အပြောမျိုး ဆက်မပြောဖြစ်တော့ဘူး၊ အရေးကြီးတာ နားလည်ပေးတတ်ဖို့နဲ့ ခွင့်လွှတ်သည်းခံတတ်ဖို့ပဲဗျ၊ အဲဒီနှစ်ခုက တော်တော် ထိရောက်တယ်၊ အိမ်ထောင်တစ်ခုမှာ ကြောက်စရာအကောင်းဆုံးလက်နက်တွေက ဓားသွားလိုရှတဲ့ စကားလုံးပြင်းပြင်းတွေပဲ. . .၊ လူနှစ်ယောက် ဒေါသထွက်နေရင် အဲဒီ ဒေါသထွက်နေတဲ့ လူတစ်ယောက်က ပြောလိုက်တဲ့ စကားလုံး ကြမ်းကြမ်းရင့်ရင့်သီးသီးဟာ ပြောလိုက်သူအတွက် အနိုင်ပိုင်း၊ အလဲထိုး





လိုက်သလို ပြောလည်းပြီးရော မေ့ပျောက်သွားနိုင်ပေမယ့် အပြောခံလိုက်ရတဲ့သူမှာတော့ တစ်သက်စာ သေရာပါ ဒဏ်ရာတစ်ခုလိုပဲ တစိမ့်စိမ့် တမြေ့မြေ့ စွဲနစ်ပြီး နာကျင်နေစေတော့တာ၊ အဲဒါက အစိုင်အခဲတစ်ခုပဲ အက်ကြောင်းတစ်ခုပဲ၊ အဲဒါကို ကျွန်တော်ရော သူပါ နားလည်ထားတော့ ပြဿနာဖြစ်ရင်တောင် အဲဒီအထိ ဘယ်တော့မှ အရောက်မခံကြဘူး၊ များသောအားဖြင့် ကျွန်တော်ကပဲ လျှော့ပေးလိုက်တာများပါတယ်၊ ဟုတ်တယ်မှုလား မာယာလေး . . .”

“ဟုတ်ပါ့ရှင် . . . ဟုတ်ပါ့၊ အဲဒီအတွက်လည်း မောင့်ကို ကျေးဇူးတင်ပါတယ်၊ မိန်းမတစ်ယောက် အိမ်ထောင်ရေးကံကောင်းတယ်ဆိုတာ ယောကျ်ားအပေါ်မှာ 75% လောက်ကို မူတည်တာပါ၊ ယောကျ်ားတစ်ယောက်ရဲ့ ပင်ကိုယ်ဗီဇစရိုက်ကလည်း အဲဒီမိန်းမကို အသာပြုပြင်သွားတာပါ မောင်က ပြဿနာကို မယူတတ်တော့ မာယာကလည်း ပြဿနာကို ရှာဖွေမဖန်တီးဖြစ်တော့တာပါ၊ အမြဲတမ်း အဆင်ပြေနေတာမျိုးတော့လည်း မဟုတ်ပါဘူး၊ စိတ်အခန့်မသင့်တဲ့အခါ စိတ်ဆိုးတဲ့အခါတွေလည်း ရှိတာပဲ၊ ဒါပေမယ့် မောင့်အပေါ် မကောင်းမြင်တဲ့စိတ်၊ ရန်လိုမုန်းတီးတဲ့စိတ်တွေ ဝင်လာတဲ့အခါ ကောင်းကွက်ကလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေပြီး တွေးရတာပေါ့၊ ဩော် . . . သူဆိုးတာက ဒါလေးပဲပါ၊ သူကောင်းတာတွေက အများကြီးပါလားလို့ ပြန်တွေးလိုက်တော့ မကောင်းမြင်စိတ်ကလေးက ငုပ်လျှိုးသွားပါလေရော၊ ဩော် . . . ယောက်ျားတစ်ယောက်ဟာ ကိုယ့်မိသားစုအပေါ် တာဝန်ကျေပွန်တယ်၊ သိတတ်တယ်ဆိုရင်ပဲ အင်မတန် ကျေဇူးတင်ဖို့ ကောင်းနေပါပြီ”

“ဟုတ်ပါ့ဗျာ . . . ဒိုင်ကလေးတွေကတင် တော်တော်လန်းနေပါပြီ၊ ကိုယ်တို့ မိန်းမတွေက အိမ်ထောင်ရေးဘဝမှာတင် အောင်မြင်တာ မဟုတ်ဘူးဗျ၊ facebook မှာ သူတို့လေးယောက်ရဲ့ Beautiful Wives Club ကလည်း တော်တော် အောင်မြင်တာ၊ Fan တွေမှ မနည်းဘူး၊ ငါးထောင်ကျော်နေပြီ . . . ဟုတ်တယ်မှုလား”

“ဘယ်ကလာ . . . ခုနှစ်ထောင်ကျော်ပြီရှင့်”

မဒီက i phone ကလေးဖွင့်ရင်း mail တွေ စစ်နေရင်းကနေ ဂုဏ်ယူဝင့်ကြွားသံကလေးနဲ့ လှမ်းအော်ပါတယ်၊ မဒီ့ဖုန်းကလေးဆီ မိန်းမလေးယောက်သား ခေါင်းချင်းဆုံသွားချိန်မှာ ယောက်ျားလေးယောက်က အကင်တွေ သွားထပ်ယူပြီး ဘီယာပုလင်းတွေ ထပ်ဖောက်ပါလေရောလေ။

×××



# အခန်း ၆



www.burmeseclassic.com

www.burmeseclassic.com

# ပြာနှင်းဆီ



တံခွန်တိုင်စာပေ (၁၅၁)

www.burmeseclassic.com

www.burmeseclassic.com



"**Beautiful Wives**"ရေ . . .

ပြာနု အားကိုးတကြီးနဲ့ ရင်ဖွင့်လိုက်ပါတယ်။ ပြာနု အိမ်ထောင်ကျတာ ငါးနှစ်ကျော်ပါပြီ။ ယောကျ်ားနဲ့ အသက် ဆယ့်နှစ်နှစ် ကွာပါတယ်။ သူက ပြာနုကို အရမ်း Control လုပ်သူပါ။ နေရာတကာ အမိန့်တွေချည်း ပေးနေတတ်တာ စိတ်ပျက်ဖို့ကောင်းလောက်အောင်ပါပဲ။ ကြာတော့ လူက အသက်ရှုဖို့ကိုတောင် သူ ခွင့်ပြုမှပဲ ရှုရတော့မလို ထင်မိလာတဲ့ အထိပါပဲ။ ဟိုဟာလေး လုပ်လိုက်ပါဦး . . .။ ဒါ မလုပ်နဲ့နော်။ ဟိုလိုတော့ မလုပ်နဲ့။ ဒီလိုမျိုး လုပ်ပါ . . . ဆိုတာမျိုးတွေချည်း သူ့ဆီကနေ အမြဲ ကြားရပါတယ်။ မချစ်လို့လည်း မဟုတ်ဘဲ သူ ပြာနုကို အရမ်းချစ်တယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ပြာနုလည်း သိပါတယ်။ သူ့ရဲ့အချစ်က မျက်စိအောက် ကတောင် အပျောက်မခံဘဲ အရိပ်တကြည့်ကြည့်နဲ့ လူကို Remote Control နဲ့ ထိန်းချုပ်ထားတဲ့အတိုင်းမို့ ပြာနုကို အရမ်းအသက်ရှူရခက်စေတာပါ။ ပြာနုမှာ သမီးလေးတစ် ယောက်လည်း ရှိပါတယ်။ သူက ဇနီးကိုရော သမီးကိုပါ သူ့ရဲ့ အချစ်တော် အရှင် ဘလေး နှစ်ရုပ်လို သည်းသည်းလှုပ် ချစ်တာပါ။ ဒါပေမယ့် ကြာလာတော့ အဲဒီအချစ်တွေကို ပြာနု မခံနိုင်တော့ဘူး။ အရမ်းမွန်းကြပ်လာတယ်။ သူ့ကို အာခံ ပုန်ကန်ချင်စိတ်တွေ ပေါ်လာတယ်။ ဖြစ်နိုင်ရင် လေ. . . သူနဲ့ ဝေးရာဆီ ပြေးထွက်သွားချင်ပါတယ်။ သမီး လေးကို သနားလို့ပါ . . .။ သူ့ရဲ့ အချစ်တွေကိုလည်း သည်း မခံနိုင်တော့ဘူးရှင်။ တစ်ခါတစ်ခါကျရင် ဒဏ်ရာ ရထားတဲ့ ကျားသစ်မ,လို ပေါက်ကွဲကြမ်းတမ်းပစ်လိုက် ချင်လာ တယ်။ ဒီပြဿနာကို ဘယ်လို ညှိနှိုင်းရင်ဆိုင် ရမလဲဆိုတာ ပြာနု တကယ်မသိတော့လို့ပါ။ ကူညီပြီး အကြံဉာဏ်ကလေး တစ်ခုခု ပေးစေချင်ပါတယ်နော်။ ထူးခြားလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။

ပြာနုနှင်းဆီ . . .





တဲ့ . . .။ ထုံးစံအတိုင်းပဲ မာယာတို့လေးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြရင်း အဖြေရှာမိကြ တယ်။ သမ္ဘူက မေးခွန်းကလေးနဲ့ စတယ်။

"အဲဒါ ဘယ်သူ့အပြစ်လဲ ? . . . ချစ်တဲ့သူရဲ့ အပြစ်လား အချစ်ခံရတာကို မခံစားနိုင်တဲ့သူရဲ့ အပြစ်လား"

ခဏတိတ်သွားကြတယ်။

"နှစ်ယောက်စလုံးမှာ အပြစ်မရှိဘူးဟ၊ ပေးတဲ့သူက အများ ကြီး စွတ်ပေးနေပြီး . . . ယူတဲ့သူက နည်းနည်းပဲ လက်ခံ နိုင်တာဆိုတော့ အဲဒီ နှစ်ယောက်ကြားမှာ ညီညွတ်မှုတဖို့ဆို ရင် ညှိနှိုင်းယူမှ ဖြစ်လိမ့်မယ်"

မဒီက ဆိုပါတယ်။ မာယာကတော့ လောလော လတ်လတ် အင်တာနက်ထဲမှာ ရှာဖွေဖတ်ထားတဲ့ အချက်အလက် တစ်ချို့ ခေါင်းထဲ စီရရီပဲ ဝင်ရောက်လာပါတယ်။

"အိမ်ထောင်ပြုခြင်းဆိုတာကလည်း အနုပညာတစ်ခုပဲလို့ ကျွန်မကတော့ ယူဆတယ်၊ မနေ့ကမှ အင်တာနက်ထဲမှာ ရှာတွေ့လိုက်ရတာလေ . . . တစ်ခုရှိတယ်၊ လူနှစ်ယောက် လက်ထပ်တယ်ဆိုတာ အဆင့်သုံးဆင့် ရှိတယ်ပေါ့၊ ပထမ အဆင့်က သူနဲ့ကိုယ် ကာယကံရှင် နှစ်ယောက်ပဲပေါ့၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ကနေ ဒုတိယအဆင့်ကတော့ တစ်ယောက်စီရဲ့ အကျင့်စရိုက်၊ ဓလေ့၊ ကောင်းခြင်း၊ ဆိုးခြင်းတွေကို လက်ခံနားလည်မျှဝေယူရမှာ၊ တတိယအဆင့်က တစ်ဘက်စီရဲ့ မိဘဆွေမျိုး အသိုင်းအဝိုင်းတွေနဲ့ပါ သဟဇာတဖြစ်၊ သင့်တင့်မျှတရမှာ၊ အဲဒီ အဆင့်သုံးဆင့်ကို ကျော်ဖြတ်နိုင်မှ ဒီအိမ်ထောင်တစ်ခုက ခိုင်မြဲမှာလေ၊ အခု ပြာနုနှင်းဆီရဲ့ အဆင့်က ဒုတိယအဆင့်ကို ရောက်နေပြီ၊ တစ်ယောက်ရဲ့ အကျင့်ဗီဇနဲ့ အဆိုးအကောင်းတွေကို နားလည်ပေးနိုင်ရမှာ၊ မျှဝေ ယူရမှာလေ၊ လူတစ်ယောက်ကို သူ့ရဲ့ ဆိုးတဲ့အချက်တွေကိုပဲ မကြည့်ဘဲ သူ့ရဲ့ ကောင်းကွက်ကလေးတွေကိုလည်း ရှာဖွေပြီး ကြည့်တတ်လာရင်၊ တော်ရုံတန်ရုံ မကောင်းတာကလေးတွေကို ခွင့်လွှတ်နိုင်စွမ်း ရှိလာတယ်လေ၊ ပြာနုနှင်းဆီတို့ရဲ့ ပြဿနာမှာ သူ့ခင်ပွန်းက သူ့ကို ကလေးတစ်ယောက်လို အရိပ်တကြည့်ကြည့် လိုက်ချုပ်ချယ်တာ၊ ကွန်ထရိုးလုပ်လွန်းတာကို သူ အပြစ်မြင်တယ်ဆိုရင် တစ်ဘက်က သူကောင်းတာလေးတွေ ဘာရှိသလဲ ရှာဖွေမကြည့်သင့်ဘူးလား၊ ပြဿနာတစ်ခုမှာ တစ်ဘက်အပြစ်က ကိုယ့်ဘဝကို ထိခိုက်နစ်မွန်းလောက်အောင် မဆိုးရွားဘူးဆို





ရင် အသာလေး လွှတ်ထားပေးလိုက်သင့်တယ်၊ အဲဒါကြီးကို အတင်းကြီး လိုက်ခံစားမနေနဲ့တော့ . . . ဟုတ်တယ်မှလား"

"နှစ်ယောက်ကြားမှာ limit ကလေးတစ်ခုတော့ ရှိသင့်တာပေါ့၊ သူ့ရဲ့ တောင်းဆိုချက်တွေ၊ လွှမ်းမိုးချုပ်ကိုင်မှုတွေကို ကိုယ် ဘယ်လောက် အတိုင်းအတာအထိ ခံနိုင်မလဲ၊ အဲဒီအထိပဲ ခံ၊ အဲဒီကကျော်လာရင် ကိုယ် မလုပ်နိုင်ဘူးဆိုရင် မလုပ်နိုင်ဘူး . . . အရှင်းပဲ၊ သူ့ကို ပြောပြထားလိုက်၊ သူ ဘာလုပ်နိုင်မလဲ၊ ဘာတတ်နိုင်မလဲ၊ ကြာရင် သူ့ဘက်က အလိုလို လျှော့ပေးလာလိမ့်မယ်၊ အဲဒီအခါကျရင် အပေးအယူ တည့်သွားလိမ့်မယ်"

လို့ အမရာက အဆုံးသတ် ဖြည့်ပေးလိုက်ပါတယ်။

"အဲဒါ အဖြေပဲပေါ့ . . . မာယာပဲ စာပြန်လိုက်ဟယ်"

အဲဒီလိုပဲ မာယာတို့လေးခေါင်း ပေါင်းလိုက်ရင် အဖြေတစ်ခုက ထွက်လာစမြဲမို့ Beautiful Wives Club ဟာ ခုချိန်ထိ မဖြေရှင်းနိုင်တဲ့ ပြဿနာရယ်လို့ မရှိခဲ့သေးဘူးလေ။

×××



www.burmeseclassic.com

www.burmeseclassic.com



ချစ်သော ပြာနုနှင်းဆီရေ . . . .

နာမည်လေးက လှလိုက်တာ။ နာမည်လေးက လှသလို လူကလေးကလည်း အရမ်းချစ်စရာကောင်းမှာကို သိပြီးသားပါ။ ဒါကြောင့်လည်း ပြာနုရဲ့ ကိုကိုက မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင်ကို သည်းသည်းလှုပ်လှုပ် ရှိတာပေါ့။ မဟုတ်ဘူးလား။ လောကမှာ ကိုယ့်ခင်ပွန်းရဲ့ ချစ်မြတ်နိုးခြင်းကို ခံရတဲ့ မိန်းမတွေလောက် ကံကောင်းတာ မရှိတော့ဘူးလေ။ ပြာနုက ကံကောင်းတာပါ။ ဒါဟာ . . . စိတ်ပျက်စရာ၊ မွန်းကြပ်စရာရယ်တော့ မဟုတ်ပါဘူးကွယ်။ အတိုင်းအတာ တစ်ခုအထိတော့ သူ့ကို ခွင့်ပြုထားလိုက်ပါ ပြာနုရေ။ ပြာနု သည်းမခံနိုင်လောက်တဲ့ ပမာဏကို သူ့ကို ပြောပြထားလိုက်ပါ။ ကိုယ် မလုပ်နိုင်တာ၊





မလုပ်ချင်တာကို သူ့ကိုကြောက်ပြီး ဇွတ်မှိတ်ကြိတ်မှိတ်လုပ်ပေးနေစရာ မလိုပါဘူး၊ မလုပ်ချင်ဘူးဆိုရင် ပြတ်ပြတ်သားသားပဲ ငြင်းဆိုပစ်လိုက်ပါ၊ ငြင်းတဲ့နေရာမှာ ချိုချိုသာသာနဲ့ သူနားလည်လက်ခံအောင်တော့ ပြောပြရမှာပေါ့၊ အရမ်းချစ်တတ်လွန်းတာ လွှမ်းမိုးချုပ်ကိုင်လွန်းတာကို မကောင်းတဲ့ အချက်အဖြစ် ပြာနု မြင်ထားရင် သူ့ရဲ့ ကောင်းတဲ့အချက်လေးတွေလည်း ပြာနု ပြန်တွေးကြည့်ပါဦး . . .။ သူဟာ အိမ်ထောင်တစ်ခုရဲ့ ဝင်ငွေကို အပြည့်အဝ မပူပန် မကြောင့်ကြအောင် ရှာဖွေပေးနိုင်တယ်။ အရက်မသောက်၊ ဆေးလိပ်မသောက်ဘူး၊ တခြားမိန်းမတွေနဲ့ မရှုပ်ပွေဘူး၊ ကိုယ့်ကို ကူးစက်ရောဂါတွေ မပေးဘူး၊ လောင်းမကစားဘူး၊ ကိုယ့်ကိုပဲ သစ္စာရှိရှိ ချစ်မြတ်နိုးနေ၊ ဂရုစိုက် ကြင်နာနေတယ်ဆိုရင်ပဲ အရမ်းကို ကျေးဇူးတင်စရာကောင်းနေပြီလေ၊ သူ့ကို အပြစ်မြင်ချင်တဲ့အခါ သူ့ရဲ့ ကောင်းကွက်ကလေးတွေပါ ဖြည့်တွေးကြည့်လိုက်ပါ။ သူ့ကို နားလည်ချင်လာပါလိမ့်မယ်၊ သူ ချစ်တယ်ဆိုတာကိုလည်း ကိုယ် သိနေသလို ကိုယ်ကလည်း သူ့ကို ချစ်နေတယ်ဆိုရင် ဘာဖြစ်လို့ သူ့ဆီက ထွက်ပြေးတော့မလဲကွယ်၊ လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဆိုတာ အနုပညာတစ်ခုပါ၊ သူ့ကို လက်ထပ်ခဲ့ပြီဆိုကတည်းက သူ့ရဲ့ အကျင့်စရိုက်၊ ဗီဇ၊ အတွေးအခေါ်၊ အယူအဆတွေနဲ့ပါ လက်ထပ်လိုက်ရတာပါ၊ သည်းခံနားလည်ပေးနိုင်ရင် အကောင်းဆုံးပါပဲ၊ ကြိုးစားကြည့်ပါနော် . . .၊ ဒီနေ့ကစပြီး သူ့ကို အဆိုးမြင်ပြီဆိုတာနဲ့ သူ့ရဲ့ ကောင်းကွက်ကလေးတွေကို ရှာဖွေကြည့်လိုက်ပါ၊ ပြာနု သူ့ကို နားလည်လာပါလိမ့်မယ်လေ . . .”

“ဇနီးချောများ”

စာလေးကို ဖတ်ပြီး ပြာနုက သိပ်ပြီးတော့ မကျေနပ်ချင်လှ။ ထိရောက်တဲ့အဖြေတစ်ခု မဟုတ်ဘူးလို့ ထင်တယ်လေ၊ သူ့ရဲ့ ကောင်းကွက်တွေကို ဘယ်လိုလုပ်ပြီး ရှာမလဲ။ သူ့ကို အမြင်မကြည်တော့ပါဘူး၊ သည်းမခံချင်တော့ပါဘူးဆိုနေမှ . . .။

“ကလေးမ . . . တွေ့လား တစ်နေ့တစ်နေ့ အားတာနဲ့ အဲဒီ facebook ပဲ လုပ်နေတာပဲ၊ မျက်လုံးပျက်လိမ့်မယ်၊ ပြီးရင် ခေါင်းမူးတယ် . . . မျက်လုံးကိုက်တယ်လို့ ညည်းဦး မယ်၊ ကဲ . . . အဲဒီ ကွန်ပြူတာကို ပိတ်လိုက်တော့၊ ထမင်းသွားစားရအောင် . . .”







အမြင်ကတ်စရာ လွှမ်းမိုးလွန်းတဲ့ ယောကျ်ားရဲ့ အသံက နံဘေးကနေ ထပ်ပြီးတော့ ပေါ်လာတယ်။ စိတ်ထဲ ထောင်းခနဲ ဖြစ်သွားပေမယ့် ခါတိုင်း သတိမထားမိတဲ့ အချက်ကလေးတစ်ချက်ကို အခုမှ ဖျတ်ခနဲ သတိထားမိတယ်။ သူ့ရဲ့ လက်တွေက ပြာနုရဲ့ ဇက်ကြောတွေကို အသာအယာ နှိပ်နယ်ပေးနေခဲ့တာပါလား။ ခါတိုင်းလည်း သူ အဲဒီလိုပဲ ဇက်ကြောဆွဲပေးတတ်တာကို သိနေပေမယ့် လုပ်ပေးနေကျမို့ သိသိသာသာ သတိမထားမိခဲ့။ ခုတော့ ဒါဟာ သူ့ရဲ့ ကောင်းကွက်ရယ်လို့ တစ်ခါမှ မတွေးဖူးဘဲ တွေးမိလိုက်တာပါ။ ခါတိုင်းဆိုရင်တော့ “ပါလာပြန်ပြီ” လို့ မျက်ခုံးရှုံ့မိတော့မှာ။ အခုတော့ လောလောလတ်လတ် ဖတ်ထားမိတဲ့ သူ့ရဲ့ ကောင်းကွက်ကလေးကို ရှာဖွေကြည့်လိုက်ပါ ဆိုတဲ့ . . . ဇနီးချောများရဲ့ အကြံအတိုင်း ကောင်းတာကလေးကို ရှာကြံတွေးလိုက်မိတာပါ။ ထမင်းစားခန်းထဲမှာ ထမင်းပွဲ၊ ဟင်းပွဲက အဆင်သင့်ပါ။ ချက်ရေး ပြုတ်ရေး မီးဖိုချောင်တာဝန်ကို ယူစရာမလို။ သူက ကောင်မလေးတွေ ငှားပေးထားပြီးသားပါ။ သမီးလေးကို ထိန်းပေးဖို့ ကလေးထိန်းကလည်း အဆင်သင့်။ ပြာနုရဲ့ တာဝန်က သူထားရာနေ သူ စေရာသွား သူခိုင်းတာကို လုပ်ပေး . . . သူ ပွဲတက်တဲ့အခါ ဇနီးအဖြစ် လှလှ



www.burmeseclassic.com

www.burmeseclassic.com



ပပ ကြော့ကြော့မော့မော့ ကလေး ရှိရင်ရပြီ။ သူက စီးပွားရေး နယ်ပယ်မှာ အောင်မြင်နေတဲ့ လူတစ်ယောက်ပီပီ နေရာတကာ အကွက်ကလည်း စေ့တယ်လေ။ အဲဒါကိုပဲ ပြာနုက ပုန်ကန်ချင် စိတ်ကလေး နိုးကြွရှင်သန်လာခဲ့တာ။

ထမင်းစားရင်း သူက သူပြောချင်တဲ့ စီးပွားရေး လောက,က အထာတွေ၊ လှည့်ကွက်တွေ၊ ပရိယာယ်တွေကို ပြာနု နားထောင်ချင်သည်. . .။ စိတ်ဝင်စားသည်ဖြစ်စေ၊ နားမထောင် ချင်သည် . . . စိတ်မဝင်စားသည်ဖြစ်စေ . . . သူက အားပါးတရ ကို ပြောနေတော့တာ။ ပြာနုက လုံးဝ စိတ်မဝင်စားပါ။ ပြောမနေ နဲ့ . . . အဲဒါတွေ နားမထောင်ချင်ဘူးလို့ အော်ပစ်လိုက်ချင်တာ။ မအော်ရဲလို့သာ . . .။ ထမင်းဟင်းကို တို့ကနန်း ဆိတ်ကနန်းပဲ စားနေတဲ့ ပြာနုရဲ့ ပန်းကန်ထဲ သူက ဟင်းတွေ ခပ်ထည့်ပေးရင်း . . .

"စားလေ . . . ထမင်းကို ဘယ်လိုလုပ်ပြီး စားနေတာလဲ အားပါးတရ စားစမ်းပါ၊ သမီးကိုယ်သမီးလည်း မှန်ထဲ ပြန်ကြည့်ဦး၊ bulemia ရုပ် ထွက်နေပြီ၊ အဲဒီလောက် ပိန်တာ မကောင်းဘူး၊ နောက်ထပ် သားသားလေးတစ်ယောက် ယူရဦးမှာ၊ သမီး အားရှိနေဖို့ အရေးကြီးတယ်"





အသက် ဆယ့်နှစ်နှစ်ကွာတာမို့ သူက ပြာနုကို သမီးလို့ပဲ ခေါ်တာပါ။ ပြာနုစိတ်ထဲ တော်တော်လေး မခံချိ မခံသာ ဖြစ်နေပြီ။ ပြာနုဟာ သူကြိုက်သလို ပုံသွင်းစေခိုင်းလို့ရတဲ့ စက် ချုပ်တစ်ရုပ်မှ မဟုတ်တာ။ သူ့ကို အာခံချင်စိတ်ကလေး လှစ်ခနဲ သွေးကြွလာတယ်။

"ပြာနု . . . ကလေးထပ်မယူချင်သေးဘူး ကိုကြီး၊ ကျောင်း တက်ချင်သေးတယ်၊ UFL မှာ English ဆက်တက်မလို့"

သူက ပြာနုကို တအံ့တသြ ကြည့်တယ်။

"အင်္ဂလိပ်စာ ဆက်သင်ချင်တာများ UFL ထိ နေ့တိုင်း သွားတက်နေစရာ မလိုပါဘူး သမီးရာ၊ ကိုယ့်ကိုယ်ကိုယ် အပျိုလေးများ မှတ်နေလား၊ စာသင်ချင် ဆရာမ အိမ် ခေါ်ပေးမယ်၊ ကိုယ့်မျက်စိနောက်ကွယ်မှာ သမီးကို စိတ် မချပါဘူး၊ ကိုယ့်သမီးလေးနဲ့ကိုယ်သာ အိမ်မှာနေစမ်းပါ"

တဲ့ . . .။ ပြာနု ဘာမှ ဆက်ပြောလို့မရတော့ အောင် သူက နှုတ်ပိတ်ပစ်လိုက်နှင့်ပြီ။

"တစ်နေ့တစ်နေ့ ပြာနုအိမ်ထဲမှာပဲ မနေချင်တော့ဘူး ကိုကြီး ရဲ့၊ လူက ကြာတော့ အရည်အသွေးတွေ တုံးသွားတော့မယ်၊ ကျောင်းမတက်ရရင်လည်း ဆိုင်တစ်ဆိုင်လောက်ဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ချင်တယ်”

“ဘာဆိုင်ဖွင့်မှာလဲ . . .”

“ဖက်ရှင်ဆိုင်ပေါ့ . . . ဘန်ကောက်နဲ့ စင်္ကာပူလောက် ဈေးထွက်ဝယ်ပြီး ဆိုင်မှာတင်မယ်”

“ပိုက်ဆံအတွက် ဖွင့်မှာလား . . . လုံးဝ မလိုအပ်ဘူး သမီး၊ လိုသလောက် ယူသုံးခွင့်ပေးထားပြီးသား၊ ကိုယ် ရှာနိုင်နေပြီးသား၊ သမီး ထွက်ရှာနေဖို့ မလိုတော့ဘူး”

ပြာနုရင်ထဲ တင်းမာအေးခဲလာပြီ . . .။ ဘာပြောပြော အဲဒီလိုပဲ ပိတ်ပင်ပစ်လိုက်တာပဲ။ ဘာမှ ဆက်ပြောစရာ၊ အထွန့်တက်စရာ မလိုတော့အောင်ကို အပြတ် တားမြစ်ပိတ်ပင်နေကျချည်းပဲ။ ပြာနု . . . သူ့ကို မျက်လုံးချင်း ရင်ဆိုင်ပစ်လိုက်မိတယ်။ Limit တစ်ခုတော့ သူနဲ့ကိုယ့်ကြားမှာ ရှိသင့်ပြီလို့ ထင်တယ်လေ။ ဇနီးချောများရဲ့ အဆိုအတိုင်း ဆိုရင်ပေါ့။ အဲဒီ Limit ကို သူလည်း မကျော်စေနဲ့ . . . ပြာနုလည်း ပိုပြီး သည်းမခံနိုင်ဘူးဆိုတာ သူသိအောင် ပြောပြရတော့မယ်။

“ပိုက်ဆံအတွက် ဖွင့်မှာမဟုတ်ဘူး ကိုကြီး၊ အတွေ့အကြုံရယ်၊ လူမှုပေါင်းသင်းဆက်ဆံရေးရယ်၊ လူရာဝင်ဆန့်ဖို့ရယ် ဖွင့်ချင်တာပါ၊ လူတိုင်းမှာ ကိုယ့်အရည်အသွေးကို အသုံးချ





ခွင့် အခွင့်အရေးဆိုတာတော့ ရှိသင့်တယ် ကိုကြီး၊ ပြာနုကို အတောင်ညှပ်ချိုးထားသလို အညွန့်ချိုးထားပြီး လှောင်အိမ်ထဲမှာ အလှပြထားသလို အိမ်ထဲမှာ သိမ်းထားလို့တော့ မရဘူး၊ ပြာနု အသက်အစိတ်ပဲ ရှိသေးတယ်၊ လူ့လောကထဲမှာ လွတ်လွတ်လပ်လပ် အတောင်ဖြန့်ပြီး ပျံသန်းခွင့် ရချင်သေးတယ်၊ မိန်းမတစ်ယောက် အိမ်ထောင်ပြုလိုက်တာဟာ အဲဒီ မိန်းမရဲ့ဘဝ အဆုံးသတ်သွားတာ မဟုတ်ဘူး ကိုကြီး၊ ဘဝမှာ လုပ်သင့်တာ လုပ်ချင်တာကိုတော့ အရွယ်ကလေးရှိတုန်း လုပ်ကြည့်ချင်သေးတယ်၊ ပြာနုကို စိတ်ချမ်းသာအောင်လည်း ဖြည့်ဆည်းပေးပါဦး၊ ကိုကြီး အလိုဆန္ဒအတိုင်း နေခဲ့ရတာ ငါးနှစ်ရှိပြီ၊ ဒီအတိုင်း ကြာလာရင် ပြာနု ထွက်ပေါက်ရှာမိလိမ့်မယ်၊ ပြာနုအတွက် limit တစ်ခုတော့ ထားပေးပါ ကိုကြီး၊ အဲဒီ limit ထက်ပိုပြီး ပြာနုကို control မလုပ်ချင်ပါနဲ့၊ ပြာနု ခံနိုင်မှာ မဟုတ်ဘူး . . .”

“ကြည့်စမ်း . . . စကားတွေ တတ်လှချည်လား၊ အဲဒါတွေ ဘယ်လိုလုပ်ပြီး ပြောတတ်လာတာလဲ၊ facebook ထဲက ရတာလား”



www.burmeseclassic.com

www.burmeseclassic.com



"ပြာနု အနုံ အ,အ မဟုတ်ဘူး ကိုကြီး၊ ပြာနုမှာ ကိုယ်ပိုင် အတွေးအခေါ်၊ အယူအဆနဲ့ လွတ်လပ်မှုရှိတယ်၊ ကိုကြီး ပြာနုကို လျှော့တွက်မထားနဲ့၊ ပြာနု ဒီအိမ်ထဲမှာပဲ အမြဲ မနေနိုင်ဘူး"

"မင်းက အပြင်သိပ်ထွက်ချင်တယ်ပေါ့၊ ကောင်းပြီ ... ဒါဖြင့် မင်းကို အခွင့်အရေးတစ်ခုပေးမယ်၊ မင်း ကိုယ့်ရဲ့ Secretary လုပ်၊ ကိုယ့်ဘေးနားမှာပဲနေ ...၊ ကိုယ့်ရဲ့ လက်ရှိ Secretary ဆီမှာ မင်း တပည့်ခံပြီး ပြန်သင်ယူပေါ့၊ ကိုယ့်မှာ Secretary နှစ်ယောက်ရှိတော့ ပိုတောင်ကောင်း သေးတယ် ... ဒါပဲမှုလား၊ မင်းလိုချင်တာ"

ပြာနုဖြင့် ချက်ချင်း ကိုယ့်နားကိုယ်တောင် မယုံ နိုင်ဖြစ်သွားသေးတယ်။ ပြာနုကပဲ အပြောကောင်း အလျှောက် ကော်သွားခဲ့လို့လား မသိ။ သူက တစ်ထစ်လျှော့ပေးလိုက်တယ်။ ဘာပဲဖြစ်ဖြစ် ကိုယ်တောင်းဆိုသလောက်ထိ အခွင့်အရေး သူ မပေးခဲ့တောင် သူပေးလိုက်တဲ့ အခွင့်အရေးနဲ့တင် ပြာနု ကျေနပ် တယ်လေ။ သူ့ရဲ့ secretary လုပ်ခွင့်ရတယ်ဆိုတာ နည်းတာမှတ် လို့နော်။ ဒါဟာ ... သူတောင်းဆိုသမျှ အမိန့်ပေးသမျှကို စိတ်ထဲက မပါဘဲ ကျိတ်မှိတ်အောင့်အည်း သည်းခံနေခြင်းထက်





... ကိုယ်ဖြစ်ချင်တာ၊ လိုချင်တာကို သူ့ကို နားဝင်ချိုအောင် နားလည်လက်ခံအောင် ပြောကြည့်ခြင်းရဲ့ ရလာဒ်ပဲဆိုပါစို့ ...။

×××



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ပြာနုဘဝမှာ အတွေ့အကြုံအသစ် . . . စိတ်ဝင်စားစရာ အသစ်တွေနဲ့ လူက ပြန်ပြီး လန်းဆန်းတက်ကြွလို့လာတယ်။ မကျေနပ်စရာတွေ သိပ်တွေးမနေဘဲ၊ သူ့ရဲ့ ကောင်းကွက်ကလေးတွေကို ရှာဖွေကြည့်မြင်တတ်လာအောင် ကြိုးစားတတ်လာတယ်။ သူ စေခိုင်းသမျှကို၊ တောင်းဆိုသမျှကို လုပ်ပေးနိုင်သရွေ့ အတိုင်းအတာအထိ ကြိုးစားပြီး လုပ်ပေးလိုက်တယ်။ မလုပ်နိုင်တာ၊ မကြိုက်တာကို ပြောင်ပဲ ငြင်းပစ်လိုက်တယ်၊ ချိုချိုသာသာ လေပြေကလေးနဲ့ ငြင်းတာမျိုးလည်း ပြာနု တတ်မြောက်ခဲ့ပြီဆိုပါစို့။

သူ့ရဲ့ secretary ဆီကနေ ပြာနု မသိရသေးတဲ့ အကြောင်းအရာ တော်တော်များများကိုလည်း ပြာနု သိခွင့်ရ





ခဲ့တယ်။ secretary ကလေးက ပြာနုကို ဆရာစား မချန်ဘဲ ပညာတွေ အကုန်သင်ပေးတာကိုလည်း ကျေးဇူးတင်ရပါတယ်။ အရင်တုန်းက သူ အိမ်ကို နှစ်နာရီခြားတစ်ကြိမ်လောက် ဖုန်းလှမ်းလှမ်းဆက်တတ်ပြီး ပြာနု ဘာလုပ်နေလဲ . . . သမီး လေး ဘာလုပ်နေလဲ လှမ်းလှမ်းမေးတတ်တာကို အကဲပိုလွန်းတာ . . . ပြာနုကို လှမ်းလှမ်းချက်(ခ်)တာလို့ allergic ဖြစ်တတ်ပေမယ့် အခုတော့ secretary ကလေးဆီက သိရတာက . . .

"ဆရာက မမကို အရမ်းချစ်တာ မမရဲ့၊ အလုပ်အားတာနဲ့ မမဆီ ဖုန်းလှမ်းဆက်တတ်တာ၊ အဲဒီအချိန်ကျရင် သူ့ မျက်နှာက ပြုံးနေတာပဲ၊ ဆရာ ဘာလို့ ခဏ ခဏ လှမ်း ဆက်နေတာလဲလို့ မေးကြည့်တော့ သူ့အသံလေး ကြားရရင် စိတ်ချမ်းသာလို့တဲ့၊ အဲဒီလို ဖြေတာ၊ အခန်းထဲမှာ မမပုံနဲ့ သမီးလေးပုံတွေချည်းပဲ ထောင်ထားတာသာ ကြည့်တော့ . . . မမ ခုလို သူ့ရဲ့ secretary လုပ်မယ်ဆိုတော့ သူ အရမ်းပျော်မှာပေါ့၊ ဆရာက မမ သူ့အနားမှာ အမြဲရှိနေတာ ကို ပို သဘောကျတာပေါ့"

တဲ့ . . .။ ဒါဟာ သူ့ရဲ့ ကောင်းကွက်ကလေး တွေလား။



www.burmeseclassic.com

www.burmeseclassic.com



လကုန်ရက်မှာ ပြာနု လ,ခ ရပါတယ်။ ပထမဆုံး ပြာနုဘဝမှာ ကိုယ့်လုပ်အားနဲ့ ရတဲ့ ကိုယ်ပိုင်ဝင်ငွေကလေးမို့ အလုပ်ကအပြန်မှာ သူ့ကို ပြာနုရဲ့ မိဘတွေအိမ် လိုက်ပို့ခိုင်းမိတယ်။ ဖေဖေနဲ့ မေမေ့ကို ပြာနုရဲ့ ပထမဆုံးလခနဲ့ ထိုင်ကန်တော့တော့ သူပါ ပြာနုနဲ့အတူ လိုက်ကန်တော့ပါတယ်။ မေမေ က ပြာနုကို အခန်းထဲခေါ်သွားပြီး ခပ်တိုးတိုး ပြောပြတယ်။

"သမီးနဲ့ လက်ထပ်ပြီးကတည်းက မောင်ဇေပိုင်က မေမေတို့ကို တစ်လငါးသိန်း ပုံမှန် ပို့ပို့ပေးတတ်တာ သမီး သိတယ်မှုလား"

တဲ့ . . .။ အဲဒီစကားကြားရတော့ ပြာနု တကယ် နင်သွားခဲ့တာပါ။ ဟင့်အင်း . . . အဲဒါကို ပြာနု မသိခဲ့။ သူ ပြာနုကိုလည်း ဖွင့်မပြောခဲ့။ ဘာဖြစ်လို့ သူ ပြာနုကို ပြောပြမထားခဲ့တာပါလိမ့်။ ပြာနု ရှက်မှာ . . . လက်မခံမှာ စိုးလို့လား။ သူ့အသိစိတ်နဲ့သူ လုပ်တဲ့ကိစ္စမို့ ပြာနုသိဖို့ မလိုအပ်ဘူးလို့ သူ တွေးထားခဲ့လို့လား။ ပြာနု မိဘတွေက ပင်စင်စားတွေမို့ ခုချိန်မှာ ပုံမှန်ဝင်ငွေ မရှိတာ အမှန်ပါ။ ကိုယ့်မိဘကို ထောက်ပံ့ပေးကမ်းချင်ခဲ့ပေမယ့် ယောကျ်ားဆီမှာ မျက်နှာအငယ်ခံပြီး အောက်ကျမခံချင်တဲ့ မာနကလေးနဲ့ ပြာနု သူ့ဆီက မတောင်းခဲ့ . . .။ မေမေတို့ဆီ





အစားအသောက်၊ ဆန် ဆီ ဆား . . . အခြောက်အခြမ်းကလေးတွေသာ လစဉ်ပုံမှန်သွားလည်ရင်း ယူသွားပေးမိတာလောက်ပဲ ရှိခဲ့ပါတယ်။ အရင်တုန်းက မေမေတို့ ပြောမပြခဲ့ . . .။ ပြာနု သိပြီးသားလို့ ထင်ထားလို့လည်း ဖြစ်မှာပေါ့လေ။ ပြာနုရင်ထဲ တလှပ်လှပ် ခါလာတယ်။ ဝမ်းနည်းတာလား . . . ကြည်နူးတာလား . . . နောင်တရတာလား မသိပါဘူး၊ တစ်ကိုယ်လုံးတော့ တုန်ရင်နေတယ်။ ပြာနု မျက်လုံးထဲ မျက်ရည်တွေ ဝေ့သီလာမိတယ်။ သူ့ကို ပြာနု တကယ်ချစ်တာပါ။ ဟိုးအရင်ကတည်းက ချစ်လို့ကို ယူခဲ့မိတာ။ ခုလည်း ချစ်နေမိဆဲ။ ဘာကြောင့်များ သူ့အပေါ် မကောင်းမြင်စိတ်တွေ မွေးခဲ့မိပါလိမ့်။ သူ့ဆီက ထွက်ပြေးဖို့အထိတောင် မိုက်မိုက်မဲမဲ စဉ်းစားခဲ့မိတာ။ သူ့ရဲ့ ကောင်းကွက်ကလေးတွေကို မသိမြင်ခဲ့။ သိမြင်အောင်လည်း မကြိုးစားခဲ့မိတာပါ။ သူ့ရဲ့ အချစ်တွေကိုပဲ စိတ်ပျက်မွှန်းနောက်နေခဲ့မိသေး။ ပြာနု တစ်ခုခုကို သိမြင်လိုက်မိတယ်။ အဲဒီအတွက် Beautiful Wives Club ကိုလည်း ကျေးဇူးတင်မိတယ်။ လူတစ်ယောက်မှာ ဆိုးကွက်တွေချည်းပဲ ရှိနေနိုင်တာမှ မဟုတ်တာ။ သူ့ရဲ့ ကောင်းကွက်ကလေးတွေကိုလည်း ရှာကြည့်တတ်မယ်ဆိုရင် မြင်နိုင်ကြောင်း ဇနီးချောတွေက မီးမောင်းထိုးပြခဲ့တာကိုး။



www.burmeseclassic.com

www.burmeseclassic.com



မေမေတို့အိမ်ကအပြန် လှေခါးထစ်မှာ ပြာနု သူ့လက်ကို ဖမ်းဆုပ်ကိုင်ထားလိုက်မိတယ်။ ဒါမျိုး အရင်က ပြာနုက လုပ်တာမဟုတ်ဘဲ သူကချည်း အမြဲ လက်ကို တင်းတင်း ဆုပ်တွဲကိုင်နေကျပါ။ ပြာနုက စိတ်ရှုပ်ငြိုငြင်စွာနဲ့ မသိမသာ ရုန်းထွက်နေကျဆိုတော့ သူက တအံ့တသြ လှမ်းကြည့်တယ်။ ပြာနု သူ့ကို အကောင်းမြင်စိတ်ကလေးနဲ့ ပြုံးပြမိတယ်။ ပြီးတော့ သူ့ကို မပြောဖြစ်တာကြာပြီဖြစ်တဲ့ စကားလေးတစ်ခွန်း သူ့နားထဲ တိုးတိုးကလေး လှမ်းပြောလိုက်မိတယ်။

“ကိုကြီးကို ပြာနု အရမ်းချစ်တယ် . . . သိလား”

အမလေး သူ့မျက်နှာတစ်ခုလုံး ပြုံးချိုလင်းလက်သွားပုံများ . . .

“ကိုကြီးသိပါတယ် သမီးရယ် . . .”

တဲ့ . . .။ ပြာနုတို့နှစ်ယောက် ဒီအချိန်ကျမှပဲ နားလည်မှုကလေး ရသွားခဲ့တာပါ။ အဲဒီအတွက် ဇနီးချောများ Club ကို ကျေးဇူးတကယ်တင်မိပါတယ်လေ။

xxx



# အခန်း ၇



www.burmeseclassic.com

www.burmeseclassic.com

# ဆောင်းဆည်းဆာ



တံခွန်တိုင်စာပေ (၁၇၅)

www.burmeseclassic.com

www.burmeseclassic.com



"ဇနီးချောများရေ . . .

ကျွန်မက ဆောင်းဆည်းဆာပါ။ ဇနီးချောများရဲ့ အောင်မြင်မှုတွေကို အမြဲ တွေ့နေရတာမို့ အားကိုးတကြီးပဲ ရင်ဖွင့်လိုက်မိပါတယ်။ ကျွန်မရဲ့အဖြစ်က ရိုးမလိုလိုနဲ့ တကယ်ဆန်းပါတယ်။ ဘယ်လို ဆုံးဖြတ်ရမှန်းလည်း မသိတော့ပါဘူး။ ကျွန်မက အိမ်ထောင် ကျခဲ့ဖူးပြီး အိမ်ထောင်နဲ့ ကွာရှင်းပြတ်စဲပြီးခဲ့သူပါ . . .၊ ကွာရှင်းခဲ့င နှ်းက သူ့မှာ ကျွန်မအပြင် နောက်ထပ် ချစ်သူတစ်ယောက် ရှိနေခဲ့တာမို့ သူ့ကို ခွင့်မလွှတ်နိုင်လို့ ကွာရှင်းခဲ့တာပါ၊ အိမ်ထောင်ကွဲကြတော့ ကျွန်မမှာ သားနဲ့သမီးကလေး ကျန်ရစ်ခဲ့ပါတယ်၊ ကျွန်မတို့နှစ်ယောက်က ငယ်ချစ်တွေဆိုပါတော့၊ ကွဲကွာခဲ့ပေမယ့် သူ့ကို တစ်နေ့မှ မေ့လို့မရခဲ့တာ အမှန်ပါ၊ သူက



www.burmeseclassic.com

www.burmeseclassic.com



နောက်အိမ်ထောင်ပြုလိုက်ပါတယ်၊ အဲဒီ အိမ်ထောင်နဲ့ ကလေးမရပါဘူး၊ သူက ကလေးအရမ်းချစ်တတ်သူပါ၊ သားနဲ့သမီးကို သူ အရမ်းချစ်ပါတယ်၊ ကျွန်မတို့နှစ်ယောက်လည်း သားနဲ့သမီးကို အကြောင်းပြုပြီး မိတ်ဆွေ သူငယ်ချင်းတွေလိုပဲ ခင်ခင်မင်မင် ဆက်ဆံနေကြတာပါ၊ အဲဒါကို သူ့ရဲ့မိန်းမက လုံးဝ မနာလိုတာပါ၊ အမျိုးမျိုး စောင်းမြောင်း ရန်လုပ်နေတော့တာပါ၊ သူက ကျွန်မရဲ့ အိမ်ကိုလည်း အမြဲ အဝင်အထွက်ရှိပါတယ်။

လွန်ခဲ့တဲ့ တစ်လလောက်ကစပြီး သူ့ရဲ့ ဆက်ဆံရေးတွေက ကျွန်မအပေါ် ပြန်ပြီး တိမ်းညွတ်လာပါတယ်၊ ဆယ်ကျော်သက်ဘဝကတည်းက ချစ်ခဲ့ကြတဲ့ အချစ်ဦးတွေလည်း ဖြစ်ခဲ့တာမို့ ရှေးဟောင်းနှောင်းဖြစ်တွေ အချစ်အကြောင်းတွေ ပြန်တမ်းတ,သလို ပြောတတ်ပါတယ်၊ သူ့မိန်းမကို စိတ်ပျက်ငြီးငွေ့တဲ့အကြောင်းတွေလည်း ညည်းပြတတ်ပါတယ်၊ ကျွန်မကသာ ပြန်လက်ခံမယ်ဆိုရင် သူက ဟိုတစ်ယောက်ကို ထားခဲ့ပြီး ကျွန်မဆီ အချိန်မရွေး ပြန်လာမယ့် အရိပ်အယောင်တွေ ပြလာပါတယ်၊ သားနဲ့သမီးကလည်း သူတို့ဖေဖေနဲ့ မေမေ့ကို ပြန်ပေါင်းထုပ်စေချင်တယ်





ခက်တာက ကျွန်မရဲ့စိတ်ပါ၊ သူ့ကို ခုချိန်ထိလည်း ချစ်နေဆဲ ... တမ်းတနေဆဲ ဖြစ်ပေမယ့် သူ ကျူးလွန်ခဲ့တဲ့ အမှားကို ကျွန်မ ဘယ်တော့မှ မေ့လို့မရနိုင်တော့ဘူး၊ ခွင့်မလွှတ်နိုင်တော့ဘူး၊ သူ ပြန်လာတာကို ပြန်လက်ခံရမှာကိုလည်း အရမ်း ရှက်မိပါတယ်၊ ဒါပေမယ့် သူ့ကိုလည်း ချစ်နေမိဆဲပဲ၊ တစ်ခါတစ်ခါ ငယ်ငယ်တုန်းကလိုပဲ မျက်စိစုံမှိတ်ပြီး ရူးရူးမိုက်မိုက် မိုက်ရူးရဲဆန်ပစ်ချင်ပေမယ့် အဲဒီလိုလည်း အဖြစ်မခံနိုင်ပြန်ဘူး၊ ကျွန်မအတွက် အရမ်းဆုံးဖြတ်ရခက်ခဲရှုပ်ထွေးနေပါတယ်၊ ဇနီးချောများဆီက ကျိုးကြောင်းသင့်တင့်ဆီလျော်တဲ့ ဆုံးဖြတ်ချက်နဲ့ အကြံဉာဏ်ကို အရမ်းလိုချင်မိပါတယ်၊ ခုချိန်ထိ ပြဿနာတိုင်းကို ကိုင်တွယ်ဖြေရှင်းရာမှာ အဆင်ပြေအောင်မြင်သွားတာတွေပဲ ဖတ်နေရတာမို့ ကျွန်မလည်း အဆင်ပြေပါရစေရှင်၊ အကောင်းဆုံး အဖြေတစ်ခု ထုတ်ပေးစေချင်ပါတယ်၊ မျှော်နေမယ်နော် ..."

ဆောင်းဆည်းဆာ ...

တဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်းဆည်းဆာတဲ့ . . . နာမည်လေးက လှလိုက်တာဟယ်၊ ခက်တာက ဇာတ်လမ်းကတော့ မလှပဘူးဖြစ်နေတယ်၊ ကိုယ့်ကို သစ္စာမဲ့သွားပြီး ကိုယ့်ဆီကနေ တခြားရင်ခွင်တစ်ခုဆီ ကူးသွားပြီးမှ ကိုယ့်ဆီ ပြန်လာချင်နေတဲ့ ယောကျ်ားတစ်ယောက်ကို ကြိုဆိုရမှာလား၊ ငြင်းပယ်ရမှာလားဟယ်"

မဒီက မျက်နှာကလေးရှုံ့ပြီး ခပ်ညည်းညည်းကလေး ပြောတယ်။ သမ္ဘာကတော့ . . .

"ငါတော့ ဒီဇာတ်လမ်းကို ဖတ်ပြီးတာနဲ့ Brad Pitt ရယ် Jennifer Aniston ရယ်နဲ့ Angelina Jolie တို့ရဲ့ သုံးပွင့်ဆိုင် ဇာတ်လမ်းကို ပြေးမြင်မိတယ်၊ ဟိုဇာတ်လမ်းလည်း အပြင်မှာ အဲဒီလိုပဲ ခပ်ဆင်ဆင် ဖြစ်နေတယ် . . . သိလား"

"ကဲပါ . . . Joliepitt နဲ့ Jen တို့ဇာတ်လမ်းကို အသာထားစမ်းပါ၊ ဆောင်းဆည်းဆာရဲ့ ဇာတ်လမ်းကို ဘယ်လိုကိုင်တွယ်မလဲဟင်၊ အချစ်က အဓိကကျတာလား၊ သစ္စာတရားက အဓိကကျတာလား၊ ခွင့်လွှတ်သည်းခံရမှာလား၊ ဂုဏ်သိက္ခာကို ဦးစားပေးရမှာလား၊ စိတ်ဆန္ဒနဲ့ နှလုံးသားအလိုဆန္ဒကို ဦးစားပေးရမှာလား၊ ဆင်ခြင်တုံတရားနဲ့ စောင့်စည်းနိုင်စွမ်းကို အရေးထားရမှာလား၊ ကဲ . . . ဘယ်လိုလဲ . . . ဖြေကြလေ"





မာယာက မေးခွန်းတွေနဲ့ စတယ်။ ကျန်သုံးယောက်က ဝိုင်းပြီး အုံးစားနေကြတယ်။ ပထမဆုံး စပြောသူက အမရာပါ။

"ပြတ်သွားပြီးတဲ့ကြိုးတစ်ချောင်းကို ပြန်ဆက်လို့ရသလား၊ သူတို့ကွာလည်း ကွာရှင်းခဲ့ပြီးပြီ၊ ကလေးတွေလည်း တစ်ကြိမ် စိတ်ဒဏ်ရာတွေ ရခဲ့ပြီးပြီ၊ နေသားတကျဖြစ်လာတော့မှ သူက ပြန်ပေါင်းချင်တယ်၊ ဇာတ်လမ်းကို အသစ်ကပြန်စ, တော့ရော ဒီဇာတ်လမ်းက အသစ်ပြန်ဖြစ်ဦးမှာတဲ့လား"

အမရာပြောတာကို ဘယ်သူမှ မငြင်းနိုင်ပါ။

"အချစ်ဆိုတာ တို့တွေက 'ရေ'လို့ထင်နေတဲ့ တံလှပ်နဲ့ တူတယ် သိလား၊ ထင်ယောင်ထင်မှားဖြစ်နေတုန်း ခဏမှာတော့ ဘာမှန်းညာမှန်းမသိ၊ အရှူးအမူးဇောနဲ့ကို လိုက်ရှာနေတာ၊ မောရပန်းရကောင်းမှန်းကို မသိ၊ ကိုယ့်ကိုယ်ကိုယ် သနားရကောင်းမှန်း မသိ၊ မျှော်လင့်ချက် အကြီးစားကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ လက်ပစ်ကူးနေကြတာပါ၊ တစ်ချိန်ချိန်မှာ အဲဒီအရာဟာ ဘာမှ မဟုတ်မှန်းလည်း သိတဲ့အခါကျတော့ တစ်ကိုယ်လုံးမှာ ပြန်ပြင်ဆင်လို့ မရတော့တဲ့ ဒဏ်ရာဒဏ်ချက်တွေနဲ့ ပြည့်လို့ . . .၊ အရာရာလည်း နောက်ကျခဲ့ပြီးသား၊ ဒီလိုပဲ မသိချင်ဟန်ဆောင်ပြီး အဲဒီ အချစ်တံလှပ်ကြီးထဲမှာ ရေဟန်ဆောင်ပြီး ဆက်ကူးခပ်နေတဲ့ သူတွေလည်း ရှိတယ်၊ တချို့ကလည်း မထူးတော့ဘူးဆိုပြီးတော့လေ၊ တချို့ကတော့ ရုန်းထွက်ပြီး ထ,လမ်းလျှောက်ဖို့ ကြိုးစားမိကြတယ်၊ ငါကတော့ အချစ်ဆိုတာကို အဲဒီလိုပဲ မြင်တော့ တယ်ဆရာ"

သမ္မုကျ ဒါရိုက်တာကတော်ရယ်လို့ မပြောရ။ သူ့မှာ ဒိုင်ယာလော့(ခ်)တွေ၊ ဒဿနတွေက အပြည့်။

"အံမယ် . . . ဒိုင်ကတော့ အပြင်းစားပါလား၊ သမ္မု တကယ်ပြောတာ၊ ရှင် စာရေးဆရာမ လုပ်စားကြည့်ပါလား၊ အောင်မြင်နိုင်တယ်၊ ရှင့်မှာ ကိုယ်ပိုင် အတွေးအခေါ် ရှိတယ်၊ အဖြစ်အပျက်တစ်ခုကနေ ကောက်ချက်ဆွဲပြီး ဒဿနတစ်ခု ဆွဲထုတ်နိုင်တာ နည်းတဲ့ အရည်အချင်း မဟုတ်ဘူးနော်"

"တော်စမ်းပါဟယ် . . . အချွန်နဲ့ မ,ဖို့ မကြိုးစားပါ နဲ့နော်၊





ငါ အရမ်း အောင်မြင်သွားမှာစိုးလို့ စာတော့ ရေးမနေတော့ပါဘူး၊ တခြားသူတွေကို အခွင့်အရေး ပေးထားလိုက်တဲ့ သဘောပါ . . . ဟီ ဟိ"

သမ္မု့ကို ဝိုင်းရယ်မိကြပါတယ်။

"ကဲ . . . ဆောင်းဆည်းဆာရဲ့ ဇာတ်လမ်းကို ပြန်ဆက်ရရင် တစ်ခါခြံခုန်ထွက်ပြေးထားဖူးတဲ့ ယောကျ်ားတစ်ယောက်ကို ဒုတိယအခွင့်အရေး ထပ်ပေးသင့်သလား၊ ဒုတိယအကြိမ် အဲဒီအမှားကိုပဲ ထပ်ပြီး သူ မကျူးလွန်ပါဘူးလို့ ဘာနဲ့ အာမခံမှာလဲ၊ သူသာ ဆည်းဆာကို တကယ်ချစ်ခဲ့တယ်ဆိုရင် အစကတည်းက အဲဒီအမှားကို သူ မကျူးလွန်ခဲ့သင့်ဘူးပေါ့၊ စိတ်ဆန္ဒရဲ့ အလိုကို လိုက်တယ်ဆိုတာ အရမ်းလွယ်တယ်လေ၊ မမှားသင့်တဲ့ . . . မကျူးလွန်သင့်တဲ့ လုပ်ရပ်တစ်ခုကို မမှားမိအောင် ဆင်ခြင်ထိန်းချုပ်နိုင်စွမ်း ရှိဖို့ဆိုတာကသာ အရမ်းခက်တာပါ၊ သူက အလွယ်လမ်းကို လိုက်ဖူးတဲ့သူ၊ သူ့ကို ဆည်းဆာ ဘယ်လောက်ပဲချစ်ချစ် သူ့ကို ပြန်လက်မခံသင့်ဘူး၊ ခွင့်လွှတ်နိုင်တယ်ထားဦး မလိုက် လျောသင့်တော့ဘူး"

မာယာက တွေးတွေးဆဆ ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မဒီက. . .

"ဟုတ်တယ် . . . မာယာနဲ့ကျွန်မ စိတ်ကူးချင်းတူ တယ်၊ ကျွန်မသာဆို ခွင့်တောင်မလွှတ်ချင်ပါဘူး၊ ကိုယ့်ကို တစ်ခါ ပစ်ပြီး၊ တခြားရင်ခွင်ဆီ ကူးထားဖူးတဲ့ လူတစ်ယောက်ကို ဘယ်လိုအကြောင်းမျိုးနဲ့မှ လက်မခံသင့်ပါဘူး၊ Brad Pitt တို့ Jolie နဲ့ Jen တို့ကို သွား မကြည့်နဲ့၊ သူတို့ရဲ့ ယဉ်ကျေးမှုက ဘာကိုမှ သိပ်ဂရု စိုက်ငဲ့ညှာတတ်တာ မဟုတ်ဘူး၊ စိတ်ကို အလိုလိုက်လွန်းတဲ့သူတွေ၊ သူတို့က ခံစားမှုကိုပဲ ဦးစားပေး လွန်းတာ၊ ကိုယ့်ရဲ့ စိတ်ချမ်းသာ ပျော်ရွှင်မှုအတွက်ပဲ ကြည့် တတ်လွန်းတာလေ . . ."

"ကဲ . . . အဲဒီတော့ အားလုံးကို အနှစ်ချုပ်လိုက်ရင် သူတို့ဇာတ်လမ်းကို ပြန်မဆက်ဖို့က လေးမဲစလုံးပေါ့လေ"

လေးယောက်စလုံး ပြိုင်တူ ခေါင်းညိတ်ပြကြပါ တယ်. . . ဟုတ်တယ်လေ။ သူ့ဆီက ဘာတွေများ မျှော်လင့်နေရဦး မှာလဲ။

×××







ဆည်းဆာရေ . . .

ဆည်းဆာရဲ့ ဇာတ်လမ်းကို တို့လေးယောက် စလုံး သေချာစဉ်းစားပြီးမှ အဖြေတစ်ခု ထုတ်ပေးတာပါ . . .။ ဒီကိစ္စမှာ သားသမီးတွေကို ငဲ့ညှာပြီး ပြန်လက်ခံရမယ် ဆိုရအောင်လည်း သားသမီးတွေမှာက ဒဏ်ရာကိုယ်စီ ရခဲ့ပြီးသားမို့ ဒီထက်ပိုပြီး သက်သာရာ ရစရာအကြောင်း မရှိတော့ပါဘူးလေ၊ သူ့ကို ဆည်းဆာ ခွင့်လွှတ်နိုင်တယ် ထားဦး . . . ဆက်ချစ်နိုင်တယ်ထားဦး အမှားတစ်ခုကို လွယ်လွယ်ကူကူ ကျူးလွန်ခဲ့ဖူးတဲ့ လူတစ်ယောက်အဖို့



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ဘယ်အချိန် အမှား ထပ်ကျူးလွန်ဦးမလဲဆိုတာ ဆည်းဆာ ဘယ်တော့မှ စိတ်ချလက်ချ ရှိနိုင်မှာ မဟုတ်ဘူး လေ၊ သူ့ကို ချစ်နေဆဲ အချစ်တွေကို မိတ်ဆွေသူငယ်ချင်း တွေအချစ် အဖြစ်ပဲ ပြောင်းလဲလိုက်နိုင်မယ်ဆိုရင် ဆည်းဆာနဲ့သူ တစ်သက်လုံး မမုန်းဘဲ ဆက်ဆံသွားလို့ရပါ တယ်၊ သူ့မှာလည်း အိမ်ထောင်အသစ်နဲ့လေ၊ ခုပဲ ဒီအိမ် ထောင်ကို စွန့်ဖို့ သူ အလွယ်တကူ ဆုံးဖြတ်နိုင်ခဲ့ပြီဆိုရင် တစ်ချိန်မှာလည်း ဆည်းဆာကို အလွယ်တကူ ထပ်စွန့်ဖို့ သူ ဝန်လေးမှာ မဟုတ်ပါဘူး၊ 'အချစ်'ဆိုတဲ့ အရာက တကယ်တမ်းကျတော့ ဘာမှ အားကိုးမျှော်လင့်လို့ ရတာ မဟုတ်ပါဘူး ဆည်းဆာ၊ ဒါကြောင့် အချစ်တစ်ခုတည်းကို အားကိုးပြီး မိုက်မိုက်မဲမဲ မဆုံးဖြတ်လိုက်ပါနဲ့၊ သူ့ကို နားလည်အောင် ရှင်းပြပြီး ဒီအခြေအနေအတိုင်းလေးပဲ ဆက်နေကြတာ ပိုကောင်းပါလိမ့်မယ်နော်၊ စိတ်ကို အလို မလိုက်ပါနဲ့၊ ပြတ်သားစရာကို ရဲရဲဝံ့ဝံ့ပဲ ပြတ်သားထား လိုက်ရင် နောက်ထပ် နောင်တ,ရစရာ၊ နာကျင်စရာ မရှိ တော့ဘူးပေါ့ . . .

"ချစ်တဲ့ ဇနီးချောများ . . ."





စာကိုဖတ်ပြီး ဆည်းဆာ သက်ပြင်းချမိတယ် . . .။

သူတို့ပြောတာတော့ ဟုတ်သလိုလို ရှိပါရဲ့ . . .။ ဒါပေမယ့် ဆည်းဆာရဲ့ ပျော့ညံ့ချက်နဲ့ ခံစားချက်ကို သူတို့ ဘယ်လိုလုပ်ပြီး သိနိုင်မလဲ။ ကိုယ်ချစ်တဲ့ ယောကျ်ားတစ်ယောက်က ညှို့မြူ သိမ်းသွင်းလာတဲ့အခါတိုင်း ခံနိုင်ရည်မရှိတာ၊ ချုပ်ထိန်း တင်းခံ နိုင်စွမ်း မရှိတာ၊ သူ့ရဲ့ ဆွဲဆောင်ရာဆီ လေယူရာတိမ်းသလို ယိမ်းနွဲ့ ညွတ်တိမ်းပါသွားတတ်တာကို ဘာနဲ့ ထိန်းချုပ်မလဲ။ မဖြစ်သင့်တော့မှန်းတော့ သိနေပါရဲ့။ ဒါပေမယ့် ရှောင်လို့ကို မရနိုင်တာပါ။ သူက အရမ်းကြွေပြ၊ အသနားတွေခံပြ၊ ကလေးတွေနဲ့ မျှားပြီး သူ့အမှားအတွက်၊ သူ နောင်တရနေတာ၊ အထီးကျန် အားငယ်နေတာတွေ၊ ဆည်းဆာကိုသာ တကယ်ချစ်နေဆဲပါဆိုတာ တွေ ပြောလာတော့ ဆည်းဆာ ဘယ်လိုလုပ်ပြီး ရှောင်တိမ်းနိုင်ပါ့ မလဲ၊ သူက သူ့ရဲ့အိမ်ထောင်ကို အချိန်မရွေး ခွဲခွာထားပစ်ခဲ့တော့ မှာဆိုတော့လည်း ကိုယ်က သူ့ကို လက်မခံလည်း သူတစ်ယောက် တည်း လွင့်ချင်ရာ လွင့်တော့မယ်ဆိုတဲ့ သဘော။

သားနဲ့သမီးကို အလိမ္မာကလေးနဲ့ တီးမိခေါက် ကြည့်မိပါသေးတယ်။

"သား . . . သမီး၊ သားတို့ဖေဖေကို ခွင့်လွှတ်နိုင်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



သားနဲ့သမီးက ဆယ်နှစ်နဲ့ ရှစ်နှစ်ဆိုတော့ သိတတ်စတော့ ပြုနေပါပြီ။ ဆည်ဆာတို့ လမ်းခွဲကြတာ နှစ်နှစ်လောက်ရှိပြီဆိုတော့ သားက ပိုနားလည်ခံစားတတ်တဲ့အရွယ်။ သမီးက အဖေ့သမီးကို အဖေ့ကို တမေးတည်းမေး လွမ်းတတ်ခဲ့ပေမယ့် အဖေနဲ့အမေ ဘာကြောင့် တကွဲတပြားစီ ခွဲနေကြတယ်ဆိုတာကို သိပ်နားလည်ခဲ့ပုံမရ။ ဒါပေမယ့်လည်း သားရော၊ သမီးရော အရွယ်ငယ်ငယ်ကလေးတွေနဲ့ ဒဏ်ရာကိုယ်စီ ရခဲ့ကြတာတော့ အမှန်ပါ။

"သားကတော့ ကိုယ့်အဖေ ဖြစ်နေတော့ ခွင့်မလွှတ်ချင်လို့ မရဘူးလေ၊ သူ့မိန်းမကိုတော့ မုန်းတယ်၊ ကြည့်လို့ကို မရဘူး၊ အဖေ့ကို သူက အပိုင်စီးထားတာ၊ သား တို့လည်း ပိုင်တာပဲ . . ."

သားက လူကြီးလေးတစ်ယောက်လို မခံချင်စိတ်ကလေးနဲ့ ပြောတတ်တယ်။ သမီးကတော့ . . .

"မီးကတော့ ဖေဖေ့ကို ချစ်တယ်၊ ခွင့်လွှတ်တယ်"

လို့ ရိုးရိုးရှင်းရှင်းနဲ့ အပြစ်ကင်းစွာ ပြောတယ်။ ဆည်းဆာရင်ထဲက ခံစားချက်နဲ့ တထပ်တည်း။

"တကယ်လို့ သမီးနဲ့ သားတို့ရဲ့ဖေဖေက မေမေတို့နဲ့ အတူတူ





လာပြန်နေမယ်ဆိုရင်ကော သားနဲ့သမီး ဘယ်လို သဘောရသလဲ"

သားက ဆည်းဆာကို အကဲခတ်သလိုကြည့်ပြီး . . .

"မေမေကရော . . . !"

တဲ့ . . . ။ ဆည်းဆာကို ပြန်မေးတယ်။ သူနဲ့ ခွဲခွါခဲ့ချိန်တုန်းက ဆည်းဆာရဲ့စိတ်တွေ လေလွင့်ကျဆင်းခဲ့ရတာတွေ၊ ခံစားနာကျင်ခဲ့ရတာတွေ၊ အထီးကျန် အားငယ်ခဲ့ရတာတွေကို ဘယ်တော့မှ ပြန်မတွေးချင်တော့တာပါ။ ဘာကြောင့်များ သူ့ကို ခွင့်မလွှတ်နိုင်ခဲ့ရတာပါလိမ့်။ ထွက်ပေါက် မပေးခဲ့ရတာပါလိမ့်။ ဒုတိယ အခွင့်အရေးတစ်ခု မပေးခဲ့ရတာပါလိမ့် . . . လို့ နောင်တက ရချင်ချင်။

"မေမေကတော့ တဖြည်းဖြည်းနဲ့ ခွင့်လွှတ်လာမိသလား မသိပါဘူး သားရယ်၊ သားဖေဖေ တစ်ယောက်တည်းမှာ အပြစ်ရှိတာတော့ မဟုတ်ပါဘူး၊ မေမေ့မှာလည်း အပြစ်ရှိပါတယ်၊ အခု မေမေ့အသက် သုံးဆယ့်ငါးပဲ ရှိသေးတယ်၊ နောက်အိမ်ထောင်ပြုမယ်ဆိုရင် ပြုလို့ရတဲ့အရွယ် ဆိုပေမယ့် တခြားသူစိမ်းတစ်ယောက်နဲ့တော့ ထပ်မယူချင်ဘူး သား



www.burmeseclassic.com

www.burmeseclassic.com



ပြန်စဉ်းစားမယ်ဆိုရင် သားဖေဖေကိုပဲ စဉ်းစားချင်တယ်၊ သားနဲ့သမီးလေးအတွက်လည်း မေမေ စဉ်းစားတာပါ . . .၊ မေမေတို့ မိသားစုကလေးပေါ့၊ သူကလည်း ပြန်လာချင်တယ် ဆိုတော့လေ . . .”

သားကို လူကြီးလေးလို လူရာသွင်းပြီး တိုင်တည် ပြောနေမိတယ်။ သူနဲ့ ခွဲခွါရတာဟာလည်း မုန်းလို့၊ နာကြည်းလို့၊ တစ်ယောက်မျက်နှာတစ်ယောက် မကြည့်ချင်လို့၊ ပေါင်းသင်းလို့ မရတော့လောက်အောင် ဆန့်ကျင်ဘက်တွေ ဖြစ်နေကြလို့ ကွဲကွာခဲ့ ကြတာ မဟုတ်။ သူ့အမှားတစ်ခုအတွက် စိတ်ဆိုး ပေါက်ကွဲပြီး ဆည်းဆာကစပြီး လမ်းခွဲစကားကို စိတ်လိုက်မာန်ပါ ပြောခဲ့မိတာ လေ။ တစ်ခါတစ်ခါ ခွင့်မလွှတ်နိုင်လောက်အောင် ဖြစ်လိုက်။ တစ်ခါတစ်ခါ ခွင့်လွှတ်နေမိလိုက်နဲ့ ဆည်းဆာကိုယ်တိုင်ကလည်း အစိုးမရတာပါလေ။

“မေမေ ပျော်မယ်ဆိုရင် သားတို့လည်း သဘောတူပါတယ် မေမေ၊ ဖေဖေ ပြန်လာမယ်ဆိုရင် သားတို့ လက်ခံပါ တယ်”

လို့ . . . သားက အဖြေပေးတယ်။ သမီးလေး ကလည်း . . .





“သမီးရောပဲ . . .”

တဲ့ . . .။ ဆည်းဆာအနေနဲ့ ပတ်ဝန်းကျင်က ဘယ်လိုမှတ်ချက်တွေပေးပြီး၊ အတင်းစကားတွေ ပြောမလဲဆို တာကို ဥပေက္ခာပြုထားလိုက်ချင်ပါတယ်။ ကိုယ့်ဘဝကို ပတ် ဝန်းကျင်ရဲ့ ထင်မြင်ချက်၊ ယူဆချက်တွေအောက်မှာတော့ အပြောင်းလဲ မခံချင်ဘူးလေ။ အခုလည်း ဇနီးချောများအဖွဲ့ရဲ့ ဆုံးဖြတ်ချက်အရသာဆို ဆည်းဆာ သူ့ကို ပြန်ပြီး လက်မခံသင့် ဘူးဆိုပေမယ့် ဆည်းဆာရဲ့ ပျော်ရွှင်စိတ်ချမ်းသာမှုကို ဆည်းဆာ ကိုယ်တိုင်ကလွဲပြီး ဘယ်သူကမှ မဖန်တီးနိုင်ဘူးလေ။

xxx



www.burmeseclassic.com

www.burmeseclassic.com



“ဆည်းဆာ . . . မောင့်ကို ပြန်လက်ခံမှာလားဟင်၊ မောင် ပြန်လာရတော့မလား၊ ဘာတွေ စဉ်းစားနေလဲ ဆည်းဆာရယ်၊ ကွာရှင်းစာချုပ်မှာ မောင် လက်မှတ်ထိုးထားပြီးသား သူ့ကို ပေးခဲ့ပြီး ထွက်လာခဲ့ရုံပဲ”

“အိမ်ထောင်တစ်ခု ဖျက်ဆီးဖို့ အဲဒီလောက်ပဲ လွယ်သလား မောင်”

“ဒါပေမယ့် . . . မောင် တည်ဆောက်ချင်လွန်းလို့ တည်ဆောက်ခဲ့တဲ့ အိမ်ထောင်တစ်ခု မဟုတ်ဘူးလေ . . . ဆည်းဆာရယ်၊ အခြေအနေအရ ဖြစ်သွားခဲ့တာပါ၊ အဲဒီတုန်းက မောင့်မှာ ရွေးချယ်စရာလမ်းမှ မရှိဘဲ၊ ဆည်းဆာက လည်း ခွင့်မလွှတ်နိုင်ခဲ့ဘူးမှလား၊ မောင် သူ့ကို ထွက်ပေါက် တစ်ခုအဖြစ် အသုံးချခဲ့မိတာပါ”





တဲ့ . . .။ သူ ပြောသမျှကို ဆည်းဆာ လက်ခံ နေမိတယ်။ အငြင်းမပွားချင်ဘူး . . .။

“အမှန်အတိုင်းပြောရရင် ဆည်းဆာ မောင့်ကို ခွင့်မလွှတ် ချင်ဘူး၊ ပြန်လက်ခံရမှာကိုလည်း ရှက်နေမိတယ်၊ မောင် နောက်တစ်ကြိမ် ဒီအမှားမျိုး မကျူးလွန်ပါဘူးလို့ ကတိပေး နိုင်သလား . . . အာမခံနိုင်သလား”

“ဟာ . . . ဘာဖြစ်လို့ ကတိမပေးနိုင်ရမှာလဲ၊ အာမ, မခံနိုင်ရမှာလဲ၊ မောင့်အမှားအတွက် မောင် နောင်တ ရနေပါတယ်လို့ ပြောပြီးသားပဲကွာ”

သူ့မျက်လုံးတွေမှာ တောက်ပထက်သန်မှုတွေနဲ့ တလက်လက် ဖြာနေတယ်။

“ရှေ့လတစ်ရက်နေ့က သမီးလေး ရှစ်နှစ်ပြည့်မယ့်နေ့လေ၊ မောင် မှတ်မိတယ်မှလား . . .၊ သမီးရဲ့ မွေးနေ့ပွဲကို အိမ်မှာ ပဲ ကျင်းပပေးချင်တယ်၊ မိတ်ဆွေသူငယ်ချင်းတွေလည်း ဖိတ်ထားလိုက်မယ်၊ ညနေ ခြောက်နာရီလောက်ပေါ့ . . . မောင် လာနိုင်မလား၊ သမီးကို surprise လည်း လုပ်ချင် တယ်၊ မောင်ပြန်လာမယ့်အကြောင်း သူငယ်ချင်းတွေရှေ့မှာ ကြေညာလိုက်မယ်လို့ ဆည်းဆာ စဉ်းစားထားတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဆည်းဆာ ဖွတ်မှိတ်ဆုံးဖြတ်လိုက်မိတယ်။ သူက ဆည်းဆာကို ခပ်တင်းတင်း ပွေ့ဖက်ထားခဲ့တယ်။

"ကျေးဇူးတင်လိုက်တာ ချစ်ဇနီးလေးရယ် . . ."

လို့လည်း တိုးတိုးကလေး ပြောနေပြန်သေးတယ်။ ဆည်းဆာကိုယ်တိုင်လည်း ရင်တွေခုန်လို့ပါ။

×××





တစ်အိမ်လုံး စိတ်လှုပ်ရှားမှုတွေနဲ့ ပျော်ရွှင်နေကြတဲ့နေ့ပေါ့။ သမီးလေးရဲ့ မွေးနေ့ညလေ။ ဆည်းဆာက သူအရမ်းကြိုက်တဲ့ ကြက်ဆင်သားကို ခြံမှာ ကိုယ်တိုင်သွားဝယ်ပြီး oven နဲ့ စိတ်တိုင်းကျ ကင်ထားပေးမိတယ်။ ကြက်ဆင်သားရဲ့ ကိုယ်ထဲမှာ အဆာသွတ်ပြီး ရွှေညိုရောင် တင်းပြောင်နေတဲ့အထိ ကင်ထားတာမို့ မွှေးပျံ့နေတာ။ လူတွေလည်း စုံပြီ. . .။ သမီးလေးအတွက် မွေးနေ့ကိတ်က Princess ပုံကလေးနဲ့ ပန်းရောင်ကိတ်လှလှကလေးကိုလည်း ဆည်းဆာ ကိုယ်တိုင်ပဲ bakery တစ်ခုမှာ အော်ဒါသွားမှာယူထားခဲ့တာ။ ဒီနေ့ည ဆည်းဆာအလှဆုံး ပြင်ဆင်ထားမိတာကို သူငယ်ချင်းတွေကလည်း ရိပ်မိတယ်။ တစ်ခုခုတော့ ထူးလိမ့်မယ်ဆိုတာ သူတို့လည်း ရိပ်မိနေပုံပါ။ ဘယ်သူကိုမှ ကြိုအသိပေးမထားပေမယ့် ဆည်းဆာတစ်ယောက်တည်း သူ့ကို ကျိတ်ပြီး မျှော်နေခဲ့မိတာပါ။ ခြောက်နာရီကျော်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ဆည်းဆာ ရင်တွေခုန်နေခဲ့ပြီး သမီးလေးကတော့ သိသိသာသာပဲ မျှော်ပါတယ်။

"ဖေဖေ လာရင်ကောင်းမယ်နော်၊ ဖေဖေလည်း မလာသေးဘူးနော်"

တဲ့ . . .။ ခြောက်နာရီ ကျော်ကျော် အချိန် တလျှောက်လုံးမှာ ဆည်းဆာရဲ့ ရင်ခုန်စိတ်လှုပ်ရှားမှု ဒီဂရီအမြင့်ဆုံးပါ။ ခြေသံကြားတိုင်း လှုပ်ရှားမှုတစ်စုံတစ်ရာကြားတိုင်း မျက်လုံးတွေက ချက်ချင်းရောက်သွားတတ်တာ။ ခြောက်နာရီခွဲကနေ ခုနစ်နာရီထိုးလာချိန်မှာတော့ ရင်ထဲပူလာခဲ့ပြီ။ သူ တစ်ခုခုများ ဖြစ်နေသလား။ လူတွေကြားကနေ လှစ်ခနဲ ခိုးထွက်ပြီး သူ့ရဲ့ mobile ဆီ လှမ်းဆက်မိတဲ့အကြိမ်ပေါင်းက နာရီဝက်အတွင်းမှာကို မနည်းတော့။ စက်ပိတ်ထားတာနဲ့ပဲ တိုးနေတော့ လူက နေမထိ ထိုင်မသာ ဖြစ်လှပြီ။ သူ ဘာဖြစ်နေတာလဲ။ သူနဲ့ ပြန်ပေါင်းထုပ်ဖို့ ဆုံးဖြတ်လိုက်မိတာပဲ မှားပြီလား မသိ။ သမီးလေးရဲ့ မွေးနေ့ပွဲဆီတောင် အချိန်မီ အရောက်မလာနိုင်လောက်အောင် ဒီနေ့ဟာ ဆည်းဆာ သူ့ကို အဖြေပေးမယ့်နေ့၊ သူငယ်ချင်း မိတ်ဆွေတွေရှေ့မှာ ကြေညာမယ့်နေ့ဆိုတာ သိသိကြီးနဲ့ သူ ဘာဖြစ်လို့ ရောက်မလာရတာလဲ။





ရှစ်နာရီထိုးတော့ ညှို့သည်တွေလည်း ပြန်ကုန်ပြီ။ ဆည်းဆာရင်ထဲမှာလဲ အေးစက်ကွဲရှနာကျင်ထုံပေသွားပြီ။ ပေါက်ကွဲ အော်ဟစ်ငိုကြွေးချင်ပေမယ့် နှလုံးသားက တင်းမာအေးခဲလို့နေပြီ။ တကယ်ဆိုရင် ဇနီးချောများအဖွဲ့ရဲ့ အကြံဉာဏ်ကို လက်ခံပြီး သူ့ကို အနိုင်ပိုင်းထားလိုက်ရတော့မှာ။ ဆည်းဆာကိုယ်တိုင်က အမှတ်သည်းခြေ မရှိတာ။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က အလူးအလိမ့် ခံစားခဲ့ရတဲ့ စွန့်ပစ်ချန်ထား ရစ်ခံရတဲ့ ဝေဒနာအထီးကျန် ကြေကွဲရတဲ့ ဝေဒနာကို အခု အသစ် ပြန်ခံစားရခြင်းပါ။ ကိုယ့်ကို အလဲထိုးဖို့ သူ့ကို အခွင့်အရေး ပေးမိသလိုများ ဖြစ်သွားသလားလို့လည်း တဆစ်ဆစ် နာကျင်စွာ တွေးမိတယ်။

သားနဲ့သမီးရဲ့ မျက်နှာကလေးတွေလည်း မကောင်းကြဘူး။ သူတို့ မျှော်တဲ့အဖေ . . . ရောက်မလာနိုင်တဲ့အတွက် ဖွင့်မပြောသည့်တိုင်အောင် ရင်ထဲမှာတော့ ကြိတ်ပြီး ဝမ်းနည်းကြေကွဲနေမှာပဲ။ ည ဆယ်နာရီကျော်မှ သူ့ဆီက ဖုန်းဝင်လာတယ်။ ခုအချိန်မှာ ဆည်းဆာရင်ထဲ ခံစားချက်တွေ လုံးဝ မရှိတော့သလို အေးစက်ထုံပေသွားခဲ့ပြီ။ နှစ်ခါပြန် အသတ်ခံရတဲ့ နှလုံးသားဟာ ဘယ်လိုများ အသက် ဆက်ရှင်သန်နိုင်ဦးတော့မလဲ။ သူနဲ့ ပတ်သက်သမျှ ပူနွေးလှုပ်ရှားမှုဆိုတာ မရှိသလောက်ကို ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီ။

"ကိုယ် အကျိုးအကြောင်း ရှင်းပြချင်လို့ ခဏလေး လာတွေ့ပါရစေ ဆည်းဆာရယ်"

တဲ့ . . .။ သူက ဘယ်လို စကားလုံးမျိုးနဲ့မျှား ဆည်းဆာကို ပြန်ပြီး သွေးဆောင်ဖြားယောင်းဦးမလို့ပါလိမ့်။ ဘယ်ဆေးမှ ဆည်းဆာရဲ့ ရင်ကို မတိုးတော့ပါဘူး။

"လာမတွေ့နဲ့တော့ . . . ဘယ်တော့မှလည်း လာမတွေ့ပါနဲ့တော့၊ ဒါ ကျွန်မ ရှင့်ကို စိတ်ဆိုးလို့ ၊ စိတ်ကောက်လို့ ပြောနေတာလည်း မဟုတ်ပါဘူး၊ ကျွန်မ ဘယ်လို ဆုံးဖြတ်ရမလဲဆိုတာ သေချာပြတ်သားပြီးသွားလို့ပါ၊ နောက်ဆုံး အခွင့်အရေးတစ်ခု ရှင့်ကို ပေးခဲ့ပြီးပြီ၊ အဲဒီထက် နောက်ထပ် ဘာမှ ထပ်ပေးစရာ မကျန်တော့ဘူး၊ အားလုံး ပြီးဆုံးသွားတာ၊ ဘာမှကို မရှိတော့တာ"

ဆည်းဆာ အသံတွေ မတုန်မိအောင် နာကျင် ခါးသီးမနေအောင်၊ အတတ်နိုင်ဆုံး ကြိုးစားပြီး အေးအေးစက်စက်ပဲ ပြောမိတယ်။

"ဟုတ်ပါတယ် . . . ဟုတ်ပါတယ်ကွာ၊ ခုချိန်မှာ ဆည်းဆာ ဘယ်လိုခံစားရမယ်ဆိုတာ ကိုယ် နားလည်ပါတယ်၊ ကိုယ့်





ဘက်ကိုလည်း ရှင်းပြခွင့်လေးတော့ပေးပါ၊ ဒီနေ့ဟာ ကိုယ့်အတွက် နောက်ဆုံးအခွင့်အရေး၊ သိပ်အရေးကြီးတယ်ဆိုတာလည်း သိပါတယ်၊ ဒါကြောင့်လည်း ကိုယ် သူ့ကို ဒီနေ့ပဲ ကွာရှင်းပြတ်စဲကြဖို့ တောင်းဆိုလိုက်တာပါ၊ သူက ကွာရှင်းမပေးဘူးလို့ တင်းမာနေတာနဲ့ အချေအတင် စကားများကြတယ်၊ သူကလည်း ဒေါသတကြီး ဆွေ့ဆွေ့ခုန်နေတာ၊ ပြီးတော့ သူ ဟာ့(ထ်)အတက်(ခ်) ရတယ်ထင်တာပဲ၊ ပစ်လဲကျသွားပြီး သတိလစ်သွားတာနဲ့ ကိုယ့်မှာ ဗျာ များပြီး သူ့ကို ဆေးခန်းချက်ချင်း ပို့ရတယ်၊ အဲဒါတွေ ဖြစ်တော့ ညနေခြောက်နာရီကျော်နေပြီလေ၊ သူ့ကို ICU ထဲမှာ ထားပြီး အခြေအနေ စောင့်ကြည့်နေရတယ်၊ ကိုယ့်ဖုန်းလည်း အိမ်မှာကျန်ခဲ့တယ်၊ ဆည်းဆာဆီ လှမ်းဆက်ချင်ပေမယ့် ကိုယ်ဘယ်လိုမှ အခွင့်အရေး မရဘူး ဆည်းဆာ၊ အခုမှ သူ့အခြေအနေ စိတ်ချရပြီဆိုမှ ကိုယ် အပြင်ခဏထွက်ပြီး ဆက်လိုက်တာ"

သူ ရှင်းပြနေတာတွေကို နားထောင်ပြီးတော့လည်း ဆည်းဆာရဲ့ စိတ်နှလုံးတွေ အရည်ပျော်မလာတော့ပါဘူး။ အခြေအနေတစ်ခုကို သေသေချာချာ ပြတ်ပြတ်သားသား မြင်ခဲ့ပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဇနီးချောများရဲ့ စိတ်ကူးဟာ အမှန်ဆုံးနဲ့ သူ့အတွက် အထိုက်တန်ဆုံး အဖြေပါပဲ။

"ထားလိုက်ပါတော့ . . . ဒါတွေ ရှင်းပြနေလို့လည်း အခြေအနေက ထူးမလာတော့ပါဘူး၊ ပြီးခဲ့တာက ပြီးသွားပြီ၊ ရှင်လည်း ရှင့်ဘဝနဲ့ရှင် ဆက်လျှောက်ပါ၊ ကျွန်မလည်း ကိုယ့် ဘဝနဲ့ကိုယ် နေသွားကျနေခဲ့ပြီ"

"မဟုတ်သေးဘူး ဆည်းဆာရယ်၊ ဒီပြဿနာကို ကိုယ် ပြီးအောင် ဖြေရှင်းမှာပါ၊ အခုဟာက အခိုက်အတန့်ကလေး ပါ၊ ဆည်းဆာ ခဏလေး စိတ်ရှည်သည်းခံပေးဖို့ စောင့်ပေးဖို့"

"ကျွန်မ ရှင့်ကို ဘယ်တော့မှ မစောင့်တော့ဘူး၊ စောင့်စရာလည်း မလိုတော့ဘူး၊ စောင့်တယ်ဆိုတာ ကိုယ်လိုချင်တဲ့ အခွင့်အရေးတစ်ခုအတွက် မျှော်လင့်ချက်နဲ့ စောင့်တာ၊ ကျွန်မမှာ လိုချင်တယ်ဆိုတာ မရှိတော့တဲ့အတွက် စောင့်စရာလည်း မလိုတော့ဘူး၊ ရှင် နားလည်ထားဖို့က ရှင်ဟာ ကျွန်မအတွက် လိုချင်တဲ့ အခွင့်အရေးတစ်ခု မဟုတ်ဘူး၊ ရှင်မရှိဘဲ . . . ရှင်မပါလည်း ကျွန်မ ကိုယ့်ဘဝနဲ့ သားသမီးတွေရဲ့ ဘဝကို တာဝန်ယူနိုင်တယ်၊ ကျွန်မရဲ့ ဘဝကို





ရေပြင်တစ်ခုလိုပဲ သဘောထားတယ်၊ နောက်ထပ် ဘာခဲလုံးနဲ့မှ ဝဲဂယက် အထမခံချင်တော့ဘူး၊ သားနဲ့သမီးကို ဧည့်သည်တစ်ယောက်လို လာတွေ့နိုင်ပါတယ်၊ ပြီးရင် ဧည့်သည်တစ်ယောက်လိုပဲ ပြန်သွားပါ၊ အိမ်ရှင်ဖြစ်ဖို့ အခွင့်အရေးလည်း ထပ်မယူချင်ပါနဲ့ . . .၊ နောက်တစ်ခါဆိုရင် မျက်နှာမကြည့်ချင်လောက်အောင် ဖြစ်သွားရင် သေခန်းပြတ် ဖြစ်သွားလိမ့်မယ်၊ ဒီအခြေအနေကိုပဲ ရောင့်ရဲကျေနပ်လိုက်ပါ"

သူ့ဘက်က ဘာပြန်ပြောရမှန်း မသိတော့သလို ငြိမ်သက်သွားတယ်။ ဆည်းဆာ သူ ဘာပြန်ပြောမလဲဆိုတာကို စောင့်နေစရာ မလိုတော့ပြီမို့ ဖုန်းချလိုက်ပါတယ်။ ပြီးတော့ beautiful wives များဆီ message ရိုက်နေလိုက်တယ်။ ရင်ထဲမှာ မငြိမ်းချမ်းသေးတောင် မပူလောင်တော့ပါဘူး။

xxx



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၅



www.burmeseclassic.com

www.burmeseclassic.com

# ဂနိုးချောမျှားကွန်ရက်



www.burmeseclassic.com

www.burmeseclassic.com



ဇနီးချောများရေ . . . ကျွန်မနာမည် 'နန်းဆန် ဆန်' ပါ။ ဇနီးချောများ အဖွဲ့ရဲ့ fan တစ်ယောက်ပါ၊ ကျွန်မမှာ ဝန်ခံစရာ အပြစ်ကလေးတစ်ခု ရှိပါတယ်၊ အဲဒီ အပြစ်ကို ကာယကံရှင်တွေဆီမှာ ဝန်မခံရရင် ကျွန်မ ဘယ်လိုမှ လိပ်ပြာလုံစွာ စိတ်ချမ်းချမ်းသာသာ နေနိုင်မှာ မဟုတ်ဘူးလေ၊ လူတွေဟာ သူတို့ရထားတဲ့ ဘဝတွေကို အကောင်းဆုံး၊ အနှိုင်းမဲ့၊ စံပြလို့ ထင်ထားတတ်ကြရင် ဒါဟာ သူတို့ရဲ့ အားနည်းချက်ယွင်းချက် တစ်ခုပဲ ဖြစ်မှာပါ၊ အကောင်းဆုံး ဘဝဆိုတာ ဘယ်မှာမှ ရှိနိုင်မယ် မထင်ပါဘူး၊ လူတိုင်း လူတိုင်းမှာ လျှို့ဝှက်ချက်ကလေးတွေ၊ အားနည်းချက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေတော့ ကိုယ်စီ ရှိတတ်ကြပါတယ်။ အဲဒါကို တရားဝင် ဖွင့်ဟဝန်မခံရတာသာ ရှိမှာပါ၊ ကျွန်မလေ လူတစ်ယောက်ကို အရမ်းကြီး နှစ်နှစ်ကာကာ ချစ်လိုက်မိပါတယ်၊ သူကလည်း ကျွန်မကို တကယ်ချစ်တာပါ၊ သူမှာ လျှို့ဝှက်ချက်တစ်ခု ရှိနေလိမ့်မယ်လို့လည်း ကျွန်မ, မထင်ခဲ့မိပါဘူး၊ သူကလည်း ထင်ရက်စရာမရှိအောင်ကို ကျွန်မအပေါ် အရူးအမူး ချစ်ပြခဲ့တာကိုး၊ လိုလေသေးမရှိအောင်လည်း ဖြည့်စွမ်းပေးခဲ့တာပါ၊ ဒါပေမယ့်လေ . . . သူ့ရဲ့ လျှို့ဝှက်ချက်ကို ကျွန်မ မမျှော်လင့်ဘဲ သိခွင့်ရလိုက်တဲ့အချိန်ကစပြီး သူ့ကို စိတ်လည်း နာသွားတယ်၊ ကျွန်မကို လှည့်စားရက်လေခြင်းဆိုပြီး စိတ်လည်းဆိုးမိတယ် . . . သိလား၊ မထင်ရဘူးနော် . . .၊ ယောကျ်ားတစ်ယောက်ဟာ သူချစ်တဲ့ မိန်းမတွေကိုတောင် မချန်ဘဲ လှည့်စားရက်နိုင်သူတွေပဲနော်၊ ကျွန်မအတွက် အရမ်း အလိုက်သိတတ်တဲ့ ချစ်သူကောင်းတစ်ယောက်ဟာ တစ်ဘက်မှာလည်း တခြားမိန်းမတစ်ယောက်အတွက် စံပြ ခင်ပွန်းကောင်း ဖြစ်နေလိမ့်မယ်လို့ ဘယ်သူထင်မလဲနော်၊ အဲဒါကိုလည်း မထင်မှတ်ဘဲ သိခွင့်ရလိုက်တာပါ၊ အဲဒါကလည်း facebook မှာ





beautiful wives club ကို ဝင်လိုက်မိချိန်မှပါ . . . ဘာဖြစ်လို့ လည်းဆိုတော့ သူ့ရဲ့ပုံကို ဇနီးချောများထဲက တစ်ယောက်ရဲ့ ခင်ပွန်းအဖြစ် မထင်မှတ်ဘဲ တွေ့ခွင့်ရလိုက်တာပါ၊ ဘယ်သူ့ရဲ့ ခင်ပွန်းဆိုတာကိုတော့ သူ့ကိုချစ်တဲ့ စိတ်လက်ကျန်ကလေးနဲ့ စာနာထောက်ထားသောအားဖြင့် ဒီအတိုင်း ပေါ်တင်ကြီး ဖွင့်ပြောမနေတော့ပါဘူး၊ ကိုယ့်ခင်ပွန်းကိုသာ တိုးတိုးတိတ်တိတ် ကျိတ်ပြီး စုံစမ်းစေချင်ပါတယ်၊ အဲဒါဟာလည်း တစ်နည်းအားဖြင့် ဇနီးချောများရဲ့ ဂုဏ်သိက္ခာကို ငဲ့ညှာထောက်ထားပေးရာ ရောက်ပါတယ်နော်၊ တစ်ခုပဲ hint ကလေး ပေးလိုက်ပါရစေ၊ သူ့ရဲ့ ကိုယ်ခန္ဓာ တစ်နေရာမှာ tattoo တစ်ခု ထိုးထားပါတယ်၊ ဘာစာလုံးလဲဆိုတာတော့ တွေ့မှပဲ ကြည့်ပါတော့နော်၊ ခုလို ဇနီးချောများရဲ့ ခင်ပွန်း တွေကို တစ်ယောက်တည်း ဆွဲမထုတ်ဘဲ အားလုံးကို ထင်ယောင်ထင်မှား ဖြစ်စေမိတာအတွက်လည်း ဆောရီးပါလို့. . .

နန်းဆန်ဆန်

အဲဒီစာကို ဖတ်ပြီးချိန်မှာတော့ မာယာတို့လေးယောက်စလုံး အသီးသီး နင်သွားကြတဲ့ မျက်နှာကိုယ်စီနဲ့ ပေါင်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကိုတစ်ယောက် ကြည့်မိကြတယ်။ ပထမဆုံး မာယာ့ဆီ ကနေစကားတစ်ခွန်း ကမန်းကတန်း ထွက်သွားခဲ့တယ်။

"ကျွန်မသိသလောက် မောင့်ရဲ့ ကိုယ်ခန္ဓာပေါ်မှာ ဘယ်နေရာမှ တက်တူး ထိုးမထားပါဘူး"

သမ္ဘာက မျက်မှောင်ကုတ်ပြီး . . .

"အိမ်ကလူကြီးက ပိုဆိုးသေး . . . တက်တူးများ ထိုးရမှာဆို ကြောက်လွန်းလို့ တုန်နေတာ၊ အဲဒီတော့ သူ့မှာ တက်တူးရှိတယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး"

တဲ့ . . .။ အဲဒီတော့ အမရာနဲ့ မဒီက တစ်ယောက်ကိုတစ်ယောက် မျက်ခုံးပင့်ပြီး ကြည့်ကြတယ်။

"အံမယ် . . . ဒီလိုကိုယ်လွတ်ရုန်း ခေါင်းရှောင်စတမ်းလား၊ ဒါဆိုရင်လည်း ရတယ်လေ၊ အဲဒီလိုပြောကြကြေးဆို ကျွန်မရဲ့ လင်တော်မောင်က ပိုလို့တောင် မဖြစ်နိုင်သေး၊ တက်တူးထိုးရင် HIV ပိုး ကူးမှာစိုးလို့ စိတ်တောင်မကူးတဲ့သူ၊ သူ့မှာ ဘယ်က တက်တူးရှိရမလဲ၊ ကျွန်မ အသိဆုံးပေါ့"

အမရာက ဦးအောင်လုပ်ပြီး ခပ်သွက်သွက် ပြောချလိုက်တော့ မဒီက မျက်စောင်းကြီးချီပြီး . . .

"ဟောတော် . . . ကောင်းကြသေးရဲ့လား၊ ဒါဆို ကျုပ်





ယောက်ျားက တရားခံပေါ့၊ ဟုတ်လား . . . ဝေးပါသေးတယ်၊ သူက တက်တူးထိုးရမှာ သေမလောက်ကြောက်တဲ့လူ၊ သူလည်း မဟုတ်ဘူး၊ ကျွန်မ လောင်းတောင် လောင်းလိုက်ချင်သေးတယ်"

လို့ . . . ခပ်စွာစွာကလေး ပြန်ပက်ရော။ လေးယောက်စလုံး ချက်ချင်းပဲ အနေအထားတွေ ပြောင်းလဲသွားကြတယ်။ ကိုယ့်ယောက်ျား မဟုတ်ဘူးလို့ ကာကွယ်ချင်စိတ်နဲ့ . . . ဘုရား ဘုရား . . . သူများ ဖြစ်နေမလား . . . ဆိုတဲ့ စိုးရိမ်ကြောင့်ကြစိတ်ဟာ ဒွန်တွဲပြီး လွန်ဆွဲနေတော့တာ။

"အဲဒီ နန်းဆန်ဆန်ဆိုတဲ့ တစ်ယောက်ကရော သေချာလို့လား၊ တို့လေးယောက်ကို လှည့်ပြီး ရန်တိုက်ပေးချင်လို့ ဇာတ်လမ်းထွင်လိုက်တာရော မဖြစ်နိုင်ဘူးလား"

"အခြေအမြစ်မရှိရင်တော့ ယုံစရာမလိုဘူးပေါ့၊ ဒါပေမယ့် ကိုယ့်ယောက်ျားတွေကိုတော့ ကိုယ်ပြန်စစ်ဆေးသင့်တယ်၊ တက်တူးထိုးရမှာကြောက်ပေမယ့် ဘယ်အချိန်က ခိုးပြီး ထိုးထားသလဲဆိုတာ ကိုယ် မသိနိုင်ဘူးလေ၊ ကိုယ် အမှုမဲ့ အမှတ်မဲ့ ဖြစ်ချင်လည်း ဖြစ်နေမှာပေါ့၊ ကြိုပြီးတော့ ပြောထားပါရစေ . . . ငါးလေးယောက်ကြားမှာ လျှို့ဝှက်



www.burmeseclassic.com

www.burmeseclassic.com



ချက်ဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူးနော်၊ ကိုယ့်ယောက်ျားရဲ့ ထူးခြားမှုကို ပွင့်ပွင့်လင်းလင်း ဝန်ခံဖို့ မရှက်ပါနဲ့၊ နို့မို့ဆို လေးယောက်စလုံး ထင်ယောင်ထင်မှား ဖြစ်နေရင် မကောင်းဘူးလေ"

မာယာကပဲ ဦးဆောင်ပြီး ပြောပါတယ်။ ကျန်တဲ့သူတွေကလည်း နားလည်လက်ခံကြတယ်။ ဒီနေ့ဟာ မပျော်ရဆုံးနေ့တစ်နေ့ပဲ။ ခါတိုင်းလို တပျော်တပါး စားသောက်ချင်စိတ်လည်း မရှိ၊ ရှော့ပင်ထွက်ဖို့ဆိုတာ ဝေလာဝေး၊ အိမ် အမြန်ပြန်ပြေးပြီး ကိုယ့်ယောက်ျားတွေကိုယ် စစ်ဆေးချင်နေတော့တာလေ။

xxx



# မမမာယာ





www.burmeseclassic.com

www.burmeseclassic.com







ညစာစားပွဲမှာ ထမင်းလက်ဆုံစားနေရင်း မောင့်ကို မကြာခဏ အကဲခတ်မိတယ်။ ဘာတွေများ ထူးခြားနေမလဲ။ တက်တူးကို ဘယ်နေရာမှာများ ရှာရမလဲပေါ့။ ဒီကိစ္စမှာ အလိမ္မာကလေးနဲ့ ချိုချိုသာသာ ပါးနပ်စွာ ကိုင်တွယ်နိုင်မှ တန်ကာကျမယ်ဆိုတာကို သိထားပြီးသားပါ။

"မောင် . . ."

"ဘာလဲ ချစ်လေး . . ."

"တက်တူးတွေ ဘာတွေများ စိတ်ဝင်စားသလားလို့"

"ဘာဖြစ်လို့လဲ မေမေ . . . မေမေ တက်တူးထိုးမလို့လား"

www.burmeseclassic.com

www.burmeseclassic.com



“နိုးပါ သမီးရယ် . . . ကဲ ကဲ . . . သမီးလေး ထမင်း စားပြီးရင် home work သွားလုပ်တော့နော်၊ မေမေ့ကို မစောင့်နဲ့၊ အိမ်စာပြီးတာနဲ့ မျက်နှာသစ် . . . သွားတိုက်ပြီး အိပ်ရာဝင်တော့ . . . ကြားလား၊ မေမေ့ သမီးလေးက လိမ္မာပြီးသားနော်၊ ဟုတ်တယ်မှုလား”

“တက်တူး စိတ်ဝင်စားလားလို့ ဘာဖြစ်လို့ မေးတာလဲ ချစ်လေးရဲ့၊ မောင်က ဆရာဝန်လုပ်နေပြီး တက်တူးထိုးလို့ ဖြစ်မလား . . .”

“သိနိုင်ဘူးလေ . . . ချစ်လေးတောင် တက်တူးကလေး တစ်ခု ထိုးမလားလို့”

“ဟေ . . . ဘယ်မှာထိုးမှာတုံး၊ မလုပ်ပါနဲ့ကွာ . . .”

“လိပ်ပြာလှလှကလေးပါ မောင်ရဲ့၊ ပခုံးစွန်းမှာ နားနေတဲ့ ပုံကလေးလေ၊ လက်ပြတ်ဝတ်ရင် အရမ်းလှမယ်၊ အခု တစ်မျိုး ပေါ်နေတယ်၊ တက်တူးကို စက်နဲ့ထိုးစရာ မလိုဘဲ air brush နဲ့ မှုတ်ရတာလေ၊ အကြာကြီးတော့ မခံပါဘူး၊ နှစ်ပတ်လောက်ပဲပေါ့”

“သြော် . . . အဲဒါတော့ မောင်လဲ ကြားဖူးတယ်၊ အဲဒါတော့ လုပ်ချင် လုပ်ပေါ့လေ”





တဲ့ . . .။ စားသောက်ပြီးတော့ မောင်က TV ရှေ့ ဝင်ထိုင်ပြီး သူ မကြည့်လိုက်ရတဲ့ ဘောလုံးပွဲတွေ satellite ကနေ ကူးထားတာတွေ ပြန်ဖွင့်ကြည့်နေတော့ သူ့ကိုယ်ခန္ဓာမှာ တက်တူး ထိုးထားတာများ မတော်တဆ တွေ့လိုတွေ့ငြား ရှာဖို့ပြင်ရတယ်။ မနက်ဖြန် အဖြေတစ်ခု ပေးရမှာမို့ ဒီည မာယာတို့လေးယောက် အတွက် home work က ကိုယ့်ယောကျ်ားရဲ့ ခန္ဓာကိုယ်မှာ တက်တူးရှာဖွေရေးလေ။

“မောင် . . . လာလေ . . . မောင့်ကို နှိပ်ပေးမလို့”

“အံမယ် . . . လိမ္မာလှချည်လား၊ အဲဒါလေးတွေကြောင့် ချစ်နေရတာကွာ၊ ပြော . . . ဘာလိုချင်လို့လဲ ချစ်လေး”

“အံမာ . . . မလိုချင်ပါဘူးနော်၊ ကိုယ့်ယောကျ်ားကိုယ် ချစ်လို့ နှိပ်ပေးမှာ ဟင်း . . . လူကိုများ လာဖားနေတယ် ထင်လို့လား”

“ဘွာတေးပါဗျာ . . . ဘွာတေးပါ”

မောင့်ကို နှိပ်ပေးရင်း ဇက်ကြောမှာ ပခုံးမှာ လက်မှာ ခြေသလုံးမှာ . . . စသဖြင့် နေရာအနှံ့ တက်တူးများ တွေ့မလား လို့ ရှာဖွေတယ်။ မတွေ့ပါဘူး . . .။

“မောင် . . . အကျီခဏချွတ်လိုက်၊ ကျောကို နှိပ်ပေးမလို့”



www.burmeseclassic.com

www.burmeseclassic.com



အနှိပ်ဆီကလေးနဲ့မှ ကောင်းတာ”

“လိမ်းစေဗျား . . .”

မောင်က ကော်ဇောပေါ်မှာ မှောက်လှဲပေးတယ်။ မာယာ စိတ်တိုင်းကျ ရှာတာပေါ့။ လုံးဝ မတွေ့။ တွေ့မယ့်တွေ့တော့ ဘယ်ဘက်လက်ကောက်ဝတ်ရဲ့ နာရီပတ်တဲ့ နေရာမှာ။ နာရီကို အမှတ်တမဲ့ ဆွဲချွတ်လိုက်တော့ တက်တူးထိုးထားတဲ့ စာတန်းကလေးတစ်ခု ပေါ်လာတယ်။ ရုတ်တရက် မျက်လုံးတွေပြာဝေသွားပြီး စာတန်းကို ကမန်းကတန်း ဖတ်မိပါတယ်။ “I ♡ maryar” တဲ့ . . .။

“ကြည့်စမ်း . . . မောင်ပြောတော့ တက်တူးမထိုးဘူးဆို ဒါက ဘာလဲ . . .၊ ဘာဖြစ်လို့ ချစ်ကို လိမ်ရတာလဲ”

မာယာ့အသံက တုန်လှုပ်ပြာဝေနေတယ်။ မောင်က ခပ်သဲ့သဲ့ကလေး ပြုံးရင်း မာယာ့ကို လှမ်းပွေ့ဖက်တယ်။

“အဲဒါ ချစ်လေးကို surprise လုပ်ချင်လို့ တမင် မပြောဘဲထားတာလေ၊ ချစ်လေးတွေ့တဲ့အချိန်မှာ ဝမ်းသာသွားအောင်ပေါ့”

ဟင့်အင်း . . . မာယာ မယုံနိုင်တော့ဘူး၊ မောင့်ဆီမှာ တက်တူးရှိတယ်ဆိုတာ ဇနီးဖြစ်တဲ့ မာယာ့ကိုယ်တိုင်တောင်





မသိဘဲ . . . နန်းဆန်ဆန်ဆိုတဲ့ မိန်းကလေးတစ်ယောက်က Hint အဖြစ်ပေးမှ သိခွင့်ရတဲ့အဖြစ်ဟာ ဘယ်လောက်ဆိုးလိုက်သလဲ။ တစ်ချိန်လုံး မာယာ အကြွင်းမဲ့ ယုံကြည်စိတ်ချခဲ့တဲ့ မာယာ့ချစ်သူခင်ပွန်းဟာ တခြားမိန်းမတစ်ယောက်ရဲ့ ချစ်သူလည်း ဖြစ်ခဲ့ဖူးသတဲ့။ ဒါဟာ မာယာ သစ္စာအဖောက်ခံရတာပေါ့။ တခြားသူတွေကို မာယာ ဘယ်လိုလုပ်ပြီး ဖွင့်ပြောပြရမလဲ။ ရှက်စရာကောင်းတဲ့ အဖြစ် . . .။ အမြဲတမ်း မောင့်ရဲ့ ရိုးသားမှု . . . သစ္စာစောင့်ထိန်းမှု . . . ချစ်ခင်ကြင်နာမှုတွေကို ဂုဏ်ယူဝင့်ကြွားခဲ့မိတဲ့ အဖြစ်တွေဟာ . . . အမြဲ ကြော့ကြော့ကလေးမော့ထားတဲ့ ဦးခေါင်းနဲ့ လည်တိုင်ကြော့ကလေးဟာ ခုတော့ ဘာမဟုတ်တဲ့ အဖြစ်ကလေးတစ်ခုနဲ့ ဘယ်ကမှန်းမသိတဲ့ မိန်းကလေးတစ်ယောက်ရဲ့ စကားလုံးတွေနဲ့ ဇာတ်သိမ်းလိုက်ရတော့မှာလား။ မာယာ ခါတိုင်းလို ဟန်မဆောင်နိုင်တော့။ ချိုသာပျောင်းနွဲ့ မနေနိုင်တော့။ ဝုန်းခနဲ သူ့ကို တွန်းဖယ်ပစ်ပြီး အခန်းထဲ ပြေးဝင်လာခဲ့မိတယ်။ ပြီးတော့ အတွင်းကနေ လော့(ခ်)ချပစ်လိုက်တော့ သူ လိုက်လာပြီး . . .

“ဘာဖြစ်သွားတာလဲ ချစ်လေးရယ်၊ မောင် ဘာလုပ်မိလို့လဲကွယ်၊ တက်တူးလေး ထိုးမိတာ အဲဒီလောက် စိတ်ဆိုးစရာဖြစ်သွားသလား”



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ လာပြောမနေနဲ့၊ ရှင့်မျက်နှာ မကြည့်ချင်ဘူး အသံလည်း မကြားချင်ဘူး၊ ရှင် ဒီည အပြင်မှာအိပ်၊ ဖြစ်သလိုသာ အိပ်၊ ဘာစကားသံမှ မကြားချင်ဘူး"

xxx



# အမရာမောင်





www.burmeseclassic.com

www.burmeseclassic.com





အမရာ့ဘဝမှာ ဒီအချိန်ဟာ စိတ်လှုပ်ရှားဖို့ အကောင်းဆုံးအချိန်ပဲ။ ကိုကို့ရဲ့ ကိုယ်ခန္ဓာမှာ တက်တူးရှာရမယ့် ကိစ္စလေ။ မဖြစ်နိုင်ပါဘူး ... မရှိပါစေနဲ့လို့လည်း ဆုတောင်းနေမိတယ်။ အမရာ့ကို ပိုင်ဆိုင်ခွင့်ရထားပြီးတဲ့နောက်မှာ ကိုကို့အတွက် ဘယ်မိန်းကလေးမှ မတိုးတော့ဘူးလို့ အမြဲ ယုံကြည်ထားခဲ့တာလေ။ ရေချိုးခန်းထဲမှာ ရေပန်းအောက် ရေချိုးနေတဲ့ ရေချိုးသံတွေကို နားထောင်နေရင်း အမရာ စိတ်လှုပ်ရှားနေတာ။

အမရာ့ကိုယ် အမရာ အပြစ်ရှိသလို ခံစားမိစေတာဆိုလို့ သူ သမီးလေးတစ်ယောက် ထပ်လိုချင်တာကို အမရာက ထပ်မမွေးပေးနိုင်တော့တာကိုပါ။ သူများ အဲဒီကိစ္စကို စိတ်ခုပြီး ကွယ်ရာမှာ တခြားမိန်းမတစ်ယောက်နဲ့ ထွက်ပေါက်ရှာခဲ့သလား။ မဖြစ်နိုင်ပါဘူးလို့ တွေးနေမိတဲ့ကြားက ဖြစ်များဖြစ်ခဲ့ရင်ဆိုတဲ့ အတွေးက ချောက်လှန့်ပြန်တယ်။ မကြာပါဘူး ...။ သူ ရေချိုးခန်းထဲကနေ သဘက်ကလေး ခါးမှာပတ်ပြီး ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာတယ်။ အမရာက သူ့ကိုယ်ခန္ဓာတစ်ခုလုံးကို အလွတ်မပေး စတမ်း စူးစူးရှရှကြီး ခြေဆုံးခေါင်းဆုံး ကြည့်နေတော့ သူက ကြက်သီးထ,သလိုမျိုး ပခုံးတွန့်ပြတယ်။

"ဘာကြည့်နေတာလဲ အမရာလေး . . ."

တဲ့ . . .။ အမရာ သူ့အနား ပြေးကပ်သွားမိတော့ အားလားလား . . .။ သူ့ရဲ့ ကျောပြင်မှာ တက်တူးတစ်ခု၊ မိန်းကလေးတစ်ယောက်ရဲ့ပုံ။ ဒါပေမယ့် . . . ကြည့်လိုက်ရုံနဲ့ ဒီမိန်းကလေးဟာ အမရာ့မျက်နှာဆိုတာ သိသာစေပါတယ်။ ဒါပေမယ့်လည်း အမရာ မပျော်နိုင်။ လည်ချောင်းထဲ နင်သွားသလို ခံစားရတယ်။

"ကြည့်စမ်း . . .၊ ဒီတက်တူးက ဘယ်တုန်းက ထိုးထားခဲ့တာတုံး၊ အမရာတောင် မသိပါလား"

"ဟဲ ဟဲ . . . အမရာလေး အံ့သြသွားအောင်လို့ပေါ့ဗျာ၊ တမင် မပြောဘဲထားတာ၊ တွေ့မှ အံ့သြပြီး ပျော်သွားစေချင်တာ၊ အမရာ့ကို ကိုကို ဘယ်လောက်ချစ်တယ်ဆိုတာ သက်သေပြချင်လို့ . . . အမရာ သိတယ်မှလား၊ ကိုကို တက်တူးထိုးရမှာ ဘယ်လောက်ကြောက်သလဲဆိုတာ၊ HIV ကူးမှာစိုးလို့လေ၊ အခု ဒီစက်က ဘယ်သူ့ကိုမှ မထိုးရသေး





တဲ့ စက်အသစ်မို့ ထိုးတဲ့သူက ပုံတူတွေ ဆွဲပေးတာ ကျွမ်းတယ်ဆိုတာနဲ့ အမရာလေးပုံပြပြီး ထိုးခိုင်းထားတာ၊ အမလေးဗျာ . . . နာသလား မမေးနဲ့၊ ကိုယ့်ဇနီးချောကလေး ပုံမို့သာ အနာခံပြီး ထိုးရတာ၊ ကဲ . . . သိပြီမှလား၊ သမီးလေး မွေးပေးပါလားကွာ"

"အို . . . တော်စမ်းပါ၊ ရှင့်အကြောင်းများ မသိရင်ခက်မယ်၊ ကျွန်မ သိတယ်နော် . . . သိနေတယ်၊ ကိုယ့်ယောကျ်ားမှာ တက်တူးရှိနေတာများ ကျွန်မက စ,မသိရဘဲ တခြားမိန်းမကပြောမှ သိရတဲ့အဖြစ်၊ ဘယ်လောက် ရင်နာစရာကောင်းလိုက်တဲ့ အဖြစ်လဲ . . ."

အမရာ ဒေါသတွေနဲ့ ဆွေ့ဆွေ့ခုန်လာတယ်။

"ဘယ်မိန်းမက ပြောလို့လဲ အမရာရဲ့ . . ."

"ရှင် မသိချင်ဟန်ဆောင်မနေနဲ့၊ အရှက် မရှိဘူး၊ နန်းဆန်ဆန် ဆိုတာ ဘယ်ကမိန်းမလဲ . . ."

"ဘယ်ကမိန်းမလဲ . . . ဘယ်သိပါ့မလဲ အမရာရယ်၊ ဘာတွေပြောနေတာလဲ . . ."

"ရှင် မလိမ်နဲ့နော်၊ ပြောင်မလိမ်နဲ့နော်၊ ရှင် ကျွန်မ ကွယ်ရာမှာ ခြေပုန်းခုတ်ပြီး ရှုပ်ထားတဲ့ ရှင့်ရဲ့ချစ်သူဆိုတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေကွာ . . . ဘယ်က နန်းဆန်ဆန်လဲ၊ ကိုယ် လုံးဝ မသိဘူး"

"တော်ပြီ . . . ရှင့်ကို မယုံဘူး၊ ရှင်တို့ ယောကျ်ားတွေ ဟာလေ တစ်စက်ကလေးမှ ချစ်ဖို့မကောင်းတဲ့ သူတွေ၊ သစ္စာမရှိတဲ့သူတွေ၊ လစ်ရင် လစ်သလို . . . ကြုံရင် ကြုံသလို ခြံခုန်ကြည့်ချင်တဲ့သူတွေ"

"ဟောဗျာ . . . သူ့ကိုချစ်လို့ ကျောအနာခံပြီး သူ့ပုံလည်း သေရာပါစွဲအောင် တက်တူးထိုးရသေးတယ်၊ ကိုယ့်ကိုများ ပြောရက်လိုက်တာ"

အမရာကတော့ သူ့ကို သံသယများစွာနဲ့ မယုံနိုင်လောက်အောင် ဖြစ်နေပြီ။ ဒီဝေဒနာမျိုးကို တစ်ခါမှလည်း မခံစားခဲ့ဖူးတော့ ရင်ထဲမှာ ဆတ်ဆတ်ခါနေတာ။ သူ့ကို စိတ်ဆိုးပြီး တခြားအခန်းထဲ ပြောင်းနေလိုက်တယ်။ နန်းဆန်ဆန်နဲ့ ပတ်သက်ခဲ့တဲ့ ယောကျ်ားဟာ အမရာရဲ့ ယောကျ်ားပါဆိုတာကို beautiful wives club အဖွဲ့ဝင်တွေဆီမှာ ဘယ်လို မျက်နှာမျိုးနဲ့ ဖွင့်ဟဝန်ခံရပါ့မလဲ။ ရှက်ဖို့ကောင်းလိုက်တာ။ ပြီးတော့ သူ့ကိုလည်း ခွင့်မလွှတ်ချင်။ အမရာ . . . ဘာလုပ်ရပါ့။

xxx



## သမ္ဘူချင်






www.burmeseclassic.com

www.burmeseclassic.com





ကြောင်က ကြွက်ကိုချောင်းနေတဲ့ အကြည့်မျိုးနဲ့ သမ္မာ သူ့ကို ချောင်းနေမိတာ ဘယ်လောက်ကြာပြီလဲ . . .။ ကိုယ့် ယောက်ျားတော့ မဖြစ်နိုင်ပါဘူးလေ . . . ဆိုပြီး စိတ်လျှော့ ထားခဲ့ပေမယ့် သံသယစိတ်ကလေးကတော့ မရိုးမရွနဲ့ပေါ့။ ယောက်ျားဆိုတာ ပြောလို့ရတာ မဟုတ်ဘူးလေ။ နန်းဆန်ဆန်ဆိုတဲ့ မိန်းကလေးဟာ ဘယ်လောက်ချောပြီး . . . ဘယ်လောက် အညှို့ အမြူ အခရာတွေနဲ့ ပါးနပ်လိမ္မာတဲ့ မိန်းကလေးတစ်ယောက်လည်း ဆိုတာ သမ္မာမသိနိုင်။

သူက ဆိုဖာမှာ သက်တောင့်သက်သာ မှီလျှော ထိုင်ပြီး ကိုရီးယားဇာတ်ကားတစ်ကားကို ထိုင်ကြည့်နေတာ။ သမ္မာက သူ့ပေါင်ပေါ် သွားတက်ထိုင်လိုက်ရင်း . . .

"ဒါလင် . . . နန်းဆန်ဆန်ကို သိလား"



www.burmeseclassic.com

www.burmeseclassic.com



လို့ . . . လျှက်တပြက် အလစ်ဝင်ပြီး မေးလိုက်တာ။ ဒီနာမည်ကို ကြားလိုက်ချိန်မှာ သူ့မျက်နှာပေါ်မှာ ဘယ်လို အပြောင်းအလဲတွေ ဖြစ်သွားမလဲဆိုတာကိုလည်း မျက်တောင် မခတ် အကဲခတ်နေရသေးတာ။ ကျေးဇူးရှင်က မျက်လုံးကို LCD မှန်သားပြင်ကနေတောင် မခွာပါဘူး။

“ဘယ်သူလဲ နန်းဆန်ဆန်ဆိုတာ၊ မသိပါဘူး . . . မီးလေးရဲ့”

တဲ့ . . .။ ဒါလောက်ကတော့ သမ္ဘူတို့က စိတ်မချသေး။ သူက . . . ဟန်ဆောင်ခြင်း အတတ်ပညာကို တစ်ဘက်ကမ်းခတ်အောင် ကျွမ်းကျင်လို့ ဒါရိုက်တာတောင် လုပ်နေတဲ့ ယောကျ်ားလေ။ မျက်နှာပေါ်မှာ ဘာမှ မသိအောင် ဘာမှ မပေါ်အောင် နေပြတာလောက်ကတော့ သူ့အတွက် child play ပေါ့။ ကဲ . . . ဝေ့လည်ကြောင်ပတ်တွေ လုပ်မနေတော့ဘူး။ ပေါ်တင်ပဲ ရှာမယ်ကွာဆိုပြီး သူ့တစ်ကိုယ်လုံး ဟိုလှန်ဒီလှန် ရှာဖွေနေတဲ့ သမ္ဘူ့ကို သူက ရှောင်ရင်းတိမ်းရင်း . . .။

“ဘာတွေ ရှာနေတာလဲ မီးလေးရာ၊ ဒီမှာကြည့်နေတာကို ကောင်းကောင်းမကြည့်ရဘူးကွာ”

ဆိုပြီး . . . တညည်းညည်း တညျူညျူနဲ့ ရှိနေတာ။





နောက်ဆုံးတော့ သူ့ရဲ့လည်ကုပ်နားမှာ ဖြုန်းခနဲ ရှာဖွေတွေ့လိုက်တာက တက်တူးကလေးတစ်ခု . . .။ ‘သမ္ဘူ’ဆိုတဲ့ စာတန်းကလေး ပါပဲ။ ဒါပေမယ့် ဘယ်တုန်းကမှ တက်တူး မထိုးဖူးတဲ့ သူ့ရဲ့ လည်ကုပ်နားမှာ သမ္ဘူ့နာမည်ကို တက်တူး ထိုးထားတာကို သမ္ဘူ သိခွင့်မရခဲ့တာ ဘာသဘောလဲ။ နန်းဆန်ဆန်က အရင်တွေ့ခွင့် ရခဲ့တယ်ပေါ့ . . .။ နှလုံးသားကို ချက်ချင်း မီးနဲ့ မြိုက်လိုက်သလို . . . ပူလောင်စပ်ဖျဉ်းသွားလိုက်တာများ။ သူ့ကုပ်ကို လက်သည်းတွေနဲ့ ဆွဲကုပ်ပစ်လိုက်တော့ သူ အားခနဲအော်ပြီး ခုန်ထ,တယ်။

“ဟာ . . . ဘယ်လိုဖြစ်တာလဲ၊ အားလားလား . . . နာလိုက်တာကွာ”

ဆိုပြီး သူက ကုပ်ကို လက်နဲ့ပွတ်ပြီး ခုန်ဆွခုန်ဆွ ဖြစ်နေတယ်။

“ဘယ်လိုဖြစ်တယ်ထင်သလဲ . . . အဲဒီကုပ်ပေါ်က တက်တူးက ဘာလဲ၊ ဘယ်တုန်းက ထိုးထားတာလဲ . . .၊ ဘာဖြစ်လို့ ကျုပ်ကိုတောင် ဖွင့်ပြောဖော်မရဘဲ တခြားမိန်းမပြောမှ သိရတာလဲ၊ ရှင်ကများ မိန်းမရှိတယ်ဆိုတာကို ဖုံးကွယ်ထားပြီး ကြိတ်ပုန်းခုတ်နေတယ်ပေါ့လေ . . .၊ ရင်ဘတ်စည်တီးပြီးတော့တောင် အံ့ဩလိုက်ချင်သေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလို နာမည်ကြီး ဒါရိုက်တာမှာ မိန်းမတွေ၊ သမီးတွေ ရှိတယ် ဆိုတာ သူ တကယ်ပဲ မသိခဲ့တာလား . . . မသိချင်ဟန် ဆောင်ခဲ့တာလား၊ လက်စသတ်တော့ ရှင် ဖြစ်နေတာကိုး ဒါလင်ရဲ့၊ ရှင် မရှက်ဘူးလား၊ နည်းနည်းလေးမှ အရှက်မရှိ ဘူးလား၊ မွေးထားတဲ့ ကိုယ့်သမီး လေးတွေရဲ့ မျက်နှာကို မှ မထောက်နော်၊ ရှင်မို့ လုပ်ရက်တယ် . . . ရှင်မို့ လုပ်ရက် တယ် . . .”

သမ္ဘူက စိတ်ဆိုးရင် လက်ပါတတ်တဲ့ ထုံးစံအတိုင်း . . . သူ့ကိုယ်ခန္ဓာကိုယ်ကြီးကို လက်ဝှေ့သဲအိတ်ကြီးလို တဖုန်းဖုန်း ထိုးနှက်အော်ဟစ်နေတော့တာ။ သူကတော့ တဟေ့ဟေ့နဲ့ တိမ်းရင်း ရှောင်ရင်း . . .

“မဟုတ်ပါဘူးကွာ . . . ကိုယ် ရှင်းပြပါ့မယ်၊ တက်တူးက မီးလေးကို surprise လုပ်ချင်လို့ ထိုးထားတာပါ၊ ဘယ်မိန်းမနဲ့ မှလည်း ကြိတ်ပုန်းမခုတ်ပါဘူး၊ ကိုယ် ကျိန်ရဲပါတယ်၊ မနက်ဖြန် အားလုံးရှင်းပြမယ်ကွာ . . .”

“ဘာကိစ္စ မနက်ဖြန်မှ ရှင်းရမှာတုံး၊ ခုရှင်း . . . ခုရှင်း၊ နန်းဆန်ဆန်ဆိုတာ ဘယ်ကဟာမလဲ . . .”

“ကိုယ် ဘယ်သိပါ့မလဲ . . .”





“ရှင် ပြောင်မလိမ်နဲ့နော် . . . အဲဒီ မိန်းမက facebook မှာ လာပြီး ဖွင့်ဝန်ခံသွားပြီးသား၊ သူပြောလို့ ရှင့်ကိုယ် ခန္ဓာတစ်နေရာမှာ တက်တူးရှိနေတယ်ဆိုတာကို သိခွင့် ရတာ၊ ပြော . . . ရှင်တို့ ဘယ်အခြေအနေထိရောက် ခဲ့သလဲ၊ ဘာတွေ ဖြစ်ခဲ့သလဲ . . .”

“ဟား ဟား ဟား . . . ဒုက္ခပါပဲကွာ၊ သေတော့မှာပဲ”

သူက အားရပါးရ အော်ရယ်နေတော့ ပိုပြီး စိတ် ဆိုးလာတယ်။

“ဘာမှ မဖြစ်ပါဘူးကွာ၊ အဲဒါလေးတော့ ယုံထားလိုက်ပါ မီးလေးရယ် . . .”

“မယုံဘူး . . . မယုံဘူး၊ ရှင်တို့ ယောကျ်ားတွေဟာလေ၊ ကျွန်မ လုံးဝ မကျေနပ်ဘူး၊ ဒီကိစ္စကို သေချာ တိကျအောင် စုံစမ်းပြီးရင် ပြဿနာကို ရှာဦးမှာ၊ ပွယ်လွယ်နဲ့ ခွင့်လွှတ် ကျေအေးလိမ့်မယ်တော့ မထင်နဲ့နော် . . . သိလား”

“မီးလေးရယ် . . . လျှော့ပါ . . . လျှော့ပါ၊ ကိုယ့်ကို ယုံပါကွာ . . . နော်”

“မယုံဘူး . . . သွား၊ တစ်သက်လုံးက ရှင့်ရဲ့ ဇနီးတစ် ယောက်အဖြစ် ကျွန်မ ဂုဏ်ယူကျေနပ်ခဲ့ရတာ၊ အခု ရှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပဲ၊ ကျွန်မ သူငယ်ချင်းတွေအလယ်မှာ အရှက်ရတော့မယ်၊ သူတို့အားလုံးက ဘယ်သူလဲဆိုတာ သိချင်နေကြတာ၊ ကျွန်မ ဘယ်လို မျက်နှာမျိုးနဲ့ ပြောရမှာလဲ"

သူက သမျှ့ကို ပွေ့ဖက်ချော့မြှူဖို့ ကြိုးစားချိန်မှာ သမျှ ရှိုက်ကြီးတငင်ပင် ငိုကြွေးလိုက်မိပါတယ်။

×××



**မဒီပျိုမြေ**





www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက်ဟာ ဘယ်လိုအခြေအနေမျိုးမှာ အပြင်မှာ သာယာမှု ရှာတတ်ပါသလဲ။ တစ်ဘက်မိန်းကလေးက အခြေအနေ၊ အခွင့်အလမ်းတွေ သိပ်ပေးထားခဲ့ရင်လား။ သူကိုယ်တိုင်က သူ့မှာ အိမ်ထောင်ရှိတာကို တစ်ဘက်မိန်းကလေး မသိအောင် ဖုံးကွယ်ထားခဲ့တယ်ဆိုကတည်းက သူ့မှာသာလျှင် အပြစ်ရှိတယ်လေ။ နန်းဆန်ဆန်နဲ့ ပတ်သက်ခဲ့သူဟာ မဒီချစ်တဲ့ မဒီ့ရဲ့ခင်ပွန်း မဖြစ်စေချင်။ အဲဒါ မဒီရဲ့ အတ္တပဲဆိုပါစို့ . . .။ သူငယ်ချင်းတွေကြားမှာ မဒီဟာ ခင်ပွန်းသည်ရဲ့ ချစ်ခင်ကြင်နာမှုနဲ့ ယုယမှု . . . ဂရုစိုက်မှုကို ခံယူရသူအဖြစ် အမြဲဂုဏ်ယူဝင့်ကြွားခဲ့သူလေ။

“ကို . . . အိပ်ခါနီး pyjamas ဝတ်တော့လေ”



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ညဝတ်အင်္ကျီကိုလဲချိန်မှာ သူ့ကို ပြုန်းခနဲ ဆွဲလှည့်ပြီး တစ်ကိုယ်လုံးကို အသည်းအသန် ရှာဖွေမိတော့ ဘယ်ဘက်ရင်အုံနေရာကလေးမှာ တက်တူးလေးတစ်ခု . . .။ မဒီ့မျက်လုံးတွေ ဝိုင်းစက်ပြူးကျယ်သွားတယ်။ အဲဒီ တက်တူး အဲဒီနေရာမှာ အရင်တုန်းက မရှိခဲ့ပါဘူး။

"ကြည့်စမ်း . . . ဒါဘာလဲ . . . ဒါဘာလဲ"

မဒီက သူ့ရင်ဘတ်ဆီ ကမန်းကတန်း ပြူးပြဲကြည့်မိတော့ အသည်းပုံကလေးထဲမှာ 'မဒီ'တဲ့။

"ဒါဘယ်တုန်းက ထိုးထားတာလဲ . . . နန်းဆန်ဆန် ဆိုတာ ဘယ်သူလဲ . . ."

သူ့ကို ပျာပျာသလဲမေးမိတော့ သူက ပြုံးတယ်။

"ဒါလေးက ဒီလေး မသိအောင် ထိုးထားတာလေ၊ ဒီလေးကို အံ့သြစေချင်လို့ . . .၊ နန်းဆန်ဆန်ဆိုတာ ဘယ်သူလဲ. . ."

"အောင်မယ် . . . သူကပဲ တပြန်လာမေးနေသေးတယ်၊ နန်းဆန်ဆန်ဆိုတာ ရှင့်မှာ တက်တူးတစ်ခုရှိတယ်လို့ ကျွန်မတို့ကို hint ပေးသွားတဲ့ ရှင့်ရဲ့ လျှို့ဝှက်ချစ်သူလေ၊ ခုမှ ဘာမှမသိတဲ့ မျက်နှာပေးနဲ့ အရှက်မရှိ မျက်နှာပြောင်





တိုက်ဖို့ . . . မကြိုးစားနဲ့၊ ဖြေရှင်း ဒီညတစ်ညလုံး ဒီနန်းဆန်ဆန်ပြဿနာကို ဖြေရှင်းမှ ရှင် အိပ်ခွင့်ရမယ်"

"ဟောဗျာ . . . ကိုယ်မှ သူ့ကို မသိတာ၊ ကိုယ်က ဘယ်လို ဖြေရှင်းရမှာလဲကွာ၊ တက်တူးကတော့ ဒီလေးကိုချစ်လို့ ထိုးထားတာပါ၊ နန်းဆန်ဆန်ကိုတော့ ကိုယ် တကယ် မသိဘူး . . ."

"တောက် . . . မယုံဘူး မယုံဘူး၊ ရှင် ကျွန်မကို လှည့်စားမယ် မကြံနဲ့နော်၊ ရှင့်ထက် လည်လို့ ရှင့်ဇနီးလုပ်နေတာ . . . မှတ်ထား၊ ရှင့်ကို လုံးဝ မယုံတော့ဘူး"

"မယုံလည်း မတတ်နိုင်ဘူးကွာ၊ ကိုယ် မသိဘူး၊ မနက်ဖြန်မှ ဖြေရှင်းမယ်၊ တော်ပြီ အိပ်တော့မယ် . . ."

"မအိပ်ရဘူး၊ ရှင် တကယ် အိပ်ရမယ်များ မှတ်နေလား. . . ဟင်၊ တစ်ညလုံး ရှင့်ကို အမျိုးမျိုး နှိပ်စက်ပြမယ်၊ အဲဒီ နန်းဆန်ဆန်ဆီ အခု ဖုန်းဆက်၊ ကျွန်မ သူနဲ့ စကားပြောမယ်"

"ဗုဒ္ဓေါ . . ."

×××



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၉



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့

မနက်……



www.burmeseclassic.com

www.burmeseclassic.com



လေးယောက်သား ကလေးတွေ ကိုယ်စီ ကျောင်းပို့ပြီးချိန်မှာ မာယာတို့လေးယောက် ဘယ်မှမသွားကြဘဲ မာယာ့အိမ်မှာပဲ ဆုံဖို့ ချိန်းလိုက်ကြတယ်။ လေးယောက်သား ဆုံချိန်မှာ ခါတိုင်းလို ရယ်ရွှင်စရာမကောင်းဘဲ တစ်ယောက်နဲ့တစ်ယောက် မျက်လုံးချင်း မဆုံအောင် ရှောင်နေမိကြသလိုပဲ . . .။ ထူးထူးခြားခြား တိတ်ဆိတ်လို့နေတယ်။ အတော်လေးကြာမှ လေးယောက်စလုံး ပြိုင်တူနီးပါး ဖွင့်ဟဝန်ခံကြတယ်။

"သူ့ဆီမှာ တက်တူး တွေ့ကယ်လေ . . ."

ဆိုတဲ့ အတိုဆုံးနဲ့ အရိုးရှင်းဆုံး စကားပါ။ ပြီးတော့ လေးယောက်စလုံး ပြိုင်တူ ဆင်တူ ဖြစ်နေကြတာမို့ တအံ့တသြ မယုံနိုင်သလို ဆွံ့အ,သွားကြတယ်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကြီးလဲ . . . သူတို့လေးယောက်စလုံးမှာ တက်တူးတွေ ရှိနေတယ်လား"

ကိုယ့်ယောက်ျားတစ်ယောက်တည်းမှာ ရှိတာမဟုတ်ဘဲ လေးယောက်စလုံး အတူတူဆိုတော့ နည်းနည်းတော့ စိတ်သက်သာရာ ရသွားကြသလိုပဲ။

"ဟင် . . . ဒါဆို နန်းဆန်ဆန်နဲ့ ပတ်သက်ခဲ့တာ ဘယ်သူလဲ၊ သူတို့လေးယောက်စလုံးတော့ မဖြစ်နိုင်ပါဘူး၊ တစ်ခုခုတော့ မှားပြီ၊ ဒီကိစ္စ မရိုးသားဘူးနော်"

"ကျွန်မလည်း အဲဒီလိုပဲ တွေးမိတယ်၊ ဒီဇာတ်လမ်းက လိမ်ဆင်ဇယားနဲ့တူတယ်၊ ကျွန်မတို့ကို တစ်ယောက်ယောက်က ပိပိရိရိ အကွက်ချပြီး ပညာပြန်ပေးတဲ့ သဘောလား"

"အဲဒါဖြစ်ဖို့များတယ်၊ beautiful wives club ရဲ့ အောင်မြင်မှုကို နာလိုသူတွေရှိသလို မနာလိုသူတွေလည်း ရှိနိုင်တာပဲလေ၊ နန်းဆန်ဆန်ဆိုတာ ဘယ်သူမှန်း . . . ဘယ်ဝါမှန်း မသိဘဲ သူထည့်တာကို အလိုက်သင့် ယုံမိလိုက်တာကိုက ကျွန်မတို့ အငိုက်မိခဲ့တာပဲ၊ ကျွန်မက ကိုယ့်ယောက်ျားကိုယ် ယုံပြီးသား . . .၊ သူ ဒီလို ဘယ်တော့မှ



BURMESE CLASSIC .com



လုပ်မှာ မဟုတ်ပါဘူးလို့"

အဲဒီလိုပြောရင်း ညတုန်းက အဖြစ်အပျက်တွေကို တစ်ယောက်တစ်ပေါက် အပြန်အလှန် ဖောက်သည်ချမိကြတယ်။ သိပ်မကြာခင်မှာပဲ ဖုန်းတွေ အသီးသီး ဝင်လာခဲ့ကြပြီး ထူးထူးဆန်းဆန်းပဲ ယောက်ျားတွေဆီက ဖြစ်နေတယ်။ အခု ဘယ်ရောက်နေလဲ ဆိုပြီး . . . မေးကြတာပါ။ ပြီးတော့ သူတို့ လေးယောက်စလုံး ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပဲ ရောက်လာကြလေရဲ့ . . .။ မျက်နှာတွေကလည်း တစ်ခုခုတော့ ထူးတဲ့ဟန် . . .။ မနေ့ညက အရှိန်နဲ့ မာယာတို့ မိန်းမသားတွေက သူတို့ယောက်ျားတွေကို ခပ်တန်းတန်း။

"နေစမ်းပါဦး . . . ရှင်တို့က ချိန်းပြီး လာကြတာလား၊ ဘာလာလုပ်ကြတာလဲ၊ အလုပ်မသွားကြဘူးလား"

"ဟဲ ဟဲ . . . ကိုယ်တို့က ဗေရယ်လ်ဖူးလ်တွေကို လာကြည့်ကြတာပါ၊ ဆရာမကြီးတွေကို ဂိုးသွင်းလိုက်နိုင်လို့ ကိုယ်တို့လေးယောက် တော်တော် ဂုဏ်ယူနေကြတာ၊ သိလား . . .၊ မနေ့က တော်တော် ပျားတုပ်သွားကြတယ် . . . မှလား"

"မနေ့က ဘာနေ့လဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



“ဇပရယ်(လ်) တစ်ရက်နေ့လေ၊ အဲဒီနေ့အတွက် ကိုယ်တို့လေးယောက် ကြိုတင်ကြံစည်ထားရတာ”

“ဪ . . . ဒီလိုကြေးပေါ့လေ၊ နန်းဆန်ဆန်ဆိုတာ ဘယ်သူလဲ . . .”

“ဘယ်သူမှ မလဲဘူး၊ အဲဒီ idea ကို ဒါရိုက်တာကြီး ကိုနီတိက စပြီးတော့ ရတာ၊ သူ့ စိတ်ကူးအတိုင်း သူညွှန်ကြားတဲ့ အတိုင်း ကိုယ်တို့က ဖော်လိုလိုက်ရတာ”

သမ္မုက ကိုနီတိကို မျက်စောင်းချိပါတယ်။ ကိုနီတိက သူ့စတိုင်လ်အတိုင်း ပြုံးပြုံးကြီးလုပ်နေတယ်။

“ဟုတ်တယ်လေ . . . ခင်ဗျားတို့ beautiful wives တွေက facebook ပေါ်မှာ လူတိုင်းကို ဆရာကြီးလုပ်နေတာ၊ နည်းနည်း cross ဖြစ်လာတာနဲ့ ပညာကလေး ပါးပါလေး ပြန်ပေးလိုက်တာပါ၊ သူများတွေကိုကျတော့ ပညာတွေ ပေးလိုက်ရတာ၊ ကိုယ့်အလှည့်လည်းကျရော ဆွေ့ဆွေ့ကိုခုန်နေတာ . . . ဘီလူးသရဲ စီးသလိုပဲ။ သမ္မုလေးပုံစံကြီးကို ကိုယ် တိတ်တိတ်ကလေး ဗီဒီယို ရိုက်ယူထားတယ်၊ ရယ်ချင် စိတ်ကို တော်တော် ချုပ်တည်းထားရတာ၊ အဲ့ဒါပြောတာ ပေါ့ . . .၊ လူတွေက သူများကို ပညာပေးဖို့သာ လွယ်တာ၊ ကိုယ်တိုင် ဘယ်လိုမှ မကျင့်သုံးနိုင်ပါဘူး၊ ခင်ဗျားတို့ ဝန်ခံရလိမ့်မယ်၊ အိမ်ထောင်တစ်ခု သာယာပျော်ရွှင်ဖို့ဆိုတာ မိန်းမတွေ ပါးနပ်လိမ်မာရုံနဲ့ အဓိက, မကျပါဘူး၊ ယောကျ်ား တွေရဲ့ သည်းခံစောင့်ထိန်းမှု၊ အနစ်နာခံနိုင်မှု၊ နားလည် နိုင်မှု သစ္စာရှိနိုင်မှုအပေါ်မှာလည်း အဓိက ကျပါသေးတယ်၊ ပညာရှိတွေ သတိလက်လွတ် မဖြစ်အောင် ကိုယ်က ဧပရယ်လ်ဖူးလ် လုပ်ရင်း ပညာပေးလိုက်တာ။ နန်းဆန်ဆန် ဆိုတာလည်း တကယ်မရှိပါဘူး၊ ကိုယ် တမင်သက်သက် ဉာဏ်ကစားလိုက်တာပါ”

“အောင်မယ် . . . ကြည့်ပါဦး၊ လူကြီးကိုက ကဲနေလိုက်တာ၊ ဘယ်လောက်မုန်းဖို့ကောင်းထားလဲ . . . တွေ့လား၊ သူကိုက လျှို့ဝှက်ချစ်သူတွေဘာတွေ ထားချင်နေတာ၊ စိတ်ကူးတွေ ယဉ်နေသေးတာ . . . မတွေ့သေးလို့ တွေ့များတွေ့ရင်တော့လေ”

သမ္မုက မျက်ခုံးတပင့်ပင့်နဲ့ စွာတာတာကလေး ပြောတာကို ကိုနီတိက ချစ်စနိုးကြည့်ရင်း ရယ်မောနေတော့တယ်။







www.burmeseclassic.com

www.burmeseclassic.com



"မတွေ့ချင်ပါဘူး မီးလေးရယ် . . . ဘဝမှာ ဒီတစ်ယောက် ရထားတာနဲ့တင် ပြည့်စုံလို့လောက်ပါပြီ၊ နောက်ထပ် တစ်ယောက်လည်း မနိုင်တော့ပါဘူး"

"တွေ့လား . . . ဘာမနိုင်တော့ပါဘူးလဲ၊ အဲဒါက ဘာ အဓိပ္ပာယ်လဲ"

"ဩော် . . . ရှာလည်း မကျွေးနိုင်တော့ဘူး၊ နားပူ နားဆာ ဂျီကျတာလည်း မခံနိုင်တော့ဘူးလို့ ပြောတာပါ"

ပြောပြီးတော့ တဟားဟားရယ်တယ်။ သမ္ဘာက ကိုနီတိကို တဘုန်းဘုန်း ထုရိုက်နေပေမယ့် ပါးချိုင့်ကလေးတွေပေါ် အောင်တော့ ပြုံးနေလေရဲ့ . . .။

ဒီလိုပဲ မောင်ကလည်း မာယာ့ပခုံးကလေးကို ခပ်ဖွဖွ သိုင်း ဖက်လာတယ်။ မာယာလည်း ရုန်းမနေတော့ပါဘူး။ မောင့် ကို ချစ်မျက်စောင်းလဲ့လဲ့ ထိုးမိတယ်။ တကယ်တော့လည်း ကိုနီတိ ပြောတာ မမှားဘူးလေ . . .။ မောင့်ကို ကျေးဇူးတင် စရာပါ . . .။ မဒီနဲ့ အမရာတို့လည်း သူတို့ ယောကျ်ားတွေ ကိုယ်စီနဲ့ တိုးတိုးကျိတ်ကျိတ်နဲ့ ဘာတွေပြော မှန်းမသိ ပြော နေကြလေရဲ့။ မိန်းမသားတွေ အားလုံးရဲ့ မျက်နှာပေါ်မှာတော့





ကြည်လင်လင်းလက်တဲ့ အပြုံး ကိုယ်စီ နဲ့လေ။ မိန်းမသား တွေရဲ့ နှလုံးသားဟာ ခင်ပွန်းသည်တွေရဲ့ အချစ်နဲ့ စပ်ဟပ် ဖျော်ထားတဲ့ ဝိုင်ချိုချိုတစ်ခွက်နဲ့ တူပါတယ်လေ။ အချစ် အပြင်းဆ များလေလေ . . . ဝိုင်ချို ရဲ့ မူးယစ်ရီဝေနိုင်စွမ်း ပြင်းလေလေပေါ့ . . .။ ဒီမူးရီရီ ပြင်းရှရှ အရသာကိုပဲ သောက်လေ မက်မပြေ ချစ်နေကြရတာပါလေ။

စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ပါစေ . . .

မေတ္တာအားဖြင့် . . .

လွန်းထားထား (ဆေးတက္ကသိုလ်)

၂၀-၂-၂၀၁၀



www.burmeseclassic.com